စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# စိုက်ပျိုးစီးပွားသတင်းလွှာ

## (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် - ၄၃ မှ ၄၇ /၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၃ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၃) ရက်

| ၃-၁၁-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၀၄၉.၀ |
| စင်္ကာပူဒေါ်လာ | ၁၄၇၇.၄ |
| စတာလင်ပေါင် | ၂၃၆၅.၇ |
| ဂျပန်ယန်း (၁၀၀) | ၁၄၁၆.၄ |
| တရုတ်ယွမ် | ၂၈၆.၉၅ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၂ |
| အိန္ဒိယရူပီး | ၂၅.၃၂၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၇.၁၈ |
| မလေးရှား ရင်းဂစ် | ၄၄၂.၆၄ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၆၅၉ |
| ထိုင်းဘတ် | ၅၅.၂၉၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၄၅၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

- တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၆ ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် ၂၆ ကြိမ်မြောက် တရုတ်ကူမင်း သွင်းကုန်ကုန်စည်ပြပွဲကို (၁၉-၁၁-၂၂) ရက်နေ့မှ (၂၂-၁၁-၂၂) ရက်နေ့အထိ ကျင်းပမည်ဖြစ်
- တရုတ်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒဘဏ်သည် RCEP အဖွဲ့ဝင်များမှ သွင်းကုန်များအတွက် ချေးငွေပံ့ပိုးပေးမည်
- တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်လုပ်မှုတွင် ရေအရင်းအမြစ်ထိန်းသိမ်းရန် ဒုတိယဝန်ကြီးချုပ် အလေးပေးပြောဆို
- တရုတ်နိုင်ငံတွင် စည်းမျဉ်းများ အသက်ဝင်လာသည်နှင့်အမျှ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ခေတ်သစ်သို့ ရောက်ရှိလာ
- တရုတ်နိုင်ငံ၊ ရှန်ဟိုင်းတွင်ကျင်းပမည့် (၅) ကြိမ်မြောက် CIIE အတွက်ကြိုတင်ပြင်ဆင်မှုများ နောက်ဆုံးအဆင့်သို့ ရောက်ရှိ
- ဂျာမနီနိုင်ငံ၏ စီးပွားရေးအခြေအနေ
- ဥရောပဒေသနိုင်ငံများရှိ ငွေကြေးဖောင်းပွမှုနှင့် ထောက်ပံ့မှုအစီအစဉ်များ
- ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုအခြေအနေနှင့်အတိုးနှုန်းထပ်မံတိုးမြှင့်မှု
- ဆွေးနွေးပွဲတက်ရောက်ခြင်း (ဂျာမနီ)

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၆ ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် ၂၆ ကြိမ်မြောက် တရုတ်ကူမင်း သွင်းကုန် ကုန်စည်ပြပွဲကို (၁၉-၁၁-၂၂) ရက်နေ့မှ (၂၂-၁၁-၂၂) ရက်နေ့အထိ ကျင်းပမည်ဖြစ်

( ၆ )ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် ၂၆ ကြိမ်မြောက် တရုတ်ကူမင်း သွင်းကုန်-ထုတ်ကုန် ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ အွန်လိုင်းနှင့် အော့ဖ်လိုင်း လက်တွေ့နှစ်မျိုးလုံးဖြင့် ကျင်းပမည်ဖြစ်ကြောင်း (၂၈-၁၀-၂၂) ရက်နေ့က သတင်းထုတ်ပြန်ခဲ့ကြောင်း ကုန်စည်ပြပွဲ၏ ဆောင်ပုဒ်မှာ "ဖွံ့ဖြိုးတိုးတက်မှုအသစ်အတွက် အခွင့်အလမ်းသစ်များ" ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်သည် (၆) ကြိမ်မြောက် CSA ကုန်စည်ပြပွဲ၏ အဓိကနိုင်ငံအဖြစ်လည်းကောင်း လာအိုနိုင်ငံသည် ဂုဏ်ပြုဧည့်နိုင်ငံအဖြစ်လည်းကောင်း သတ်မှတ်ကြောင်း ယခုနှစ်တွင် Kunming Dianchi International Convention and Exhibition Center တွင် မဏ္ဍပ် ၁၃ ခု ဖွင့်လှစ်မည်ဖြစ်ရာ ၎င်းတို့မှာ Green Energy Pavilion ၊ Modern Plateau Agriculture Pavilion ၊ Opening-up and Cooperation Pavilion ၊ Biomedicine and General Health Pavilion ၊ Advanced Manufacturing Industry Pavilion ၊ Digital Economy Pavilion ၊ Tourism and Culture Pavilion ၊ 7th Cargo Freight Fair ၏ Thematic Exhibition Hall " ထာဝရ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ"—တရုတ် (ကူမင်း) ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာန တောင်အာရှနှင့် အရှေ့တောင်အာရှ သွင်းကုန် ကုန်စည်ပြပွဲ၊ အခမ်းအနားနှင့် ယဉ်ကျေးမှုပွဲများ/ ဂုဏ်ပြုဧည့်နိုင်ငံမဏ္ဍပ်၊ တရုတ်နိုင်ငံမဏ္ဍပ်နှင့် နိုင်ငံတကာ မဏ္ဍပ်များပါဝင်ပြီး  တစ်ချိန်တည်းမှာပင်၊ CSA Expo ဒစ်ဂျစ်တယ် ပလပ်ဖောင်းသည် cloud booth များ၊ တိုက်ရိုက်ထုတ်လွှင့်မှုများ၊ အွန်လိုင်းတွင် ညှိနှိုင်းမှုများနှင့် ကမ္ဘာတစ်ဝှမ်းရှိ ကုန်သည်များအတွက် e-signing များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း  ယခုနှစ်ကုန်စည်ပြပွဲ၏ ထူးခြားချက်များမှာ ယခုနှစ်တွင် China-Indian Ocean Region Development Cooperation Forum, RCEP International Trade and Investment Cooperation Forum, New Era Frontier Open Forum (2022), and the 2022 Domestic and foreign trade integrative innovation and development forum ၊ the 3rd China-South Asia Cooperation Forum, the 2022 GMS Economic Corridor Forum for Governors, the 15th China-South Asia Business Forum, the 8th China-South Asia Southeast Asia Think-Tank Forum, the 4th China-Southeast Asia Business Forum စသည့် ဖိုရမ်အများအပြားကို အသစ်ထပ်မံထည့်သွင်းသွားမည်ဖြစ်ကြောင်း ကုန်စည်ပြပွဲအတွက် ပြပွဲလုပ်ငန်းစဉ်နှင့် ကပ်ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးတို့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း  ဤကုန်စည်ပြပွဲကို ၂၀၁၂ ခုနှစ်တွင်  စတင်ကျင်းပခဲ့၍ ဆယ်စုနှစ် တစ်ခုရှိပြီဖြစ်ကြောင်း  လွန်ခဲ့သည့် ၁၀ နှစ်အတွင်း တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို ငါးကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီး နိုင်ငံ၊ ဒေသကြီးနှင့် နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၈၉ ခုတို့

ပါဝင်ဆင်နွှဲခဲ့ကြကြောင်း ကုန်စည်ပြပွဲတွင် ပြည်တွင်းပြည်ပ သဘောတူညီချက် ပရောဂျက်ပေါင်း ၂၇၇၀ ခုကို လက်မှတ်ရေးထိုးခဲ့ပြီး တန်ဖိုးအားဖြင့် ၃.၇ ထရီလီယံ ယွမ်ရှိခဲ့ပြီဖြစ်ကြောင်း တရုတ် -တောင်အာရှ ကုန်စည်ပြပွဲသည် နိုင်ငံတကာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှုဖလှယ်မှု များ ပေါင်းစပ်ထားသော အဆင့်မြင့် ကမ္ဘာလုံးဆိုင်ရာပြပွဲတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံနှင့် တောင်အာရှနှင့် အရှေ့တောင်အာရှနှင့် နိုင်ငံများအကြား ဘက်ပေါင်းစုံမှ သံခင်းတမန်ခင်း၊ စီးပွား ရေးပူးပေါင်းဆောင်ရွက်မှုနှင့် လူအချင်းချင်း ဖလှယ်ရေးတို့အတွက် အဓိကကျသောပလက် ဖောင်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ်– english.yunnangateway.com/html/2022/news_1028/26658.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

…………………………………………………………………………

## တရုတ်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒဘဏ်သည် RCEP အဖွဲ့ဝင်များမှ သွင်းကုန်များအတွက် ချေးငွေပံ့ပိုးပေးမည်

တရုတ်နိုင်ငံ၏ မူဝါဒဘဏ်သည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) အဖွဲ့ဝင်နိုင်ငံများမှ သွင်းကုန်များအတွက် သီးသန့်ချေးငွေ အထောက်အပံ့အတွက် တာဝန်ရှိကြောင်း ထို့ကြောင့် တင်သွင်း(မှုနှင့်ဆက်စပ်) သူများအတွက် ဘဏ္ဍာငွေလိုအပ်ချက် ကို ဖြည့်ဆည်းပေးရန်အတွက် ယွမ် ၂၀၀ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂၇.၇ ဘီလီယံခန့်) တန်ဖိုးရှိသော ချေးငွေခွဲတမ်းကို သတ်မှတ်ထားသည်ဟု တရုတ်နိုင်ငံ၏ပို့ကုန်-သွင်းကုန်ဘဏ် အရ သိရှိရကြောင်း ဤချေးငွေပံ့ပိုးမှုသည် RCEP အဖွဲ့ဝင်နိုင်ငံများမှ ဆက်စပ်တင်သွင်းမှုများကို ချဲ့ထွင်ရန် ကြိုးပမ်းရာတွင် နိုင်ငံခြားကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုကဲ့သို့သော နယ်ပယ်များ တွင် အလေးပေးပံ့ပိုးမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ် ပထမ ၁၀ လတွင် မူဝါဒဘဏ်သည် သွင်းကုန် ထောက်ပံ့ရန် စုစုပေါင်းချေးငွေ ယွမ် ၃၁၀ ဘီလီယံကျော်ကို ကမ်းထားကြောင်း မူဝါဒဘဏ်သည် လာမည့် ပဉ္စမအကြိမ်မြောက် China International Import Expo တွင် ပါဝင်သူများကဲ့သို့ သက် ဆိုင်ရာ ဖောက်သည်များအတွက် အံဝင်ခွင်ကျဖြစ်စေသော ငွေကြေးဝန်ဆောင်မှုပက်ကေ့ချ်ကို လည်း ပြသမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ် China's trade policy bank offers credit support for imports from RCEP members – News – 云桥网英文 (yunnangateway.com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

…………………………………………………………………………

Agribusiness Trade

## တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်လုပ်မှုတွင် ရေအရင်းအမြစ်ထိန်းသိမ်းရန် ဒုတိယဝန်ကြီးချုပ် အလေးပေးပြောဆို

တရုတ်နိုင်ငံ၊ ပေကျင်းတွင် (၁-၁၁-၂၂)ရက်နေ့တွင် ကျင်းပသော စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ တယ်လီကွန်ဖရင့်သို့ တရုတ်ဒုတိယဝန်ကြီးချုပ် Hu Chunhua တက်ရောက်ပြီး လာမည့်ဆောင်းရာသီနှင့် နွေဦးရာသီများအတွင်း ရေထိန်းသိမ်းမှုဆိုင်ရာ အဆောက်အအုံများ တည်ဆောက်မှုမြှင့်တင်ရန်နှင့် လယ်ယာထွက်ကုန်များ မြှင့်တင်ရန် အလေးပေးပြောကြားခဲ့ကြောင်း ဆောင်းရာသီနှင့် နွေဦးရာသီသည် လယ်ယာမြေရေ ထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းများဆောက်လုပ်ရန်အတွက် ရွှေရောင်ကာလဖြစ်ကြောင်း လယ်ယာမြေရေထိန်းသိမ်းမှု အခြေခံအဆောက်အအုံများ အားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရန်၊ နိုင်ငံတော်၏ ရေကွန်ရက်နှင့်ပတ်သက်သော အဓိကကျသော ပရောဂျက်များကို အရှိန်မြှင့်တည်ဆောက်ရန်နှင့် အမြဲတမ်းအခြေခံလယ်မြေအားလုံးကို စံမြှင့်လယ်မြေများအဖြစ် တည်ဆောက်ရန် အဓိကစီမံချက်များကို ရေးဆွဲရန် ၎င်းက တိုက်တွန်းခဲ့ကြောင်း ဆောင်းဂျုံစိုက်ဧရိယာများ တည်ငြိမ်နေရန်နှင့် ဆောင်းဆီထွက်သီးနှံ(မုံညင်းစေ့) ထုတ်လုပ်မှုကို တိုးချဲ့ရန်လိုအပ်ကြောင်း ဝက်သားနှင့် အခြားအဓိကစိုက်ပျိုးရေးထွက်ကုန်များ တည်ငြိမ်စွာထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးတို့ကို သေချာစေရန်နှင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျှော့ပါးရေးလုပ်ငန်းများကို အားကောင်းလာစေရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်သင့်သည်ဟု ဟူက မှတ်ချက်ပြုကြောင်းသိရှိရပါသည်။

ရင်းမြစ် [Chinese vice premier stresses water conservancy, agricultural production – News – 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………

## တရုတ်နိုင်ငံတွင် စည်းမျဉ်းများ အသက်ဝင်လာသည်နှင့်အမျှ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ခေတ်သစ်သို့ ရောက်ရှိလာ

တရုတ်နိုင်ငံ၏ ကိုယ်ပိုင်အလုပ်လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ရန် အဓိကစည်းမျဉ်းတစ်ရပ်ကို (၁-၁၁-၂၂) ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ကြောင်း အစိုးရတာဝန်ရှိသူများနှင့် လုပ်ငန်းကျွမ်းကျင်သူများက ယင်းကြောင့် ကိုဗစ်-၁၉ ကာလအတွင်း တစ်ဦးချင်းစီးပွားရေးများ၏ မျှော်လင့်ချက်များကို တည်ငြိမ်စေပြီး ရေရှည်တွင် စစ်မှန်သောစီးပွားရေးကို

တွန်းအားပေးမည်ဟု ပြောကြားခဲ့ကြောင်း စည်းမျဉ်းသည် အခွန်ကောက်ခံမှု၊ ဘဏ္ဍာရေး၊ အလုပ်အကိုင်၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဉာဏပစ္စည်းဆိုင်ရာ အကာအကွယ်ပေးရေးအပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက် ပိုမိုကြီးမားသော အထောက်အပံ့မူဝါဒများကို ကတိပြုထားကြောင်း ဥပမာအားဖြင့် ဒေသန္တရအစိုးရများသည် လုပ်ငန်းပရဝုဏ်-အဆောက်အအုံပံ့ပိုးမှုများ တိုးမြှင့်ပေးသင့်ပြီး လျှပ်စစ်နှင့် ငှားရမ်းခများကဲ့သို့သော ကုန်ကျစရိတ်များကို လျှော့ချသင့်သည်ဟု ပြဋ္ဌာန်းထားကြောင်း "စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်ရရှိမှု၊ ဝင်ငွေတိုးရေးနှင့် ပြည်သူများ၏ဘဝ အဆင်ပြေချောမွေ့စေရေးတို့တွင် အစားထိုး၍မရသော အခန်းကဏ္ဍမှပါဝင်သည့် လူတစ်ဦးချင်း သို့မဟုတ် မိသားစုလုပ်ငန်း အသေးစားစီးပွားရေးလုပ်ငန်းများသို့ လက်တွေ့ကျသော တွန်းအားများရရှိရေး ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း" ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ဒုတိယအကြီးအကဲ Pu Chun က ပြောကြားခဲ့သည်။

"ထူးခြားသည်မှာ မကြာသေးမီနှစ်များအတွင်း တိုက်ရိုက်ထုတ်လွှင့်ခြင်း၊ အသေးစား e-commerce နှင့် မီဒီယာအသစ်များကဲ့သို့သော ထွန်းသစ်စကဏ္ဍများမှ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများ မြင့်တက်လာသည်ကို မြင်တွေ့ခဲ့ရကြောင်း ၎င်းတို့သည် နိုင်ငံ၏ စုစုပေါင်းကိုယ်ပိုင်အလုပ်လုပ်ကိုင်သည့် အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းနီးပါးရှိပြီး ဈေးကွက်ထဲသို့ တက်ကြွမှုအသစ်များကို ပေးလျက်ရှိကြောင်း စက်တင်ဘာလကုန်အထိ တစ်နိုင်ငံလုံးတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းပေါင်း ၁၁၁ သန်းကျော် မှတ်ပုံတင်ထားပြီး နိုင်ငံ၏ စုစုပေါင်းဈေးကွက်ကစားသူဦးရေ၏ သုံးပုံနှစ်ပုံခန့်ရှိကြောင်း ၎င်းတို့အနက်မှ ၉၀ ရာခိုင်နှုန်းအထိသည် လက်လီရောင်းချခြင်း၊ နေရာထိုင်ခင်းနှင့် အစားအသောက်နှင့် နေထိုင်မှု ဝန်ဆောင်မှုများ အပါအဝင် အဆင့်မြင့်ကဏ္ဍတွင် ပါဝင်ခဲ့ကြကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဒုတိယဝန်ကြီးဟောင်းနှင့် နိုင်ငံတကာစီးပွားရေး ဖလှယ်ရေးဗဟိုဌာန၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Wei Jianguo က စည်းမျဉ်းတွင် ပါဝင်သော အစီအမံများသည် အချိန်ခါသင့်ဖြစ်ပြီး သေချာစွာသတ်မှတ်ထားခြင်းဖြစ်ကြောင်း "၎င်းသည် ယုံကြည်မှုကို ကောင်းစွာမြှင့်တင်ပေးပြီး ဈေးကွက် မျှော်လင့်ချက်များကို တည်ငြိမ်စေကြောင်း အထူးသဖြင့် ၎င်းတို့ အများစုသည် လည်ပတ်စရိတ်၊ စုဆောင်းခြင်းနှင့် ချေးငွေရယူခြင်းအတွက် အခက်အခဲများ နှင့်ရင်ဆိုင်ရသည့်အခါတွင်ဖြစ်ကြောင်း ဟု Wei က ပြောကြားခဲ့သည်။

China Daily၏ စီမံအုပ်ချုပ်မှုမှ ဆောင်ရွက်သော စစ်တမ်းတစ်ခုအရ ယခုနှစ် အစပိုင်းမှစတင်၍ အိမ်ထောင်စု၈၀ ရာခိုင်နှုန်းနီးပါးသည် အခြေခံလူနေမှု အဆင့်အတန်းကို ပံ့ပိုးပေးနိုင်ရုံသာရှိသော လစဉ်ပျမ်းမျှဝင်ငွေ ယွမ် ၁၀,၀၀၀ (အမေရိကန် ဒေါ်လာ ၁၃၈၉) ထက်နည်းပါးသော ဝင်ငွေကိုသာ ရရှိခဲ့ကြောင်း “ယခင်ပံ့ပိုး ကူညီမှုမူဝါဒများနှင့် နှိုင်းယှဉ်ပါက စည်းမျဉ်းသစ်တွင်

Agribusiness & Trade

မူဝါဒများ ချမှတ်ရာတွင် အများအားဖြင့် သေးငယ်ပြီး အကန့်အသတ်ရှိသော လုပ်ငန်းများ၏ လုပ်ငန်းကဏ္ဍများတွင် သက်ဆိုင်ရာအာဏာပိုင်များ၏ ခွဲခြားဆက်ဆံ ခံရနိုင်ချေရှိ၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို ခွဲခြားဆက်ဆံခြင်းမပြုရန် စည်းမျဉ်းရေးဆွဲသူများက အလေးပေးကြကြောင်း ဖေါ်ပြထားပါသည်။

လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း၊ အစိုးရသည် ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် အိမ်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မူဝါဒများချမှတ်ခဲ့ကြောင်း "ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို ပိုမိုပံ့ပိုးနိုင်စေရန် ပေါင်းစပ်အခွန်ပေးဆောင်ရေးမူဝါဒကို ယခုနှစ်အတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အထူးသဖြင့် ၎င်းတို့သည် အခြားလုပ်ငန်းများကဲ့သို့ ကြီးမားသော VAT ပြန်အမ်းငွေမူဝါဒများကို ခံစားနိုင်မည်" ဖြစ်ကြောင်း အဆိုပါလုပ်ငန်းအုပ်စုအတွက် ၂၀၂၀ ခုနှစ်မှ ယခုနှစ် ၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်အထိ ယွမ်ငွေ ၁ ထရီလီယံတန်ဖိုးရှိ အခွန်နှင့် အခကြေးငွေများကို လျှော့ချလိုက်ကြောင်းဟု နိုင်ငံတော်အခွန်ရုံးမှ တာဝန်ရှိသူ Dai Shiyou ထံမှသိရှိရပါသည်။

ရင်းမြစ် [Self-employed businesses enter new era as regulation takes effect - News - 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

.............................................................................

## တရုတ်နိုင်ငံ၊ ရှန်ဟိုင်းတွင်ကျင်းပမည့် (၅) ကြိမ်မြောက် CIIE အတွက် ကြိုတင်ပြင်ဆင်မှုများ နောက်ဆုံးအဆင့်သို့ ရောက်ရှိ

တရုတ်နိုင်ငံ၊ ရှန်ဟိုင်းတွင် ပဥ္စမအကြိမ်မြောက် CIIE ကို (၅-၁၁-၂၂)မှ (၁၀-၁၁-၂၂) ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၄၅ နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ (CIIE) တွင် လာရောက် ပါဝင်မည်ဖြစ်ကြောင်း ပွဲစီစဉ်သူက (၁-၁၁-၂၂) ရက်နေ့တွင် ပြောကြားကြောင်း သိရှိရပါသည်။

ရင်းမြစ် [Preparations for 5th CIIE enter final stage - News - 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

Agribusiness & Trade

## ဂျာမနီနိုင်ငံ၏ စီးပွားရေးအခြေအနေ

ဂျာမနီနိုင်ငံ၏ ဂျီဒီပီသည် ၂၀၂၂ ခုနှစ် တတိယသုံးလတာကာလ (ဇူလိုင်-စက်တင်ဘာ) တွင် ဒုတိယသုံးလပတ်ထက် (၀.၃) ရာခိုင်နှုန်းအားဖြင့် တိုးတက်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ် ကာလတူထက် (၁.၁) ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပါသည်။ ဂျီဒီပီတိုးတက်မှုသည် အဓိကအားဖြင့် **private consumption expenditure** ပိုင်းတွင် တိုးတက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် **Supply side** အခက်အခဲ၊ ဈေးနှုန်းများမြင့်တက်နေမှုနှင့် စီးပွားရေးအကျပ်အတည်းကာလအတွင်း စီမံဆောင်ရွက်မှုများဖြင့် ထိန်းကျောင်းဆောင်ရွက်ထားနိုင်ကြောင်း **Federal Statistical Office (Destatis)** က စာရင်းထုတ်ပြန်ထားပါသည်။ ကုန်ပစ္စည်းဈေးနှုန်းများ ဆက်လက်မြင့်တက်လျှက်ရှိပြီး ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် (၁၀) ရာခိုင်နှုန်းမှ အောက်တိုဘာလတွင် (၁၀.၄) ရာခိုင်နှုန်းသို့ ရောက်ရှိရန် ခန့်မှန်းထားရှိပြီး ယခင်နှစ် ကာလတူထက်လည်း (၁၀.၄) ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း သိရှိရပါသည်။

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ်ဇွန်လအတွင်းက **Minimum Wage Act (MiLoG)** ကို ထပ်မံဖြည့်စွက် ပြင်ဆင်ခြင်းပြုလုပ်ခဲ့မှုအရ လူတစ်ဦး ပျမ်းမျှအနည်းဆုံးလုပ်ခလစာကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ ၁ နာရီလျှင် (၁၂) ယူရို ရရှိရန် သတ်မှတ်ထားပါသည်။

Source:https://www.destatis.de/EN/Press/2022/10/PE22_458_611.html;jsessionid=5FE3F26DD03E998B412011603EE2E289.live732https://www.destatis.de/EN/Press/2022/10/PE22_457_811.html;jsessionid=5FE3F26DD03E998B412011603EE2E289.live732

https://www.zoll.de/SharedDocs/Fachmeldungen/

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.................................................................................

## ဥရောပဒေသနိုင်ငံများရှိ ငွေကြေးဖောင်းပွမှုနှင့် ထောက်ပံ့မှုအစီအစဉ်များ

ဥရောပဒေသတွင် ငွေကြေးဖောင်းပွမှုနှင့် လူနေမှုစရိတ်များ မြင့်တက်လာမှုများကြောင့် သက်ဆိုင်ရာနိုင်ငံအစိုးရများသည် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကိုချမှတ်နေကြပါသည်။ ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုမှာ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် (၉.၁)ရာခိုင်နှုန်းမှ စက်တင်ဘာလတွင် (၉.၉)ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး

စွမ်းအင်ဈေးနှုန်းမြင့်တက်မှုမှာအဓိကဖြစ်ပြီး အခြားစားသောက်ကုန်၊ အိမ်ယာငှားရမ်းမှုနှင့် ဝန်ဆောင်မှုစရိတ်များလည်း ဆက်လက်မြင့်တက်လာမှုများကြောင့် ဖြစ်ပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ အမျိုးသားစွမ်းအင်မူဝါဒများအတွက် များစွာတာဝန်ရှိသူများဖြစ်ကြပြီး အီးယူစည်းမျဉ်းများအရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စားသုံးသူပြည်သူများအား စရိတ်များမြင့်တက်လာမှုမှ ကာမိနိုင်စေရန်အတွက် အရေးပေါ်အစီအမံများ (emergency measures) စီစဉ်ပံ့ပိုးပေးရန် ခွင့်ပြုထားရှိခြင်းကြောင့် နိုင်ငံများအလိုက် ထောက်ပံ့မှုအစီအစဉ်များကို ပြုလုပ်လျှက်ရှိကြပါသည်။

ဂျာမနီနိုင်ငံတွင် လာမည့်ဒီဇင်ဘာလအတွက် အိမ်ထောင်စုများနှင့် အသေးစားအလတ်စားလုပ်ငန်းများ၏ ဓါတ်ငွေ့သုံးစွဲမှုကျသင့်စရိတ်များပေါ် ပံ့ပိုးမှုအစီအစဉ်များပြုလုပ်ပေးသွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်မတ်လမှစတင်၍ (၁၄)လအတွင်း ဓါတ်ငွေ့သုံးစွဲကျသင့်ငွေ၏ ပထမ(၈၀) ရာခိုင်နှုန်းပေါ်တွင် တစ်ကီလိုဝပ်နာရီလျှင် ယူရို(၀.၁၂)ဖြင့် ပေးဆောင်ရန်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းကြီးများအနေဖြင့် ၂၀၂၃ ခုနှစ်ဇန်နဝါရီလမှစတင်၍ (၁၆)လအတွင်း ဓါတ်ငွေ့သုံးစွဲကျသင့်ငွေ၏ ပထမ(၇၀) ရာခိုင်နှုန်းပေါ်တွင် တစ်ကီလိုဝပ်နာရီလျှင် ယူရို(၀.၀၆၈)ဖြင့် ပေးဆောင်ရန်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ၂၀၂၄ ခုနှစ် မတ်လအထိ ဓါတ်ငွေ့သုံးစွဲမှုအတွက် value-added tax အပေါ် မူလ(၁၉) ရာခိုင်နှုန်းမှ (၇) ရာခိုင်နှုန်းသို့ လျှော့ချပေးထားပြီးဖြစ်ပါသည်။ ထို့ပြင် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ဂျာမန်လွှတ်တော်က စွမ်းအင်ဆိုင်ရာထောက်ပံ့မှု အစီအစဉ်များအတွက် ယူရို(၂၀၀) ဘီလီယံကို အတည်ပြုခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။ အခြားထောက်ပံ့မှုအစီအစဉ်များအနေဖြင့် ပုံမှန်အခွန်ပေးဆောင်နေသော လခစားဝန်ထမ်းများအတွက် တစ်ဦးလျှင် ယူရို(၃၀၀) နှုန်းဖြင့်လည်းကောင်း၊ မိသားစုများရှိ ကလေးငယ်များအတွက် တစ်ဦးလျှင် ယူရို(၁၀၀) နှုန်းဖြင့်လည်းကောင်း၊ အကျိုးခံစားခွင့်ရှိသည့်မိသားစုများအတွက် တစ်ဦးလျှင် ယူရို (၂၀၀) နှုန်းဖြင့်လည်းကောင်း တစ်ကြိမ်စီ (one-off payment) ထောက်ပံ့မှုများ ပြုလုပ်ပေးထားပါသည်။

အီတလီနိုင်ငံတွင် စက်တင်ဘာလ၌ လုပ်ငန်းများနှင့် အိမ်ထောင်စုများအတွက် မြင့်တက်လာသော လူနေမှုစရိတ်များမှ ကာမိစေရန် ယူရို(၁၄)ဘီလီယံကို ထောက်ပံ့ပေးခဲ့ပြီး လုပ်သားဦးရေ (၂၂) သန်းနှင့် တစ်နှစ်ဝင်ငွေ ယူရို(၂၀၀၀၀)အောက်ရရှိသော အငြိမ်းစားပင်စင်ယူပြီးသူများအတွက် ယူရို(၁၅၀) စီကိုလည်း တစ်ကြိမ်ထောက်ပံ့ရန်စီစဉ်ထားရှိပါသည်။ ထို့အတူ စွမ်းအင်ဈေးနှုန်းမြင့်တက်မှုမှ အကျိုးအမြတ်ရရှိသည့် အခွန်ကောက်ခံသည့် ကုမ္ပဏီများအနေဖြင့် ထောက်ပံ့မှုအစီအစဉ်တွင် ပါဝင်ကူညီဆောင်ရွက်ရန် ကြေငြာချက်ထုတ်ပြန်ထားပါသည်။ စပိန်နိုင်ငံတွင်လည်း အခွန်ကောက်ခံသည့်ကုမ္ပဏီများသို့ အလားတူအစီအစဉ်မျိုး စည်းကြပ်ဆောင်

ရှက်လျှက် ရှိပါသည်။ စွမ်းအင်သုံးစွဲမှုဘီလ်များပေါ် ကောက်ခံသည့် value-added tax (VAT)ကို မူလ(၂၁) ရာခိုင်နှုန်းမှ (၁၀) နှုန်းသို့လည်းကောင်း၊ လျှပ်စစ်ဓါတ်အား သုံးစွဲမှုအတွက် အခွန်ကောက်ခံမှုကို မူလ(၇) ရာခိုင်နှုန်းမှ (၀.၅)နှုန်းသို့ လည်းကောင်း လျှော့ချပေးခဲ့ပါသည်။ တစ်နှစ်တာကာလ ဓါတ်ငွေ့သုံးစွဲခအတွက် ဥရောပကော်မရှင်၏ သဘောတူခွင့်ပြုချက်ဖြင့် ပျမ်းမျှသုံးစွဲသည့် တစ်မီဂါဝပ်နာရီလျှင် ယူရို(၅၀) အောက် လျှော့နည်းသတ်မှတ်ထားရှိပြီး တစ်နှစ်ဝင်ငွေ ယူရို(၁၄၀၀၀)ထက် လျော့နည်းရရှိသူများအတွက်လည်း တစ်ကြိမ်ထောက်ပံ့ငွေအဖြစ် ယူရို(၂၀၀) စီ သတ်မှတ်ထားရှိပါသည်။

နယ်သာလန်နိုင်ငံတွင် အိမ်ထောင်စုများအားလုံးအတွက် နိုဝင်ဘာလ(၁) ရက်နေ့မှစတင်၍ လျှပ်စစ်နှင့် ဓါတ်ငွေ့ဈေးနှုန်းများ သတ်မှတ်ပေးမည်ဖြစ်ပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွက် ကျသင့်သည့်ဘီလ်များအပေါ် ယူရို(၁၉၀) စီ လျှော့ပေါ့ပေးမည်ဖြစ်သည်။ ထို့ပြင်အစိုးရအနေဖြင့် ဝင်ငွေနည်းပါးသော အိမ်ထောင်စုများအတွက် ယူရို(၁၃၀၀) စီ တစ်ကြိမ်ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ စွမ်းအင်သုံးစွဲမှုအပေါ် value-added tax (VAT) ကိုလည်း မူလ(၂၁)ရာခိုင်နှုန်းမှ (၇)ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ် ပေးထားပြီးဖြစ်ပါသည်။

ပိုလန်နိုင်ငံတွင် စွမ်းအင်၊ ဓါတ်ဆီနှင့် အခြေခံစားကုန်များအပေါ် အခွန်ကောက်ခံမှုများ လျှော့ချပေးခဲ့ပြီး အိမ်ထောင်စုများနှင့် ကျောင်း၊ ဆေးရုံစသည့် အဖွဲ့အစည်းများအတွက် သတ်မှတ်ဓါတ်ငွေ့ဈေးနှုန်းများအတိုင်း ကောက်ခံခြင်းကို ၂၀၂၇ ခုနှစ်အထိ တိုးမြှင့်ပေးခဲ့ပါသည်။ ပိုလန်နိုင်ငံအစိုးရက ပြီးခဲ့သည့် ဇူလိုင်လအတွင်းက အိမ်ထောင်စုတစ်ခုလျှင် zlotys (၃၀၀၀) (ညီမျှ ၆၃၃ ယူရို)ကို ထောက်ပံ့ပေးရန် သဘောတူဆုံးဖြတ်ခဲ့ပြီး ဝန်ကြီးချုပ် Mateusz Morawiecki က ထောက်ပံ့မှု စုစုပေါင်း zlotys (၅၀)ဘီလီယံ(ယူရို ၁၀.၅ဘီလီယံ) ခန့်ရှိကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် လာမည့်နှစ်အတွက် လျှပ်စစ်နှင့်ဓါတ်ငွေ့ဈေးနှုန်း သတ်မှတ်မှုများကို ယခုနှစ်သတ်မှတ်နှုန်းများအတိုင်း ဆက်လက်ထားရှိမည်ဖြစ်ပြီး အိမ်ထောင်စုများအတွက် ၁ နာရီလျှင် (၂၀၀၀) ကီလိုဝပ်နှုန်းသုံးစွဲရန် ကန့်သတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဥရောပနိုင်ငံတစ်ခုဖြစ်သည့် ယူကေနိုင်ငံတွင်လည်း အိမ်ထောင်စုများ၏ စွမ်းအင်သုံးစွဲမှုဘီလ်များအတွက် အောက်တိုဘာလမှ လာမည့်နှစ် မတ်လအထိ ပေါင်စတာလင် (၄၀၀) ကို (၆) ကြိမ် အရစ်ကျစနစ်ဖြင့် ထောက်ပံ့သွားရန် စီစဉ်ထားရှိပါသည်။ ထို့ပြင် အငြိမ်းစားပင်စင်ခံစားနေသူများအတွက် လူနေမှုစရိတ်မြင့်မားမှုများကာမိစေရန် လာမည့်ဆောင်းရာသီကာလတွင် အပိုထပ်ဆောင်း ကြေးအနေဖြင့် ပေါင်စတာလင်(၃၀၀) ကိုလည်းကောင်း၊ မသန်မစွမ်းသူများအတွက် ပေါင်စတာလင် (၁၅၀)ကို လည်းကောင်း ထောက်ပံ့ရန်စီစဉ်ထားရှိပါသည်။ ဈေးဆိုင်များစားသောက်ဆိုင်များအနေဖြင့် ပထမ (၆) လ နောက်ပိုင်းတွင် စွမ်းအင်သုံးစွဲမှုဘီလ်များအတွက်

ဘဏ္ဍာငွေထောက်ပံ့မှုရရှိရန် စီစဉ်ပေးထားပါသည်။ ယခင်ဝန်ကြီးချုပ် Ms.LizTruss လက်ထက်တွင် အိမ်ထောင်စုများအားနောက်ထပ်(၂) နှစ်အတွင်း လျှပ်စစ်ဓါတ်အား သုံးစွဲမှုအတွက် ပျမ်းမျှတစ်နှစ်လျှင် ပေါင်စတာလင် (၂၅၀၀) ထက် ပိုမိုကျခံခြင်း မရှိစေရန် သတ်မှတ်ထားရှိသော်လည်း လက်ရှိအစိုးရသစ် Mr.Rishi Sunak လက်ထက်တွင် First Chancellor ဖြစ်သူ Mr.Jeremy Hunt က အဆိုပါအစီအစဉ်ကို ၂၀၂၃ ခုနှစ် ဧပြီလအထိသာ ကန့်သတ် ခွင့်ပြုထားရှိပါသည်။

Source:https://www.euronews.com/next/2022/10/26/energy-bills-are-soaring-in-europe-what-are-countries-doing-to-help-you-pay-them

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

………………………………………………………………

## ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုအခြေအနေနှင့် အတိုးနှုန်းထပ်မံတိုးမြှင့်မှု

ယူရိုဇုန်ဒေသ၏ ငွေကြေးဖောင်းပွမှုသည် ဆက်လက်မြင့်တက်လျှက်ရှိပြီး နောက်ဆုံးခန့်မှန်းထားမှုအရ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်းမှာ (၉.၉) ရာခိုင်နှုန်းရောက်ရှိရန် ခန့်မှန်းထားရှိပြီး ယခင်နှစ် ငွေကြေးဖောင်းပွမှုနှုန်းမှာ (၃.၄) ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။ **Eurostat** အဖွဲ့အစည်း၏ ခန့်မှန်းမှုအရ ယူရိုဇုန်ဒေသတွင် အောက်တိုဘာလတွင် ငွေကြေးဖောင်းပွမှုနှုန်း (၁၀.၇) ရာခိုင်နှုန်းသို့ရောက်ရှိရန် ခန့်မှန်းထားပြီး နှစ်ပေါင်း(၄၀) အတွင်းအမြင့်ဆုံးသို့ရောက်ရှိခဲ့ပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံအချို့၏ အောက်တိုဘာလငွေကြေးဖောင်းပွမှုအခြေအနေမှာ ဘယ်လ်ဂျီယံနိုင်ငံတွင် (၁၃.၁)ရာခိုင်နှုန်း၊ လစ်သူယေးနီးယားနိုင်ငံတွင် (၂၂)ရာခိုင်နှုန်း၊ လပ်ဗီးယားနိုင်ငံတွင် (၂၁.၈) ရာခိုင်နှုန်းနှင့် အက်စ်တိုးနီးယားနိုင်ငံတွင် (၂၂.၄) ရာခိုင်နှုန်း အသီးသီးဖြစ်ကြပါသည်။

ကဏ္ဍတစ်ခုခြင်းလေ့လာမှုအရ စွမ်းအင်ကဏ္ဍငွေကြေးဖောင်းပွမှုနှုန်းမှာ ဩဂုတ်လနှင့် စက်တင်ဘာလတွင် (၃၈.၆) ရာခိုင်နှုန်းနှင့် (၄၀.၇) ရာခိုင်နှုန်း အသီးသီးရှိခဲ့ရာမှ အောက်တိုဘာလတွင်(၄၁.၉)ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့ကြောင်း သိရှိရပါသည်။ စွမ်းအင်နှင့် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းကို လေ့လာဆန်းစစ်ကြည့်လျှင် ဥရောပဒေသ သဘာဝဓါတ်ငွေ့တင်သွင်းမှု၏ (၄၀) ရာခိုင်နှုန်းသည် ရုရှားနိုင်ငံမှဖြစ်ပြီး ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ရုရှားနိုင်ငံမှ ဓါတ်ငွေ့တင်သွင်းမှုလျော့ချခဲ့ရာမှ စွမ်းအင်ဈေးနှုန်းများ များစွာမြင့်တက်လာခဲ့ပါသည်။ ထို့ပြင် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာ့ဂျုံနှင့် မုယောစပါးထုတ်လုပ်မှု၏ သုံးပုံတစ်ပုံကိုလည်းကောင်း၊ ကမ္ဘာ့နေကြာဆီ ထုတ်လုပ်မှု၏ သုံးပုံနှစ်ပုံကိုလည်းကောင်း

ထုတ်လုပ်နေကြပြီး ယူကရိန်းနိုင်ငံသည် ကမ္ဘာတွင် စတုတ္ထအကြီးဆုံး ပြောင်းတင်ပို့နေသည့် နိုင်ငံလည်း ဖြစ်ပါသည်။

**European Central Bank (ECB)** က ယူရိုဇုန်ဒေသငွေကြေးဖောင်းပွမှုကို ကုစားနိုင်ရန် အတွက် ၂၇.၁၀.၂၀၂၂ ရက်နေ့တွင် အတိုးနှုန်းကို (၀.၇၅)အမှတ် ထပ်မံတိုးမြှင့်လိုက်ရာ စက်တင် ဘာလတွင် တိုးမြှင့်ခဲ့သည့် အပ်ငွေအတိုးနှုန်း (၀.၇၅)ရာခိုင်နှုန်းမှာ (၁.၅) ရာခိုင်နှုန်းနှင့် ချေးငွေ ပေါ်အတိုးနှုန်းမှာ ယခင် (၁.၂၅)ရာခိုင်နှုန်းမှ (၂) ရာခိုင်နှုန်းသို့ တိုးမြှင့်ရောက်ရှိလာပါသည်။ **ECB** သည် ဇူလိုင်လနှင့် စက်တင်ဘာလတို့တွင် အတိုးနှုန်းများတိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ယခုအကြိမ် သည် တတိယအကြိမ် တိုးမြှင့်ခြင်းဖြစ်ပြီး ဆယ်စုနှစ်ကျော်ကာလအတွင်း အမြင့်ဆုံးအတိုးနှုန်း ဖြစ်ပါသည်။ အတိုးနှုန်းမြင့်တက်မှုကြောင့် အပေါင်စာချုပ်များ၊ ချေးငွေနှင့် ခရက်ဒစ်ကတ်များ ပိုမို ဈေးနှုန်းကြီးမြင့်လာနိုင်ပြီး အစိုးရများအနေဖြင့် အမျိုးသားကြွေးမြီအတွက် ပိုမိုပေးချေရခြင်းများ ရှိလာနိုင်မည် ဖြစ်ပါသည်။ တိုးမြှင့်လိုက်သော အတိုးနှုန်းသည် ယူရိုငွေကြေးသုံးစွဲသော အီးယူ အဖွဲ့ဝင်(၁၉)နိုင်ငံအတွက် နိုဝင်ဘာလ(၂)ရက်နေ့မှ စတင်သက်ဝင်မှု ရှိမည်ဖြစ်ပါသည်။ **ECB** အနေဖြင့် အခြားနိုင်ငံများရှိ ဗဟိုဘဏ်များနည်းတူ မြင့်တက်လာနေသောဈေးနှုန်းကို လျှော့ကျ လာစေရန်အတွက် အတိုးနှုန်းများမြှင့်တင်၍ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများက ပိုမိုဝယ် ယူသုံးစွဲလာကြစေရန် ဆောင်ရွက်လျက်ရှိပြီး ငွေကြေးဖောင်းပွမှုအခြေအနေပေါ်မူတည်၍ အတိုး နှုန်းများ ဆက်လက်တိုးမြှင့်နိုင်ဘွယ်ရှိကြောင်းလည်း ခန့်မှန်းထားရှိပါသည်။

ECB ဥက္ကဋ္ဌ Ms.Christine Lagarde က ယူရိုဇုန်ဒေသ၏ တတိယသုံးလပတ်စီးပွားရေး အခြေအနေမှာ သိသာစွာနှေးကွေးလာနေပြီး လာမည့်နှစ်အစပိုင်းတွင်လည်းဆက်လက်အားနည်း နေနိုင်ချေရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အမှာစာအသစ်များရရှိမှုမှာလည်း ကျ ဆင်းလာနေကြောင်း ပြောကြားခဲ့ပါသည်။ ယူရိုဇုန်ဒေသ၏ ပျမ်းမျှကြွေးမြီအခြေအနေသည် ၂၀၂၂ ခုနှစ် ဒုတိယသုံးလပတ်အကုန်တွင် ဂျီဒီပီ၏ (၉၄.၂) ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း သိရှိ ရပါသည်။

Source:https://www.euronews.com/next/2022/10/19/record-inflation-which-country-in-europe-has-been-worst-hit-and-how-do-they-compare

https://www.euronews.com/my-europe/2022/10/27/ecb-announces-new-super-hike-of-interest-rates-to-tame-inflation-as-recession-draws-nearer

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

Agribusiness & Trade

## ဆွေးနွေးပွဲတက်ရောက်ခြင်း (ဂျာမနီ)

German Export Association for Food and Agriproducts (GEFA) က ဦးဆောင်ကျင်းပသော (၈)ကြိမ်မြောက် GEFA Diplomats' Salon 2022 ဆွေးနွေးပွဲကို ၁.၁၁.၂၀၂၂ ရက်နေ့ ညနေပိုင်းတွင် ဘာလင်မြို့ Zollpackhof Restaurant ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးသံမှူး တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲသည် လက်ရှိကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပြောင်းအလဲများ ဖြစ်ပေါ်နေချိန်တွင် နိုင်ငံတကာကုန်သွယ်မှု၌ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့၊ တင်သွင်းမှုများအတွက် မူဝါဒပိုင်း၊ လက်ရှိအခက်အခဲနှင့် စိန်ခေါ်မှုများ၊ ဖြေရှင်းဆောင်ရွက်သင့်သည့်အချက်များ စသည်တို့အတွက် ဘာလင်မြို့ရှိ သက်ဆိုင်ရာသံရုံးများမှ ကိုယ်စားလှယ်များ၊ ဖက်ဒရယ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ GEFA မှ တာဝန်ရှိသူများ၊ ဂျာမန်စိုက်ပျိုး ရေးနှင့်မွေးမြူရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တွေ့ဆုံ၍ Networking ပုံစံ ဆွေးနွေးဖလှယ်ကြရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး စုစုပေါင်း (၅၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် GEFA မှ Spokesperson ဖြစ်သူ Mr.Hartmut Kretschmerက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး GEFA အနေဖြင့် စိုက်ပျိုးရေးနှင့်စားသောက်ကုန် ပို့ကုန်လုပ်ငန်းတွင် ဦးဆောင်နေသော အဖွဲ့အစည်းဖြစ်ပြီး ပို့ကုန်လုပ်ငန်းရှင်ပေါင်း(၁၈၀၀)ခန့်ရှိကြောင်း၊ ဂျာမနီနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကုန်သွယ်မှုအခြေအနေနှင့် လက်ရှိအခြေအနေတွင် စိုက်ပျိုးရေးထွက်ကုန်နှင့် စားသောက်ကုန်များ ထုတ်လုပ်တင်ပို့မှုပိုင်းတွင် စိန်ခေါ်မှုများကြုံတွေ့နေရကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်တင်သွင်းမှုက တင်ပို့မှုထက် ပိုမိုမြင့်တက်လာနေကြောင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတွေ့ဆုံ၍ ဆွေးနွေးဖလှယ်မှုများ၊ တိုးတက်ဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဦးဆောင်နေသောနိုင်ငံများတွင်ပါဝင်သည့် နယ်သာလန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားပါသည်။

ဆက်လက်၍ Future orientation of agricultural exports from the perspective of one of the leading agricultural export nation ခေါင်းစဉ်ဖြင့် နယ်သာလန်နိုင်ငံသံရုံးနှင့် ဘရာဇီးနိုင်ငံသံရုံးတို့မှ စိုက်ပျိုးရေးဆိုင်ရာသံမှူးများဖြစ်သူ Mr.Jack Veraနှင့် Mr.Eduardo Frighetto တို့က Presentation အသီးသီးပြုလုပ်ရှင်းလင်းတင်ပြကြပါသည်။ နယ်သာလန်နိုင်ငံသံရုံးက ဆွေးနွေးတင်ပြရာတွင် နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များကုန်သွယ်မှုသည်

အီးယူနိုင်ငံများအနက် ဂျာမနီနိုင်ငံနှင့်အများဆုံးကုန်သွယ်မှုပြုကြောင်း၊ နယ်သာလန်သည် အခြားအီးယူပြင်ပနိုင်ငံများမှ တင်သွင်းမှုများပြားပြီး အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ပြန်လည်တင်ပို့ ဖြန့်ဖြူးပေးသည့် အဓိကနိုင်ငံတစ်ခု လည်းဖြစ်ကြောင်း၊ နိုင်ငံပေါင်း(၁၂၀)ကျော်မှ တင်သွင်းမှု ပြုပြီး နိုင်ငံပေါင်း(၁၅၀) ကျော်သို့ တင်ပို့မှုရှိကြောင်း၊ အီးယူဒေသသည် အဓိကအရေးပါပြီး ပို့ကုန်၏ ၈၀ ရာခိုင်နှုန်းသည် အီးယူနိုင်ငံများသို့ဖြစ်ကြောင်း၊ လက်ရှိတွင် ကုန်ပစ္စည်းဈေးနှုန်းကျဆင်းရန်ထက် ပြန်လည်အသုံးပြုနိုင်သည့် နည်းလမ်းများ တိုးတက်ဆောင်ရွက်ပြီး ကုန်ကြမ်းပစ္စည်း အသုံးပြုမှုကို လျော့ကျအောင် ဆောင်ရွက်သင့်ကြောင်း ရှင်းလင်းပြီး ဆက်လက်၍ နယ်သာလန်နိုင်ငံရှိ စိုက်ပျိုးရေးကဏ္ဍ ရေရှည်စီမံဆောင်ရွက်မှုအစီအစဉ်များ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုများနှင့် နည်းပညာပိုင်းတိုးတက်ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြပါသည်။

ဘရာဇီးနိုင်ငံသံရုံးက ဆွေးနွေးတင်ပြရာတွင် လက်ရှိစိုက်ပျိုးရေးကဏ္ဍအခြေအနေနှင့် တိုးတက်အောင် ဆောင်ရွက်နေမှုများ၊ တစ်နှစ်လျှင် ပဲပုပ်၊ ပြောင်း စိုက်ပျိုးမှုများကို နှစ်သီး သုံးသီးစိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများ ထည့်သွင်းလုပ်ကိုင်ခြင်းတို့ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်မှု၊ ဘရာဇီးမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှု လျှင်မြန်စွာတိုးတက်လာနေမှု၊ ရှေ့ဆက်၍ အထွက်နှုန်းတိုးမြှင့်ရေး၊ နည်းပညာသစ်များနှင့် Bio-pesticides ကဲ့သို့သော သွင်းအားစုများ အသုံးပြုလာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အခြေခံအဆောက်အအုံများ ကောင်းမွန်ရေး၊ ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာရေးနှင့် ပို့ကုန်ဆိုင်ရာထိန်းချုပ်မှုများ ဖြေလျော့ပေးရေးတို့ကို ရှင်းလင်းဆွေးနွေးပါသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာသူများအကြား ဆွေးနွေးမှုများ၊ ချိတ်ဆက်ဖလှယ်မှုများဖြင့် Networking ကောင်းစွာရရှိကြပြီး စီးပွားရေးသံမှူးအနေဖြင့်လည်း သက်ဆိုင်ရာသံရုံးများမှ ကိုယ်စားလှယ်များ၊ GEFA မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် Joint Venture လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီတို့နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံမှ ထုတ်လုပ်တင်ပို့နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားသောက်ကုန်များ ချိတ်ဆက်ဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် ဆက်လက်ဆက်သွယ် ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးဖလှယ်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

…………………………………………………………………………………………….

Agribusiness & Trade

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၄ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၀) ရက်

| ၁၀-၁၁-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၀၉၆.၁ |
| စင်္ကာပူဒေါ်လာ | ၁၄၉၈.၂ |
| စတာလင်ပေါင် | ၂၃၈၉.၇ |
| ဂျပန်ယန်း (၁၀၀) | ၁၄၃၄.၆ |
| တရုတ်ယွမ် | ၂၈၉.၅၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၃ |
| အိန္ဒိယရူပီး | ၂၅.၆၈၃ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၂.၁၄ |
| မလေးရှား ရင်းဂစ် | ၄၄၆.၈၁ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၁၆၉ |
| ထိုင်းဘတ် | ၅၆.၉၆၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၄၄၈ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

- ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုအခြေအနေနှင့်အတိုးနှုန်းထပ်မံတိုးမြှင့်မှု
- ၈-ကြိမ်မြောက် GEFA Diplomats' Salon 2022 ဆွေးနွေးပွဲတက်ရောက်ခြင်း
- တရုတ်နိုင်ငံ၏ တရုတ်ဆေးဖက်ဝင်ပစ္စည်းများ တင်သွင်းမှုစီမံခန့်ခွဲမှု အပိုင်း(၁)

# ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုအခြေအနေနှင့် အတိုးနှုန်းထပ်မံတိုးမြှင့်မှု

ယူရိုဇုန်ဒေသ၏ ငွေကြေးဖောင်းပွမှုသည် ဆက်လက်မြင့်တက်လျှက်ရှိပြီး နောက်ဆုံး ခန့်မှန်းထားမှုအရ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်းမှာ (၉.၉) ရာခိုင်နှုန်းရောက်ရှိရန် ခန့်မှန်းထား ရှိပြီး ယခင်နှစ် ငွေကြေးဖောင်းပွမှုနှုန်းမှာ (၃.၄) ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။ **Eurostat** အဖွဲ့ အစည်း၏ ခန့်မှန်းမှုအရ ယူရိုဇုန်ဒေသတွင် အောက်တိုဘာလတွင် ငွေကြေးဖောင်းပွမှုနှုန်း (၁၀.၇) ရာခိုင်နှုန်းသို့ ရောက်ရှိရန် ခန့်မှန်းထားပြီး နှစ်ပေါင်း(၄၀) အတွင်း အမြင့်ဆုံးသို့ရောက်ရှိ ခဲ့ပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံအချို့၏ အောက်တိုဘာလ ငွေကြေးဖောင်းပွမှုအခြေအနေမှာ ဘယ်လ်ဂျီယံနိုင်ငံတွင် (၁၃.၁)ရာခိုင်နှုန်း၊ လစ်သူယေးနီးယားနိုင်ငံတွင် (၂၂) ရာခိုင်နှုန်း၊ လပ်ဗီးယား နိုင်ငံတွင် (၂၁.၈) ရာခိုင်နှုန်းနှင့် အက်စ်တိုးနီးယားနိုင်ငံတွင် (၂၂.၄) ရာခိုင်နှုန်း အသီးသီးဖြစ်ကြ ပါသည်။

ကဏ္ဍတစ်ခုခြင်းလေ့လာမှုအရ စွမ်းအင်ကဏ္ဍငွေကြေးဖောင်းပွမှုနှုန်းမှာ ဩဂုတ်လနှင့် စက်တင်ဘာလတွင် (၃၈.၆) ရာခိုင်နှုန်းနှင့် (၄၀.၇) ရာခိုင်နှုန်း အသီးသီးရှိခဲ့ရာမှ အောက်တိုဘာ လတွင် (၄၁.၉) ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့ကြောင်းသိရှိရပါသည်။ စွမ်းအင်နှင့် စားသောက်ကုန် ဈေးနှုန်းများ မြင့်တက်လာခြင်းကို လေ့လာဆန်းစစ်ကြည့်လျှင် ဥရောပဒေသ သဘာဝဓါတ်ငွေ့ တင်သွင်းမှု၏ (၄၀) ရာခိုင်နှုန်းသည် ရုရှားနိုင်ငံမှဖြစ်ပြီး ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ရုရှားနိုင်ငံမှ ဓါတ်ငွေ့တင်သွင်းမှု လျော့ချခဲ့ရာမှ စွမ်းအင်ဈေးနှုန်းများ များစွာမြင့်တက် လာခဲ့ပါသည်။ ထို့ပြင် ရုရှားနှင့်ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာ့ဂျုံနှင့်မုယောစပါး ထုတ်လုပ်မှု၏ သုံးပုံတစ်ပုံကိုလည်းကောင်း၊ ကမ္ဘာ့နေကြာဆီထုတ်လုပ်မှု၏ သုံးပုံနှစ်ပုံကိုလည်းကောင်း ထုတ်လုပ် နေကြပြီး ယူကရိန်းနိုင်ငံသည် ကမ္ဘာတွင် စတုတ္ထအကြီးဆုံး ပြောင်းတင်ပို့နေသည့်နိုင်ငံလည်း ဖြစ်ပါသည်။

**European Central Bank (ECB)** က ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုကို ကုစားနိုင်ရန် အတွက် ၂၇.၁၀.၂၀၂၂ ရက်နေ့တွင် အတိုးနှုန်းကို (၀.၇၅) အမှတ် ထပ်မံတိုးမြှင့်လိုက်ရာ စက်တင်ဘာလတွင် တိုးမြှင့်ခဲ့သည့် အပ်ငွေအတိုးနှုန်း (၀.၇၅)ရာခိုင်နှုန်းမှာ (၁.၅) ရာခိုင်နှုန်းနှင့် ချေးငွေပေါ်အတိုးနှုန်းမှာ ယခင် (၁.၂၅)ရာခိုင်နှုန်းမှ (၂) ရာခိုင်နှုန်းသို့ တိုးမြှင့်ရောက်ရှိလာပါသည်။ **ECB** သည် ဇူလိုင်လနှင့် စက်တင်ဘာလတို့တွင် အတိုးနှုန်းများ တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ယခု အကြိမ်သည် တတိယအကြိမ်တိုးမြှင့်ခြင်းဖြစ်ပြီး ဆယ်စုနှစ်ကျော်ကာလအတွင်း အမြင့်ဆုံး အတိုးနှုန်းဖြစ်ပါသည်။ အတိုးနှုန်းမြင့်တက်မှုကြောင့် အပေါင်စာချုပ်များ၊ ချေးငွေနှင့် ခရက်ဒစ် ကတ်များ ပိုမိုဈေးနှုန်းကြီးမြင့်လာနိုင်ပြီး အစိုးရများအနေဖြင့် အမျိုးသားကြွေးမြီအတွက် ပိုမို ပေးချေရခြင်းများ ရှိလာနိုင်မည်ဖြစ်ပါသည်။ တိုးမြှင့်လိုက်သော အတိုးနှုန်းသည် ယူရိုငွေကြေး သုံးစွဲသော အီးယူအဖွဲ့ဝင်(၁၉) နိုင်ငံအတွက် နိုဝင်ဘာလ(၂)ရက်နေ့မှ စတင်သက်ဝင်မှု ရှိမည်

ဖြစ်ပါသည်။ **ECB** အနေဖြင့် အခြားနိုင်ငံများရှိ ဗဟိုဘဏ်များနည်းတူ မြင့်တက်လာနေသော ဈေးနှုန်းကို လျှော့ကျလာစေရန်အတွက် အတိုးနှုန်းများမြှင့်တင်၍ စားသုံးသူများနှင့် စီးပွားရေး လုပ်ငန်းများက ပိုမိုဝယ်ယူသုံးစွဲလာကြစေရန် ဆောင်ရွက်လျှက်ရှိပြီး ငွေကြေးဖောင်းပွမှု အခြေအနေပေါ်မူတည်၍ အတိုးနှုန်းများ ဆက်လက်တိုးမြှင့်နိုင်ဖွယ်ရှိကြောင်းလည်း ခန့်မှန်းထားရှိပါသည်။

**ECB** ဥက္ကဋ္ဌ **Ms.Christine Lagarde** က ယူရိုဇုန်ဒေသ၏ တတိယသုံးလပတ် စီးပွားရေး အခြေအနေမှာ သိသာစွာနှေးကွေးလာနေပြီး လာမည့်နှစ်အစပိုင်းတွင်လည်း ဆက်လက် အားနည်းနေနိုင်ချေရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အမှာစာအသစ်များ ရရှိမှုမှာ လည်း ကျဆင်းလာနေကြောင်း ပြောကြားခဲ့ပါသည်။ ယူရိုဇုန်ဒေသ၏ ပျမ်းမျှကြွေးမြီ အခြေအနေ သည် ၂၀၂၂ ခုနှစ် ဒုတိယသုံးလပတ်အကုန်တွင် ဂျီဒီပီ၏ (၉၄.၂) ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.euronews.com/next/2022/10/19/record-inflation-which-country-in-europe-has-been-worst-hit-and-how-do-they-compare
https:// www.euronews.com/my-europe/2022/10/27/ecb-announces-new-super-hike-of-interest-rates-to-tame-inflation-as-recession-draws-nearer

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဂျာမနီ

## (၈) ကြိမ်မြောက် GEFA Diplomats’ Salon 2022 ဆွေးနွေးပွဲတက်ရောက်ခြင်း

**German Export Association for Food and Agriproducts (GEFA)** က ဦးဆောင်ကျင်းပသော (၈) ကြိမ်မြောက် **GEFA Diplomats’ Salon 2022** ဆွေးနွေးပွဲကို ၁.၁၁.၂၀၂၂ ရက်နေ့ ညနေပိုင်းတွင် ဘာလင်မြို့ **Zollpackhof Restaurant** ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးသံမှူး တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲသည် လက်ရှိကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပြောင်းအလဲများ ဖြစ်ပေါ်နေချိန်တွင် နိုင်ငံတကာကုန်သွယ်မှု၌ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့၊ တင်သွင်းမှုများ အတွက် မူဝါဒပိုင်း၊ လက်ရှိအခက်အခဲနှင့် စိန်ခေါ်မှုများ၊ ဖြေရှင်းဆောင်ရွက် သင့်သည့်အချက်များ စသည်တို့အတွက် ဘာလင်မြို့ရှိ သက်ဆိုင်ရာသံရုံးများမှ ကိုယ်စားလှယ်များ၊ ဖက်ဒရယ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ **GEFA** မှ တာဝန်ရှိသူများ၊ ဂျာမန်စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တွေ့ဆုံ၍ **Networking** ပုံစံ ဆွေးနွေးဖလှယ်ကြရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး စုစုပေါင်း (၅၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် **GEFA** မှ **Spokesperson** ဖြစ်သူ **Mr.Hartmut Kretschmer** က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး **GEFA** အနေဖြင့် စိုက်ပျိုးရေးနှင့် စားသောက်ကုန် ပို့ကုန် လုပ်ငန်းတွင် ဦးဆောင်နေသော အဖွဲ့အစည်းဖြစ်ပြီး ပို့ကုန်လုပ်ငန်းရှင်ပေါင်း (၁၈၀၀) ခန့် ရှိကြောင်း၊ ဂျာမနီနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ကုန်သွယ်မှုအခြေအနေနှင့် လက်ရှိအခြေအနေတွင် စိုက်ပျိုးရေးထွက်ကုန်နှင့် စားသောက်ကုန်များ ထုတ်လုပ်တင်ပို့မှုပိုင်းတွင် စိန်ခေါ်မှုများကြုံတွေ့နေရကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်တင်သွင်းမှုက တင်ပို့မှုထက် ပိုမိုမြင့်တက်လာနေကြောင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတွေ့ဆုံ၍ ဆွေးနွေးဖလှယ်မှုများ၊ တိုးတက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပူးပေါင်းဆောင်ရွက် နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဦးဆောင်နေသော နိုင်ငံများတွင်ပါဝင်သည့် နယ်သာလန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေး တင်ပြသွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ထည့်သွင်း ပြောကြားပါသည်။

ဆက်လက်၍ **Future orientation of agricultural exports from the perspective of one of the leading agricultural export nation** ခေါင်းစဉ်ဖြင့် နယ်သာလန်နိုင်ငံသံရုံးနှင့် ဘရာဇီးနိုင်ငံသံရုံးတို့မှ စိုက်ပျိုးရေးဆိုင်ရာသံမှူးများဖြစ်သူ **Mr.Jack Vera** နှင့် **Mr.Eduardo Frighetto** တို့က **Presentation** အသီးသီး ပြုလုပ်ရှင်းလင်းတင်ပြကြပါသည်။ နယ်သာလန်နိုင်ငံသံရုံးက ဆွေးနွေးတင်ပြရာတွင် နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်မှုသည် အီးယူနိုင်ငံများအနက် ဂျာမနီနိုင်ငံနှင့် အများဆုံးကုန်သွယ်မှုပြုကြောင်း၊ နယ်သာလန်သည် အခြားအီးယူပြင်ပနိုင်ငံများမှ တင်သွင်းမှုများပြားပြီး အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ပြန်လည်တင်ပို့ဖြန့်ဖြူးပေးသည့် အဓိကနိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ နိုင်ငံပေါင်း(၁၂၀)ကျော်မှ တင်သွင်းမှုပြုပြီး နိုင်ငံပေါင်း(၁၅၀) ကျော်သို့ တင်ပို့မှုရှိကြောင်း၊ အီးယူဒေသသည် အဓိကအရေးပါပြီး ပို့ကုန်၏ ၈၀ ရာခိုင်နှုန်းသည် အီးယူနိုင်ငံများသို့ဖြစ်ကြောင်း၊ လက်ရှိတွင် ကုန်ပစ္စည်းဈေးနှုန်းကျဆင်းရန်ထက် ပြန်လည်အသုံးပြုနိုင်သည့် နည်းလမ်းများ တိုးတက်ဆောင်ရွက်ပြီး ကုန်ကြမ်းပစ္စည်းအသုံးပြုမှုကို လျော့ကျအောင် ဆောင်ရွက်သင့်ကြောင်း ရှင်းလင်းပြီး ဆက်လက်၍ နယ်သာလန်နိုင်ငံရှိ စိုက်ပျိုးရေးကဏ္ဍ ရေရှည်စီမံဆောင်ရွက်မှု အစီအစဉ်များ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုများနှင့် နည်းပညာပိုင်း တိုးတက်ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြပါသည်။

ဘရာဇီးနိုင်ငံသံရုံးက ဆွေးနွေးတင်ပြရာတွင် လက်ရှိစိုက်ပျိုးရေးကဏ္ဍ အခြေအနေနှင့် တိုးတက်အောင် ဆောင်ရွက်နေမှုများ၊ တစ်နှစ်လျှင် ပဲပုပ်၊ ပြောင်းစိုက်ပျိုးမှုများကို နှစ်သီးသုံးသီး စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများ ထည့်သွင်းလုပ်ကိုင်ခြင်းတို့ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၊ ဘရာဇီးမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှု လျှင်မြန်စွာ တိုးတက်လာနေမှု၊ ရှေ့ဆက်၍ အထွက်နှုန်းတိုးမြှင့်ရေး၊ နည်းပညာသစ်များနှင့် **Bio-pesticides** ကဲ့သို့သော သွင်းအားစုများ အသုံးပြုလာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အခြေခံအဆောက်အအုံများ

Agribusiness & Trade

ကောင်းမွန်ရေး၊ ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာရေးနှင့် ပို့ကုန်ဆိုင်ရာ ထိန်းချုပ်မှုများ ဖြေလျှော့ပေးရေးတို့ကို ရှင်းလင်းဆွေးနွေးပါသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာသူများအကြား ဆွေးနွေးမှုများ၊ ချိတ်ဆက်ဖလှယ်မှုများဖြင့် **Networking** ကောင်းစွာရရှိကြပြီး စီးပွားရေးသံမှူးအနေဖြင့်လည်း သက်ဆိုင်ရာသံရုံးများမှ ကိုယ်စားလှယ်များ၊ **GEFA** မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် **Joint Venture** လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီတို့နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံမှ ထုတ်လုပ်တင်ပို့နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားသောက်ကုန်များ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ဆက်လက်ဆက်သွယ်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးဖလှယ်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဂျာမနီ

---

## တရုတ်နိုင်ငံ၏ တရုတ်ဆေးဖက်ဝင်ပစ္စည်းများ တင်သွင်းမှုစီမံခန့်ခွဲမှု အပိုင်း(၁)

ကုန်သွယ်မှုပမာဏအရ တရုတ်ဆေးဖက်ဝင်ပစ္စည်းများ စုစုပေါင်းတင်သွင်းတင်ပို့မှု ပမာဏမှာ တန်ချိန် ၂၀၅,၂၀၀ ရှိပြီး တင်ပို့မှုပမာဏမှာ တန်ချိန် ၁၃၇,၅၀၀ ရှိကာ ယခင်နှစ်ထက် ၄.၈၁ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ တင်သွင်းမှုပမာဏမှာ တန်ချိန် ၆၇,၇၀၀ ရှိခဲ့ပြီး ယခင်နှစ်ထက် ၀. ၅၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများသည် ဆေးဘက်ဆိုင်ရာ အရင်းအမြစ်များ အလွန်ကြွယ်ဝပြီး တရုတ်နိုင်ငံမှ တင်သွင်းသော ဆေးဖက်ဝင်ပစ္စည်းများ၏ အဓိကအရင်းအမြစ်များထဲမှ တစ်ခုဖြစ်ပြီး ရှားပါးပြီး ဝယ်လိုအားမြင့်မားသော ဆေးဖက်ဝင် ကုန်ကြမ်းများလည်း ရှိပါကြောင်း၊ တရုတ်နိုင်ငံမှ တင်သွင်းသော ဆေးဖက်ဝင်ပစ္စည်းများ၏ ၃၀ ရာခိုင်နှုန်းနီးပါးသည် အရှေ့တောင်အာရှမှ တင်သွင်းပါကြောင်း၊ ၎င်းသည် တရုတ်ဆေးဖက်ဝင်ပစ္စည်းများကို ကမ္ဘာပေါ်တွင် အများဆုံးစားသုံးသူဖြစ်ပြီး အသုံးများသော တရုတ်ဆေးဖက်ဝင်အပင် အမျိုးအစားပေါင်း ၆၀၀ နီးပါးရှိပြီး ဆယ်ပုံတစ်ပုံခန့် တင်သွင်းရန်လိုအပ်ပါကြောင်း အဓိကတင်သွင်းသည့် တရုတ်ဆေးဖက်ဝင်ပစ္စည်းများမှာ **frankincense, myrrh, dragon's blood, (longan)meat, American ginseng, (pilose) antler and so on** လောဗန်၊ မုရန်စေး (ကုလားနက်သွေး)၊ နဂါးသွေး၊ အသား၊ အမေရိကန်ဂျင်ဆင်း၊ သမင်ချို စသည်ဖြင့် ဖြစ်ပါသည်။

### တရုတ်ဆေးဖက်ဝင်ပစ္စည်းများတင်သွင်းခွင့်ရှိသည့် ဆိပ်ကမ်း/ဝင်ပေါက် ဂိတ်များ

တရုတ်နိုင်ငံမှ တင်သွင်းသော ဆေးဖက်ဝင်ပစ္စည်းများကို သတ်မှတ်ထားသော ဆိပ်ကမ်းစီမံခန့်ခွဲမှုအရ ဆေးဖက်ဝင်ပစ္စည်းများ တင်သွင်းသည့် နယ်စပ်ဆိပ်ကမ်း/ ဂိတ်ပေါက်များကို လို

အပ်သလို သတ်မှတ်သင့်ကြောင်း၊ ဆေးဖက်ဝင်ပစ္စည်းများ ထုတ်လုပ်သည့်အိမ်နီးချင်းနိုင်ငံ (ဒေသများ)များ၊ နယ်စပ်ဆိပ်ကမ်း / ဂိတ်ပေါက်များမှသာ တင်သွင်းနိုင်ကြောင်း၊ ဆေးဖက်ဝင်ပစ္စည်းများတင်သွင်းခြင်းအတွက် ထပ်တိုးနယ်စပ်ဂိတ်များသည် အကောက်ခွန်အေဂျင်စီ ထူထောင်ထားရှိပြီး တင်သွင်းလာသော ဆေးဖက်ဝင်ပစ္စည်းများကို အကောက်ခွန် ကြီးကြပ်ကွပ်ကဲနိုင်စွမ်းရည်ရှိသော နယ်စပ်ဆိပ်ကမ်း/ဂိတ်ပေါက် ဖြစ်ရမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန **food and drug administration**နှင့် အကောက်ခွန်အထွေထွေ အုပ်ချုပ်ရေးအဖွဲ့ **General Administration of Customs**တို့က တရုတ်နိုင်ငံအတွက် တင်သွင်းမည့် တရုတ်ဆေးဖက်ဝင်ပစ္စည်းများကို သတ်မှတ်ထားသော ဆိပ်ကမ်း/ ဂိတ်ပေါက်တွင် တင်သွင်းသော ဆေးဖက်ဝင်ပစ္စည်းများကို နယ်စပ်ဆိပ်ကမ်း စည်းကြပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အရည်အချင်းပြည့်မီကြောင်း အစီရင်ခံစာကို နိုင်ငံတော်၏ တရားဝင်အဖွဲ့အစည်းများထံ အတည်ပြုချက်ရယူရန် တာဝန်ရှိကြောင်း တင်သွင်းလာသော ဆေးဖက်ဝင်ပစ္စည်းများ စီမံခန့်ခွဲရေးဆောင်ရွက်မှုအရ ဆေးဖက်ဝင်ပစ္စည်းများ တင်သွင်းရန်အတွက် နိုင်ငံတော်ကောင်စီက အတည်ပြုထားသော နယ်စပ်ဆိပ်ကမ်းများမှ တင်သွင်းရမည်ဖြစ်ကြောင်း လက်ရှိတွင် တရုတ်နိုင်ငံ၌ ဆေးဖက်ဝင်ပစ္စည်းများတင်သွင်းရန် ခွင့်ပြုထားသော နယ်စပ်ဆိပ်ကမ်း/ ဂိတ်ပေါက် ၂၂-ခု ရှိပြီး သွင်းကုန်လုပ်ငန်းရှင်များသည် ၎င်းတို့၏လိုအပ်ချက်အရ သွင်းကုန်အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် သက်ဆိုင်ရာ (နယ်စပ်)ဆိပ်ကမ်း ဂိတ်ပေါက်များကို ရွေးချယ်နိုင်ပါသည်။

တရုတ်နိုင်ငံ၏နယ်စပ် ဂိတ်ပေါက်/ဆိပ်ကမ်း ၂၂ ခုအနက် ယူနန်ပြည်နယ်တွင် ဂိတ်ပေါက်/ ဆိပ်ကမ်းလေးခုရှိရာ ယင်းတို့မှာတဲဟုန်-ရွှေလီ**(Dehong-Ruili)**၊ဟုန်ဟဲ-ဟဲကူ **(Honghe -Hekou)**၊ ပန-ဂျင်းဟုန် **(Banna-Jinghong)**၊ ဝမ်ရှမ်း-ထယ်ပေါင် (**Wenshan-Tianbao**) တို့ဖြစ်ကြောင်း ယူနန်ပြည်နယ်သည် ဆေးဖက်ဝင်ပစ္စည်း အများဆုံးတင်သွင်းသည့် ပြည်နယ်ဖြစ်ကြောင်း တရုတ်နိုင်ငံမှ တင်သွင်းသော ဆေးဖက်ဝင်အပင်ဆေးဝါး အမျိုးပေါင်း ၂၉ မျိုး**ရှိ**၍ ယင်းတို့အနက် ရွှေလီဆိပ်ကမ်းမှ တင်သွင်းမှု အများဆုံးဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် တင်သွင်းသည့် ဆေးဖက်ဝင်ဆေးဝါး စုစုပေါင်း ၇၄၅၁.၉ တန်ချိန်ရှိခဲ့ကြောင်း ၂၀၁၉ ခုနှစ်တွင် တန်ချိန် ၄၁၇၀၀ ကျော် ပိုမိုတင်သွင်းခဲ့ပြီး တရုတ်နိုင်ငံမှ တင်သွင်းသော ဆေးဖက်ဝင်ပစ္စည်းများအနက် ၆၀ ရာခိုင်နှုန်းကျော်သည် မြန်မာနိုင်ငံနှင့် ယူနန်ကုန်သွယ်မှုဖြစ်ကြောင်း တရုတ် တစ်နိုင်ငံလုံးမှ မြန်မာနိုင်ငံနှင့်ကုန်သွယ်မှု၏ ၃၀ ရာခိုင်နှုန်းခန့်ရှိကြောင်းနှင့် ၁၅ နှစ်ဆက်တိုက် တိုးတက်မှုနှုန်းကို ထိန်းသိမ်းထားနိုင်ကြောင်း သိရှိရပါသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဆေးဖက်ဝင်ပစ္စည်းများကို တင်သွင်းခွင့်ပြုထားသည်။ ဖိလစ်ပိုင်မှ မျိုးစိတ် ၁ မျိုး၊ ကမ္ဘောဒီးယားမှ ၁ မျိုး၊ လာအိုမှ ၉ မျိုး၊ မလေးရှားမှ ၁၀

Agribusiness & Trade

မျိုး၊ မြန်မာနိုင်ငံမှ ၃၉ မျိုး၊ ထိုင်း၁၉ မျိုး၊ စင်ကာပူ ၆ မျိုး၊ အင်ဒိုနီးရှားတွင် ၁၉ မျိုးနှင့် ဗီယက်နမ် ၃၀ ရှိပြီး အများစုမှာ အပင်ဆေးဖက်ဝင်ပစ္စည်းများဖြစ်သည်။

တိရစ္ဆာန်ဆေးဖက်ဝင်ပစ္စည်းများမှာ တီကောင် (**Earthworm**)၊ တောက်တဲ့ခြောက် (**Gecko**)၊ ပင်လယ်မြင်းခြောက် (**dry seahorse**) နှင့် **Zaocys dhumnades** အမျိုးအစား ၄ မျိုးသာရှိသည်။

စာရင်းတွင်မပါဝင်သော အရှေ့တောင်အာရှနိုင်ငံများနှင့် ဆေးဖက်ဝင်ပစ္စည်းများ အတွက် တင်သွင်းခြင်းမပြုမီ **quarantine access** လုပ်ထုံးလုပ်နည်း အပြီးဆောင်ရွက်ရန် လိုအပ်ကြောင်း တစ်ချိန်တည်းမှာပင် တင်သွင်းလာသော ဆေးဖက်ဝင်ပစ္စည်းများကို ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာန(**drug supervision department**)၊ အကောက်ခွန်ဦးစီးဌာန (**customs department**) နှင့် နယ်စပ်ရေးရာစီမံခန့်ခွဲမှုရုံး **the Border Management Office** တို့၏ စီမံမှု(၃)ခုအောက်တွင် ထားရှိရမည်ဖြစ်သည်။

**တရုတ်ဆေးဖက်ဝင်ပစ္စည်းများ တင်သွင်းမှုအတွက် အကောက်ခွန်၏ကြီးကြပ်ခြင်း အဆင့်များ**

(၁) **Quarantine access** ဆောင်ရွက်ခြင်း-အကောက်ခွန်အထွေထွေ အုပ်ချုပ်ရေးသည် **Quarantine access**အတွက် ထုတ်ကုန်အန္တရာယ်ခွဲခြမ်း စိတ်ဖြာခြင်း၊ စည်းမျဉ်းစနစ် အကဲဖြတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ **quarantine** သတ်မှတ်ချက်များ ဆုံးဖြတ်သတ်မှတ်ခြင်း၊ ပြည်ပထုတ်လုပ်သူမှတ်ပုံတင်ခြင်းနှင့် ပြည်ဝင်ခွင့် **quarantine** များပါဝင်သော **quarantine access system** ကို အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။

(၂) နိုင်ငံရပ်ခြားလုပ်ငန်းမှတ်ပုံတင်ခြင်း(**Overseas enterprise registration**) အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးသည် စွန့်စားဆန်းစစ်မှုရလဒ်များအရ ပြည်ပမှတ်ပုံတင်ခြင်းဆိုင်ရာ ဆေးပစ္စည်းများ၏ ကက်တလောက်ကို ဆုံးဖြတ်ရန်ဖြစ်ပြီး အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးသည် တရုတ်နိုင်ငံသို့တင်ပို့သည့် ဆေးဖက်ဝင်ပစ္စည်းများ တင်ပို့သည့်လုပ်ငန်းများကို မှတ်ပုံတင်ရမည်ဖြစ်ပြီး မှတ်ပုံတင်သက်တမ်းမှာ လေးနှစ်ဖြစ်သည်။

(၃) **Quarantine** ခွင့်ပြုခြင်း (**Quarantine approval**) တရုတ်နိုင်ငံသို့ တင်သွင်းလာသော ဆေးဖက်ဝင် ပစ္စည်းများအတွက် "တိရစ္ဆာန်နှင့်အပင် **Quarantine**စစ်ဆေးခြင်းခွင့်ပြုချက် လိုအပ်ပါက ပိုင်ရှင် (သို့မဟုတ်) ၎င်း၏ ကိုယ်စားလှယ်သည် "တိရစ္ဆာန်နှင့်အပင် **Quarantine** စစ်ဆေးခြင်းနှင့် ဝင်ခွင့် ခွင့်ပြုချက်အတွက် စီမံခန့်ခွဲထိန်းသိမ်းရေးအစီအမံများ" အရ ကုန်သွယ်မှုစာချုပ်ချုပ်ဆိုခြင်းမပြုမီ “တရုတ်ပြည်သူ့သမ္မတနိုင်ငံ တင်သွင်းမှုတိရစ္ဆာန်နှင့်အပင် **Quarantine** ခွင့်ပြုချက်” ရရှိထားရမည်ဖြစ်ပါသည်။

Agribusiness & Trade

(၄) (၈) ကြိမ်မြောက် **GEFA Diplomats' Salon 2022** ဆွေးနွေးပွဲ(၈) ကြိမ်မြောက် **GEFA Diplomats' Salon 2022** ဆွေးနွေးပွဲ (စစ်ဆေးသည့်)နေရာတွင် ကြီးကြပ်မှု– စာရွက်စာတမ်း သုံးသပ်ခြင်း (**Site supervision/ Document review**) အကောက်ခွန်သည် လုပ်ငန်းရှင်၏ ကြေငြာချက် လက်ခံပြီးနောက် တင်သွင်းမည့်ပစ္စည်းများသည် ဥပဒေများ၊ စီမံခန့်ခွဲရေးစည်းမျဉ်းများနှင့် အကောက်ခွန် စည်းမျဉ်းများဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးပါမည်။ အကောက်ခွန်သည် အဓိကအားဖြင့် လုပ်ငန်းစနစ် ညွှန်ကြားချက်များနှင့်အညီ တင်သွင်းလာသော တရုတ်ဆေးဖက်ဝင်ပစ္စည်းများကို ဆိပ်ကမ်းစစ်ဆေးခြင်း ဆောင်ရွက်ရာတွင်–

(က) ထွက်ခွာမည့်အချိန်၊ ဆိပ်ကမ်း၊ ဖြတ်သန်းသွားသော နိုင်ငံ (သို့မဟုတ်) ဒေသ၊ သယ်ဆောင်သည့်စာရင်းနှင့် စာရွက်စာတမ်းများ မှန်ကန်မှုရှိမရှိ စစ်ဆေးခြင်း၊ စာရွက်စာတမ်းတွင်ဖော်ပြချက်နှင့် အမှန်တကယ် ကုန်ပစ္စည်းအမည်၊ နံပါတ် (အလေးချိန်)နှင့် အရေအတွက်၊ တင်ပို့သည့်နိုင်ငံ (သို့မဟုတ်) ဒေသ၊ သင်္ဘောအမှတ်နှင့် အမှတ်အသားများ၊ ပြည်ပကုန်ထုတ် လုပ်ငန်းအမည်နှင့် မှတ်ပုံတင် နံပါတ်တို့နှင့် မှန်ကန် ကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်း ဆောင်ရွက်မည်။

(ခ) ထုပ်ပိုးမှုအခြေအနေကောင်းမွန်သော်လည်း တိရစ္ဆာန် (သို့မဟုတ်) အပင် အခြေခံ ထုပ်ပိုးပစ္စည်းနှင့် ကြားခံ(ကူရှင်)ပစ္စည်းများပါရှိခြင်းများ ဖြစ်ပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိရစ္ဆာန်နှင့်အပင်များ ဝင်ရောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ယင်း၏အကောင်အထည်ဖော်မှုဆိုင်ရာ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန်နှင့် တင်သွင်းလာသော ကုန်ပစ္စည်းများ၏ သစ်သားထုပ်ပိုးခြင်းအား သီးသန့်ခွဲထုတ်ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ အစီအမံများနှင့် ကိုက်ညီမှုစစ်ဆေးခြင်း ဆောင်ရွက်မည်။

(ဂ) တရုတ်ဆေးဖက်ဝင်ပစ္စည်းများ (မူလအခြေအနေမှယိုယွင်း)၍ ပျက်စီးသည်ဖြစ်စေ၊ အန္တရာယ်ဖြစ်စေသော သက်ရှိများ၊ တိရစ္ဆာန်အညစ်အကြေးများ (သို့မဟုတ်) အခြားတိရစ္ဆာန်တစ်သျှူးများ သယ်ဆောင်သည်ဖြစ်စေ တိရစ္ဆာန်အသေကောင်၊ မြေဆီလွှာနှင့် အခြားတားမြစ်ပစ္စည်းများကို သယ်ဆောင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း ဆောင်ရွက်မည်။

(၅) ဓာတ်ခွဲစမ်းသပ်ခြင်း(**Laboratory testing**) စစ်ဆေးသည့်နေရာ(ဆိုက်)အတွင်း သီးသန့်ခွဲထားစဉ် ရောဂါလက္ခဏာများ၊ ပိုးမွှားများနှင့် ရောဂါများကို တွေ့ရှိပါက သို့မဟုတ် သက်ဆိုင်ရာ လုပ်ငန်းလုပ်ထုံးလုပ်နည်းအရ ဓာတ်ခွဲခန်းတွင် သီးသန့်ခွဲထားရန် လိုအပ်ပါက အကောက်ခွန်မှ တင်သွင်းလာသော တရုတ်ဆေးဖက်ဝင်ပစ္စည်းများ နမူနာများကိုယူ၍ ဓာတ်ခွဲခန်းသို့ ပေးပို့ရမည်။

Agribusiness & Trade

(၆) သတ်မှတ်ထားသောနေရာများတွင် သိမ်းဆည်းခြင်းနှင့် စီမံဆောင်ရွက်ခြင်း **(Storage and processing in designated places)–** သီးခြားခွဲခြားမှု လက်မှတ်မရရှိမီ တရုတ်ဆေးဖက်ဝင်ပစ္စည်းများကို အကောက်ခွန်မှ အတည်ပြုထားသည့် နေရာတွင် သိမ်းဆည်းထားရမည်။ အကောက်ခွန်၏ ခွင့်ပြုချက်မရှိဘဲ မည်သည့်ပမာဏ (သို့မဟုတ်) တစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချခြင်း၊ ရောင်းချခြင်း (သို့မဟုတ် ) စီမံဆောင်ရွက်ခြင်းမပြုရ။

(၇) **Quarantine** ရလဒ်များကို အကဲဖြတ်ခြင်း(**Evaluation of quarantine results)** တင်သွင်းလာသော တရုတ်ဆေးဖက်ဝင်ပစ္စည်းများကို သတ်မှတ်ထားသော လုပ်ငန်းများတွင် ရောင်းချခြင်း၊ အသုံးပြုခြင်း (သို့မဟုတ်) သိုလှောင်ခြင်း (သို့မဟုတ်) စီမံဆောင်ရွက်ခြင်းတို့ကို အကောက်ခွန်မှ သီးသန့်စစ်ဆေးခြင်း မပြီးမချင်း ဆောင်ရွက်ခွင့်မရှိပါ။ ဆောင်ရွက်ပြီးပါက "သွင်းကုန်ပစ္စည်းများအတွက် စစ်ဆေးခြင်းနှင့် သီးသန့်ခွဲထားခြင်း လက်မှတ်" **"Inspection and Quarantine Certificate for Entry Goods"** ထုတ်ပေးမည်ဖြစ်ပါသည်။

(၈) သီးသန့်ခွဲခြင်းပြုလုပ်ပြီး အရည်အချင်းမပြည့်မီမှုအတွက် ဆောင်ရွက်ပေးခြင်း (**Treatment of unqualified quarantine** ) ကုန်ပစ္စည်းများသည် သီးသန့်ခွဲခြားခြင်း **quarantine** စစ်ဆေးခြင်းကို မအောင်မြင်ပါက၊ အကောက်ခွန်သည် သတိပေးချက် ထုတ်ပြန်ရမည်ဖြစ်ပြီး ကုန်စည်ပိုင်ရှင် (သို့မဟုတ်) ၎င်း၏ ကိုယ်စားလှယ်သည် အကောက်ခွန် ကြီးကြပ်မှုအောက်တွင် သုတ်သင်ရှင်းလင်းခြင်း၊ ပြန်ပေးခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်း ခံယူရမည်။ အဆိုပါ လုပ်ငန်းစဉ် ဆောင်ရွက်ပြီးသူမှသာ တရုတ်နိုင်ငံသို့ ဝင်ရောက်ခွင့်ပြုရမည်။

(၉) တင်သွင်းလာသော တရုတ်ဆေးဖက်ဝင်ပစ္စည်းများ သီးသန့်ခွဲထားရန် သယ်ယူပို့ဆောင်ရေးနည်းလမ်းများ **means of transport for Quarantine treatment** သယ်ယူပို့ ဆောင်သည့်နည်းလမ်းနှင့် ကွန်တိန်နာများသည် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီရန်လိုအပ်ပြီး ကပ်ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ခြင်း ဆောင်ရွက်ရန်လိုအပ်ပါက ဆိပ်ကမ်း– ဝင်ပေါက်တွင် အကောက်ခွန်၏ ကြီးကြပ်မှုအောက်တွင် ဆောင်ရွက်ရမည်။ အကောက်ခွန်၏ ခွင့်ပြုချက်မရှိဘဲ တင်သွင်းလာသော တရုတ်ဆေးဖက်ဝင် ပစ္စည်းများကို ကွန်တိန်နာဖြင့် သယ်ယူပို့ဆောင်ခြင်း(သို့မဟုတ်) အခြားသယ်ယူခြင်း နည်းလမ်းများဖြင့် စွန့်ပစ်ခြင်းမပြုရ။

(၁၀) လုပ်ငန်းစီမံခန့်ခွဲမှု(**Enterprise management**)ပြည်တွင်းတင်သွင်းသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်သည် တရုတ်ဆေးဖက်ဝင်ပစ္စည်းများ၏ တင်သွင်းမှု၊ ရောင်းချမှုနှင့် စီမံဆောင်ရွက်မှုများကို မှတ်တမ်းတင်သည့်စနစ်တစ်ခု ထူထောင်၍ သက်ဆိုင်ရာမှတ်တမ်းများပြုလုပ်ရန်နှင့် ၎င်းတို့ကို အနည်းဆုံး နှစ်နှစ်အထိ သိမ်းဆည်းထားရန်လိုအပ်သည်။ ဆေးဖက်ဝင်အပင်များ ကူး

Agribusiness & Trade

စက်ရောဂါကာကွယ်ရေး ဘေးအန္တရာယ်ကင်းရှင်းရေး မန်နေဂျာထားရှိရန်နှင့် တရုတ်ဆေးဖက် ဝင်ပစ္စည်းများ ကပ်ရောဂါကာကွယ်ရေး စီမံခန့်ခွဲမှုစနစ် တည်ထောင်ခြင်းပြုလုပ်ရမည်။

**တရုတ်ဆေးဖက်ဝင်ပစ္စည်းများ တင်သွင်းခွင့်လိုင်စင်လျှောက်ထားခြင်း**

(၁) ဆေးဖက်ဝင်ပစ္စည်းများကို ပထမအကြိမ်တင်သွင်းခြင်းအတွက် လျှောက်လွှာနှင့်ခွင့်ပြုချက်

(က) (၁-၁-၂၀၂၀) ရက်နေ့မတိုင်မီ နိုင်ငံတော် ဆေးဝါးကွပ်ကဲမှုအဖွဲ့မှ တရားဝင်လက်ခံထားသော်လည်း အတည်မပြုရသေးသော လျှောက်လွှာများအား မူလသက်ဆိုင်ရာစည်းမျဉ်းများအရ ဆက်လက်အတည်ပြုသွားမည်ဖြစ်ပြီး လျှောက်ထားသူမှ ပြန်လည် ရုပ်သိမ်းပေးရန်လည်း လျှောက်ထားနိုင်သည်။

(ခ) ဆေးဖက်ဝင်ပစ္စည်းများကို ပထမဆုံးတင်သွင်းခြင်းအတွက် လျှောက်ထားသူသည် နိုင်ငံတော် ဆေးဝါးကွပ်ကဲရေး ဝက်ဘ်ဆိုဒ်၏ အွန်လိုင်းရုံးသို့ ဝင်ရောက်ပြီး "တရားဝင်ပုဂ္ဂိုလ်ဝန်ဆောင်မှု" **Legal Person Service** လက်အောက်ရှိ ဆေးဘက်ဆိုင်ရာပစ္စည်းများကို ပထမဆုံး တင်သွင်းခြင်းအတွက် လျှောက်လွှာကို ဝင်ရောက်ပြီး သက်ဆိုင်ရာ အချက်အလက်များကို ဒေသန္တရပြည်နယ် မူးယစ်ဆေးဝါးစီမံခန့်ခွဲရေးသို့ ဒေသန္တရပြည်နယ်၏ တင်သွင်းဆေးဘက်ဝင်ပစ္စည်းများအတွက် ခွင့်ပြုချက်အထောက်အထားဆိုင်ရာ လိုအပ်ချက် **Approval Document for Imported Medicinal Materials** နှင့် အစီအမံများဆိုင်ရာ သတင်းအချက်အလက်များ ပေးပို့ရမည်ဖြစ်သည်။

(ဂ) ပြည်နယ်အဆင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးနှင့် စီမံခန့်ခွဲရေးဌာန တစ်ခုစီသည် အမျိုးသားဆေးဝါးကြီးကြပ်ကွပ်ကဲမှု အထူးကွန်ရက်မှတစ်ဆင့် ပထမအကြိမ် တင်သွင်းသည့် ဆေးဖက်ဝင်ပစ္စည်းများအတွက် လျှောက်လွှာကို လက်ခံပြီး "အစီအမံများ"အရ အတည်ပြုချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။

(၂) တင်သွင်းလာသော ဆေးဖက်ဝင်ပစ္စည်းများကို မှတ်တမ်းတင်ခြင်း။

(က) ဆေးဝါးတင်သွင်းသူများနှင့် ဆိပ်ကမ်းမူးယစ်ဆေးကြီးကြပ်ကွပ်ကဲရေးနှင့် စီမံခန့်ခွဲရေးဌာနများသည် "နိုင်ငံတော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ တင်သွင်းမှုဆိုင်ရာ စီမံအုပ်ချုပ်မှု စနစ်သစ်ဇာရှင်း ကြေညာချက်" (အမှတ် ၁၀၇ /၂၀၁၉) နှင့်အညီ တင်သွင်းလာသော ဆေးဖက်ဝင်ပစ္စည်းများကို အွန်လိုင်းတွင် တင်သွင်းခြင်း စာရွက်စာတမ်းစနစ် ကိုင်တွယ်ရန် သက်ဆိုင်ရာဝင်းဒိုးတွင် ဝင်ရောက်ပါ။

(ခ) နိုင်ငံတော် ဆေးဝါးကွပ်ကဲရေးသည် ၂၀၀၆ နှင့် ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ပထမအကြိမ် တင်သွင်းမဟုတ်သော ဆေးဖက်ဝင်ပစ္စည်းများ၏ ကက်တလော့ ၂ ခု ကို ပြန်လည်ပြင်ဆင်ပြီး ပေါင်းစည်းခဲ့ပြီး မူရင်း ကတ်တလောက်ကို ဖျက်သိမ်းခဲ့ပါသည်။ ကတ်တလောက်တွင် ဖော်ပြထားသော ဆေးဖက်ဝင်ပစ္စည်းများ တင်သွင်းရန် လျှောက်ထားသူသည် တင်သွင်းသော ဆေးဖက်ဝင်ပစ္စည်းများအတွက် ခွင့်ပြုချက်စာရွက်စာတမ်းကို ရယူရန်မလိုအပ်ပါ။ ဆိပ်ကမ်း/ဝင်ပေါက် မူးယစ်ကြီးကြပ်ရေးနှင့် စီမံခန့်ခွဲရေးဌာန၏ ပထမအကြိမ် တင်သွင်းခြင်းမဟုတ်သော ဆေးဖက်ဝင်ပစ္စည်းများအတွက် ပြဌာန်းချက်နှင့် အညီ(ပြန်လည်) သုံးသပ်မှု **review** ပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ် https://mp.weixin.qq.com/s/VuctYhvCGjQFZEHpVYVg-Q

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူးမင်း

.................................................................................................................

Agribusiness & Trade

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**စီမံကိန်းဦးစီးဌာန**


# စိုက်ပျိုးစီးပွားသတင်းလွှာ


အမှတ်စဉ် ( ၄၅ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁) ရက်


| ၁၆-၁၁-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၁၈၆.၅ |
| စင်္ကာပူဒေါ်လာ | ၁၅၃၄.၈ |
| စတာလင်ပေါင် | ၂၄၉၃.၈ |
| ဂျပန်ယန်း (၁၀၀) | ၁၅၀၄.၅ |
| တရုတ်ယွမ် | ၂၉၆.၃၆ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၄၄ |
| အိန္ဒိယရူပီး | ၂၅.၈၁၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၅၄ |
| မလေးရှား ရင်းဂစ် | ၄၆၂.၀၅ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၆၂၁ |
| ထိုင်းဘတ် | ၅၈.၈၀၇ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၇၂၉ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

- ဂျာမနီနိုင်ငံဝန်ကြီးချုပ် တရုတ်နိုင်ငံသို့ သွားရောက်ခြင်း
- ဂျာမနီနိုင်ငံ၏ ကုန်သွယ်မှုနှင့် စီးပွားရေးအခြေအနေ
- အီတလီနိုင်ငံတွင် စိုက်ပျိုးရေးနှင့် ဥယျာဉ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ ပြပွဲကျင်းပခြင်း
- ယူရိုဇုန်ဒေသ စီးပွားရေးကျဆင်းနိုင်မှု ခန့်မှန်းထားရှိခြင်း
- ဂျာမနီနိုင်ငံဝန်ကြီးချုပ် အာရှနိုင်ငံများသို့ ခရီးစတင်ခြင်း
- ဂျာမန်ချစ်ပ်(Chip) ကုမ္ပဏီကို တရုတ်နိုင်ငံကုမ္ပဏီသို့ ရောင်းချမည့်အစီအစဉ်ကို ရပ်ဆိုင်းခြင်း
- ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံ ကုန်သွယ်မှုအခြေအနေ
- တရုတ်နိုင်ငံ၏ ဆောင်းရာသီထုတ်ကုန်များ ဥရောပဝယ်အားနှစ်ဆမြင့်တက်ရုံမက အမှာစာတန်းစီမှု နောက်နှစ်အထိရောက်ရှိ
- တရုတ်-ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားဝန်ဆောင်မှုများသည် စဉ်ဆက်မပြတ် တိုးတက်နေ

## ဂျာမနီနိုင်ငံဝန်ကြီးချုပ် တရုတ်နိုင်ငံသို့ သွားရောက်ခြင်း

ဂျာမနီနိုင်ငံဝန်ကြီးချုပ် **Mr.Olaf Scholz** သည် ၃.၁၁.၂၀၂၂ ရက်နေ့ ဒေသစံတော်ချိန်ညနေပိုင်းတွင် ဂျာမန်ကုမ္ပဏီ လုပ်ငန်းရှင်များလိုက်ပါ၍ တရုတ်နိုင်ငံ ဘေဂျင်းမြို့သို့ သွားရောက်ခဲ့ပါသည်။ တရုတ်နိုင်ငံသို့ သွားရောက်မှုအတွက် ဝေဖန်မှုများအပေါ် Mr.Olaf Scholz က တရုတ်နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုနှင့် အမျိုးသားလုံခြုံမှုအဆင့်အတန်းများမှာ တိုးတက်လာနေကြောင်း၊ တရုတ်နိုင်ငံ၏အနေအထား ပြောင်းလဲလာသည်နှင့်အမျှ မိမိတို့ကလည်း ပြောင်းလဲဆက်ဆံလာသင့်ကြောင်း၊ ကုလသမဂ္ဂ၏ နျူကလီးယား လက်နက်အသုံးပြုမှု သို့မဟုတ် ခြိမ်းခြောက်မှုအားရှုံ့ချပြစ်တင်သည့်ပူးတွဲကြေငြာချက်ကို တရုတ်နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မည်သည့်နိုင်ငံမျှ အခြားနိုင်ငံတစ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုအောက်တွင် မရှိနိုင်ကြောင်း၊ ဝင်ရိုးစွန်းဒေသမျိုးစုံရှိသည့်ကမ္ဘာကြီးတွင် အသစ်ဖြစ်ထွန်း တိုးတက်တည်ထောင်မှုများလည်း ရှိလာနေကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအားလုံးနှင့် မိတ်ဘက်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားလိုကြောင်း၊ တရုတ်နိုင်ငံသည် ဂျာမနီနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ထုတ်လုပ်ရောင်းချမှုပိုင်းတွင်လည်း အခက်အခဲများမရှိဘဲ လက်ဝါးကြီးအုပ် လုပ်ကိုင်မှုများလည်းမရှိကြောင်း၊ နှစ်နိုင်ငံအကြားသိသာထင်ရှားသည့် ကုန်သွယ်မှုပမာဏရှိနေရာ ဂျာမနီ၊ အီးယူနှင့် တရုတ်နိုင်ငံတို့အကြားအကျိုးစီးပွားညီမျှစွာ ရရှိနေကြကြောင်း၊ ဂျာမနီနိုင်ငံနှင့် တရုတ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်မှုသည် ဥရောပနှင့် တရုတ်နိုင်ငံ ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုအတွက် အခြေခံတစ်ခုဖြစ်ကြောင်း စသည်ဖြင့် ဂျာမန်သတင်းစာတွင် ဆောင်းပါးရေးသား ဖော်ပြခဲ့ပါသည်။

အီးယူဒေသနိုင်ငံများသည် စမတ်ဖုန်းများ၊ LED မီးလုံးများ၊ အီလက်ထရောနစ်မော်တာများ၊ ဆိုလာဆဲလ်နှင့် ကွန်ပြူတာချစ်ပ်များ ထုတ်လုပ်ရန်အတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းအစိတ်အပိုင်းအများစုကို တရုတ်နိုင်ငံမှ တင်သွင်းလျှက်ရှိပြီး ဂျာမနီနိုင်ငံအနေဖြင့်လည်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များအသုံးပြုနိုင်သည့်စနစ်ကို ရောက်ရှိရန် တရုတ်နိုင်ငံမှ သွင်းကုန်တင်သွင်းမှု အပေါ်များစွာ မူတည်လျှက်ရှိပါသည်။ ဂျာမန်ကားကုမ္ပဏီအများစုသည် တရုတ်နိုင်ငံတွင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြပြီး Volkswagen ကားရောင်းချမှု၏ (၄၀)ရာခိုင်နှုန်းသည် တရုတ်နိုင်ငံတွင်ဖြစ်ပါသည်။ ထို့ပြင် Volkswagen ကုမ္ပဏီအနေဖြင့် တရုတ်နည်းပညာလုပ်ငန်းတစ်ခုဖြစ်သည့် Horizon Robotics နှင့်လည်း အမေရိကန်ဒေါ်လာ (၂)ဘီလီယံတန်ဘိုးရှိ ဖက်စပ်ဆော့ဖ်ဝဲလ်လုပ်ငန်းတစ်ခု တည်ထောင်လုပ်ကိုင်ရန် အစီအစဉ်ရှိကြောင်းလည်း သိရှိရပါသည်။

German Automobile Association (VDA) ၏ ဥက္ကဋ္ဌ ဖြစ်သူ Hildegard Müller က လက်ရှိတရုတ်နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နေမှုများသည် ဂျာမနီနိုင်ငံအတွက် အလုပ်

အကိုင်ရရှိမှု များစွာတိုးတက်စေကြောင်း၊ ဂျာမန်ကားထုတ်လုပ်မှုလုပ်ငန်းအတွက် တရုတ်နိုင်ငံမှ အရေးပါသည့် ကုန်ကြမ်းပစ္စည်းများကို တင်သွင်းလျက်ရှိပြီး ဂျာမနီနိုင်ငံအတွက် အကြီးဆုံးဈေးကွက်တစ်ခုဖြစ်ကြောင်း၊ ပြောကြားခဲ့ပါသည်။ ပြီးခဲ့သည့်**စက်တင်ဘာလ**အတွင်းက ဂျာမန်အကြီးစားဓာတု စက်မှုလုပ်ငန်းကုမ္ပဏီ **BASF** သည် တရုတ်နိုင်ငံတောင်ပိုင်း **Zhanjiang** မြို့တွင် လုပ်ငန်းတန်ဘိုး ယူရို(၁၀)ဘီလီယံရှိသည့် အဓိကထုတ်လုပ်မှု ဇဟိုဌာနကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်အထိ ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါကာလနောက်ပိုင်းတွင် လုပ်ငန်းဆောင်ရွက်မှု၏ သုံးပုံနှစ်ပုံကို တရုတ်နိုင်ငံဘက်မှ လုပ်ကိုင်ဆောင်ရွက်မည် ဖြစ်ပါသည်။

ဂျာမန်ဝန်ကြီးချုပ်၏ ခရီးစဉ်အပေါ် မိတ်ဘက်ပါတီတစ်ခုဖြစ်သော Green ပါတီဘက်မှ များစွာဝေဖန်မှုများရှိနေခဲ့ပါသည်။ ခရီးစဉ်အတွင်း ဝန်ကြီးချုပ်က တရုတ်နိုင်ငံနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများပိုမိုပြုလုပ်သွားနိုင်ရေး ဦးစားပေးကာ ယူကရိန်းအရေးကိစ္စ၊ ချူကလီးယားလက်နက်အသုံးပြုခြိမ်းခြောက်မှု၊ လူ့အခွင့်အရေးကိစ္စများ ဆွေးနွေးမှုရှိခဲ့ကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/china-trip-highlights-germanys-uneasydependence-on-beijing/a-63642912https://www.dw.com/en/germanys-scholz-defends-trip-to-china-as-car-industry-signals-support/a-63634777https://www.politico.u/ article/olaf-scholz-defend-china-germany-europe-change/

သီတာဝင်းငြေး၊ စီးပွားရေးသံမှူး
ဘာလင်

......................................................................

## ဂျာမနီနိုင်ငံ၏ ကုန်သွယ်မှုနှင့် စီးပွားရေးအခြေအနေ

ဂျာမနီနိုင်ငံတွင် Federal Statistical Office (Destatis) ၏ စာရင်းထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် စက်တင်ဘာလ၌ ပို့ကုန်တန်ဘိုး ယူရို(၁၃၄.၅)ဘီလီယံနှင့် သွင်းကုန်တန်ဘိုးယူရို (၁၃၀.၈) ဘီလီယံရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေ ယူရို(၃.၇)ဘီလီယံ ရရှိခဲ့ပါသည်။ အဆိုပါကုန်သွယ်မှု တန်ဘိုးသည် ဩဂုတ်လထက် ပို့ကုန်ပိုင်းတွင် (၀.၅)ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် (၂.၃) ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူထက် ပို့ကုန် (၂၀.၃) ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် (၃၀.၇) ရာခိုင်နှုန်း ပိုမိုတိုးတက်ရရှိခဲ့ကြောင်း သိရှိရပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့မှုသည် ယူရို(၇၃.၄) ဘီလီယံနှင့် တင်သွင်းမှု ယူရို(၆၄.၃) ဘီလီယံ ရှိခဲ့ရာ ဩဂုတ်လထက် (၁.၇)ရာခိုင်နှုန်းနှင့် (၁.၂)ရာခိုင်နှုန်း လျော့နည်းမှု ရှိခဲ့ပါသည်။ အီးယူပြင်ပနိုင်ငံများနှင့် ကုန်သွယ်မှုတွင် ပို့ကုန်ယူရို (၆၁.၁) ဘီလီယံနှင့် သွင်းကုန် (၆၆.၅) ဘီလီယံရှိခဲ့ရာ ဩဂုတ်လနှင့် နှိုင်းယှဉ်လျှင် (၁.၀) ရာခိုင်နှုန်းနှင့် (၃.၄)ရာခိုင်နှုန်း အသီးသီးတိုးတက်မှု ရှိခဲ့ပါသည်။ ပို့ကုန်အများစုသည် အမေရိကန်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ပြီး ပို့ကုန်တန်ဖိုး ယူရို (၁၄.၅) ဘီလီယံ ရှိကာ ဩဂုတ်လထက် (၅.၆) ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသို့ ပို့ကုန်မှာမူ ယူရို (၈.၉)ဘီလီယံနှင့် ယူကေနိုင်ငံသို့ ပို့ကုန်မှာ ယူရို (၆.၁)ဘီလီယံ ရှိခဲ့ပြီး ဩဂုတ်လထက် (၂.၀) ရာခိုင်နှုန်းနှင့် (၀.၃)ရာခိုင်နှုန်း အသီးသီးလျော့နည်းခဲ့ကြောင်း သိရှိရပါသည်။

သွင်းကုန်ပိုင်းတွင် တရုတ်နိုင်ငံမှ တင်သွင်းမှုအများဆုံးဖြစ်ခဲ့ပြီး တန်ဖိုးအားဖြင့် ယူရို (၁၆.၇) ဘီလီယံရှိကာ ဩဂုတ်လထက် (၅.၄) ရာခိုင်နှုန်းပိုမိုတင်သွင်းခဲ့ကြောင်း၊ အမေရိကန်နိုင်ငံမှ တင်သွင်းမှု ယူရို (၈.၁) ဘီလီယံနှင့် ယူကေနိုင်ငံမှ ယူရို(၃.၅) ဘီလီယံတင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ရုရှားနိုင်ငံနှင့် စက်တင်ဘာလကုန်သွယ်မှုမှာ ပို့ကုန် ယူရို(၁.၀) ဘီလီယံနှင့် သွင်းကုန် ယူရို(၁.၈) ဘီလီယံ ရှိခဲ့ပြီး ဩဂုတ်လထက် (၅.၄) ရာခိုင်နှုန်းနှင့် (၃၃.၁) ရာခိုင်နှုန်း အသီးသီး လျော့နည်းကျဆင်းခဲ့ပါသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အမှာစာအသစ်များရရှိမှုသည် စက်တင်ဘာလတွင် ဩဂုတ်လနှင့် နှိုင်းယှဉ်လျှင် (၀.၄)ရာခိုင်နှုန်းကျဆင်းပြီး ယခင်နှစ်ကာလတူထက် (၁၀.၈) ရာခိုင်နှုန်းကျဆင်းမှုရှိခဲ့ ပါသည်။

ဂျာမနီနိုင်ငံ၏ ခရီးသွားကဏ္ဍကို လေ့လာကြည့်လျှင် Federal Statistical Office (Destatis) ၏ စာရင်းများအရ ပြည်တွင်းနှင့် ပြည်ပမှ စုစုပေါင်းခရီးသွား ဝင်ရောက်မှုအရေအတွက်(Arrivals)မှာ ၂၀၂၀ ခုနှစ်၌ (၉၈.၁၄)သန်း၊ ၂၀၂၁ခုနှစ်၌(၉၆.၈)သန်း၊ ၂၀၂၂ ခုနှစ် ဩဂုတ်လအထိ (၁၀၆.၀၈)သန်း တို့ဖြစ်ပြီး ညအိပ်တည်းခိုမှုစာရင်းများအရ စုစုပေါင်း ပြည်တွင်းနှင့် ပြည်ပခရီးသွားဧည့်သည် အရေအတွက် (Overnight stays) မှာ ၂၀၂၀ ခုနှစ်၌ (၃၀၂.၃၁)သန်း၊ ၂၀၂၁ ခုနှစ်၌ (၃၁၀.၂၀)သန်း၊ ၂၀၂၂ ခုနှစ် ဩဂုတ်လအထိ (၃၀၂.၀၄)သန်းတို့ဖြစ်ကြောင်း၊ ခရီးသွားများဝင်ရောက်မှုသည် စုစုပေါင်းပြည်နယ်(၁၆)ခုအနက် Bavaria ပြည်နယ်နှင့် Baden-Württemberg ပြည်နယ်တို့တွင် အများဆုံး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဂျာမနီနိုင်ငံတွင် စွမ်းအင်နှင့်အခြား ကုန်ပစ္စည်းဈေးနှုန်းများ မြင့်မားပြီး ငွေကြေးဖောင်းပွမှုနှုန်း (၁၀.၄) ရာခိုင်နှုန်းဖြင့် မြင့်တက်လာနေသော်လည်း ကုန်သွယ်မှုပိုင်းတွင် ကုန်သွယ်မှုပိုငွေ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး စီးပွားရေးကျဆင်းလာနေမှုကို ထိန်းညှိနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် စီးပွားရေးတိုးတက်မှုနှုန်း(၀.၃)ရာခိုင်နှုန်း ရှိနေပြီး ဖက်ဒရယ်အစိုးရအနေ

ဖြင့်လည်း Relief package အစီအစဉ်များဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျှက်ရှိကြောင်း၊ ခရီးသွား ကဏ္ဍတွင်လည်း ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှု လျော့နည်းလာမှုနှင့်အတူ ဖြေလျော့ပေးမှုများဖြင့် ခရီးသွားဝင်ရောက်မှု သိသာစွာတိုးတက်လာနေလျှက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

Source:https://www.destatis.de/EN/Press/2022/11/PE22_463_51.html;jsessionid=C5197E44DBC13853532D7390B4A3BEDE.live742https://wwwgenesis.destatis.de/genesis//online?operation=table&code=45412-0015&bypass=true&levelindex=1&levelid= 1667861025794#abreadcrumb

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.............................................................................

## အီတလီနိုင်ငံတွင် စိုက်ပျိုးရေးနှင့် ဥယျာဉ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများပြပွဲကျင်းပခြင်း

အီတလီနိုင်ငံ ဘိုလော့ဂ်နာမြို့(Bologna)တွင် ၁၉၆၉ ခုနှစ်မှစ၍ (၂) နှစ် တစ်ကြိမ်ကျင်းပသည့် နိုင်ငံတစ်ကာ စိုက်ပျိုးရေးနှင့် ဥယျာဉ်လုပ်ငန်းဆိုင်ရာစက်ပစ္စည်းများပြပွဲ(International Exposition of Machinery for Agriculture and Gardening- EIMA International )ကို အီတလီ စိုက်ပျိုးရေးဆိုင်ရာစက်ပစ္စည်း ထုတ်လုပ်သူများဖက်ဒရေးရှင်း(Italian Agricultural Machinery Manufacturers Federation )က ဘိုလော့ဂ်နာပြပွဲများဌာန (Bologna Fiere )နှင့် ပူးပေါင်း၍ ဦးဆောင်ကျင်းပခြင်း ဖြစ်ပါသည်။ ပြပွဲတွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ မြေယာပြုပြင်ခြင်းနှင့် ထွန်ယက်စိုက်ပျိုးမှုပိုင်း အဆင့်မြင့်နည်းပညာနှင့် စက်ကိရိယာပစ္စည်းမော်ဒယ်မျိုးစုံကို နိုင်ငံများစွာက လာရောက် ခင်းကျင်းပြသကြလေ့ရှိပါသည်။ EIMA International ကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ မဖြစ်ပွားမီ ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ပြန်လည် ကျင်းပခဲ့ရာ ပြပွဲပြသသည့် ကုမ္ပဏီပေါင်း (၁၃၆၄)ခုနှင့် လာရောက်လေ့လာကြည့်ရှုသူပေါင်း (၂၇၀၇၀၀) ဦး ရှိခဲ့ပါသည်။

ယခု ၂၀၂၂ ခုနှစ်အတွက် နိုဝင်ဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲပြသသည့် ကုမ္ပဏီပေါင်း (၂၀၀၀)ခန့်နှင့် နိုင်ငံပေါင်း(၁၅၀)မှ လာရောက်လေ့လာကြည့်ရှုသူပေါင်း (၃၀၀၀၀၀) ဦးခန့် စာရင်းရရှိထားပါသည်။ ပြပွဲတွင် လယ်ယာမြေဖော်ထုတ်ခြင်းနှင့် သစ်တောဆိုင်ရာ စက်ကိရိယာများ၊ အင်ဂျင်များ၊ ထွန်စက်များ၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ အပင်နှင့်

သီးနှံကာကွယ်ရေး၊ ရေသွင်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် မွေးမြူရေးလုပ်ငန်းစီမံဆောင်ရွက်မှုဆိုင်ရာ စက်ကိရိယာများ စသည်တို့ပါဝင်သည့် အဓိကလုပ်ငန်း ကဏ္ဍ(၁၄) ခုအတွက် ပြသမှုများနှင့် Trade shows များ၊ ကွန်ဖရင့်များ၊ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများစွာ ပါဝင်ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များထုတ်လုပ်တင်ပို့နေသော ကောင်းရန့်ကုမ္ပဏီသည် Italian Trade Agency (ITA) ၏ ဖိတ်ကြားစီစဉ်မှုအရ ပြပွဲကာလအတွင်း လာရောက်လေ့လာ၍ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက် ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source:https://www.eima.it/en/

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

## ယူရိုဇုန်ဒေသ စီးပွားရေးကျဆင်းနိုင်မှု ခန့်မှန်းထားရှိခြင်း

ဥရောပကော်မရှင်က ယူရိုဇုန်ဒေသ၏စီးပွားရေးမှာ လာမည့်ဆောင်းရာသီကာလတွင် ကျဆင်းနိုင်ဘွယ်များစွာရှိကြောင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားမှုမှာ မူလမျှော်မှန်းထားသည်ထက် ပိုမိုကြာရှည်နိုင်ဘွယ်ရှိကြောင်း ၁၁.၁၁.၂၀၂၂ ရက်နေ့က ခန့်မှန်းသုံးသပ်လိုက်ပါသည်။ ခန့်မှန်းချက်အရ ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုနှုန်းမှာ ယခုနှစ်တွင် (၈.၅) ရာခိုင်နှုန်းနှင့် လာမည့်နှစ်တွင် (၆.၁)ရာခိုင်နှုန်းခန့် ရောက်ရှိနိုင်ကြောင်း၊ စီးပွားရေးတိုးတက်မှုနှုန်းမှာ ယခုဆောင်းဦးရာသီကာလနှင့် ၂၀၂၃ ခုနှစ်တွင် မူလခန့်မှန်းထားသည့် (၁.၄)ရာခိုင်နှုန်းမှ (၀.၃) ရာခိုင်နှုန်းသို့ ကျဆင်းနိုင်ခြေရှိကြောင်း၊ လာမည့်နွေဦးရာသီတွင် စီးပွားရေးအနည်းငယ်ပြန်လည်ဦးမော့လာနိုင်ဘွယ်ရှိကြောင်း သိရှိရပါသည်။

ဥရောပ၏ အကြီးမားဆုံး စီးပွားရေးအင်အားစုဖြစ်သော ဂျာမနီနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းမှာ (၀.၆) ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားရှိပါသည်။ Federal Statistical Office ၏ စာရင်းထုတ်ပြန်ချက်အရ ဂျာမနီနိုင်ငံတွင် စိုက်ပျိုးရေးထွက်ကုန်များ၏ ထုတ်လုပ်သူဈေးနှုန်းများသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဩဂုတ်လထက် (၃၄.၅) ရာခိုင်နှုန်း၊ ယခင်နှစ်ကာလတူထက်(၃၉.၄) ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပြီး ၂၀၂၂ ခု

နှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော အရေးပါသည့် စီးပွားရေးလုပ်ငန်းကြီးများ အရေအတွက်သည် (၇.၃)ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

Source:https://www.dw.com/en/eu-says-eurozone-set-to-fall-into-recession-this-winter/a-63723563 **https://www.destatis.de/EN/Home/_node.html**

သီတာဝင်းဋ္ဌေး၊ စီးပွားရေးသံမှူး
ဘာလင်

……………………………………………………………………

## ဂျာမနီနိုင်ငံဝန်ကြီးချုပ် အာရှနိုင်ငံများသို့ ခရီးစတင်ခြင်း

ဂျာမနီနိုင်ငံဝန်ကြီးချုပ် Mr.Olaf Scholz သည် ဂျာမန်စီးပွားရေးဝန်ကြီးနှင့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့ဝင် (၁၂)ဦးလိုက်ပါလျှက် ၁၃.၁၁.၂၀၂၂ ရက်နေ့မှစတင်၍ အာရှနိုင်ငံများသို့ (၄)ရက်ကြာခရီး စတင်ထွက်ခွာခဲ့ပါသည်။ ပထမဦးစွာ ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိပြီး ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် Mr.Pham Minh Chinh နှင့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr.Nguyen Phu Trong တို့နှင့်တွေ့ဆုံခဲ့ပြီး ဂျာမနီနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့်စီးပွားရေး ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးကို ဦးတည်ဆွေးနွေးခဲ့ကြောင်း၊ ဂျာမနီနိုင်ငံ အနေဖြင့် ဗီယက်နမ်နိုင်ငံ၏ အစိမ်းရောင်စီးပွားရေးတိုးတက်မှုစနစ်အတွက် ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်၍ နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအကြား စားပွဲဝိုင်းဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံသည် ဂျာမနီနိုင်ငံအတွက် အရှေ့တောင်အာရှတွင် အကြီးဆုံးကုန်သွယ် ဖက်နိုင်ငံတစ်ခုဖြစ်ပြီး ဂျာမန်ကုမ္ပဏီပေါင်း (၃၅၀) ကျော် ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြပါသည်။

**Mr.Olaf Scholz** သည် ၁၄.၁၁.၂၀၂၂ ရက်နေ့တွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိပြီး ဂျာမန် စီးပွားရေးဝန်ကြီးပါဝင်လျှက် စင်ကာပူနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဂျာမနီနိုင်ငံအနေဖြင့် အရှေ့တောင်အာရှမိတ်ဘက်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုပြုလုပ်သွားလိုကြောင်း၊ ပထဝီဝင်နိုင်ငံရေးအခြေအနေသည် ပြောင်းလဲနေ ကြောင်း၊ အာရှ-ပစိဖိတ်ဒေသသည် ဂျာမနီနိုင်ငံအတွက် တရုတ်နိုင်ငံထက် ပိုမိုအရေးပါကြောင်း၊ အစိမ်းရောင် စီးပွားရေးစနစ်ပုံစံပိုမိုတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ တီထွင် ဆန်းသစ်မှုများ ပြုလုပ်နိုင်မှုသည် ကမ္ဘာ့လုံးဆိုင်ရာစိန်ခေါ်မှုများအတွက် အဓိကအရေးပါသည့် အရာတစ်ခုဖြစ်ပြီး လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ဆောင်ရွက်မှုပုံစံသည် တီထွင် ဆန်းသစ်မှုများကို အဟန့်အတားဖြစ်စေခြင်းများရှိကြောင်း ပြောကြားခဲ့ပါသည်။

စင်ကာပူနိုင်ငံခရီးစဉ်အတွင်း ဂျာမန်ဝန်ကြီးချုပ်သည် စင်ကာပူနိုင်ငံဝန်ကြီးချုပ် Mr.Lee Hsien Loong နှင့် ပူးတွဲကြေညာချက်တစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ပြီး ရာသီဥတုဒဏ်ကာကွယ်ရေး၊ လုံခြုံရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးတိုးတက်မှုနှင့် တီထွင်ဆန်းသစ်မှုတိုးမြှင့်ရေးနယ်ပယ်တို့တွင် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန်တို့ ပါဝင်ကြောင်း သိရှိရပါသည်။ စင်ကာပူနိုင်ငံဝန်ကြီးချုပ်သည် ရှေ့လထဲတွင် ဂျာမနီနိုင်ငံသို့ ရေငုပ်သင်္ဘောများ(submarines) ဝယ်ယူနိုင်ရေးကိစ္စဆွေးနွေးရန် သွားရောက်မည်ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံသည်လည်း စင်ကာပူနိုင်ငံ၏ စွမ်းအင်ကဏ္ဍပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း ဆွေးနွေးမှုများရှိခဲ့ကြပါသည်။

**Mr.Olaf Scholz** သည် ဆက်လက်၍ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ နိုဝင်ဘာ ၁၅ ရက် မှ ၁၆ ရက်နေ့ထိကျင်းပမည့် (၁၇) ကြိမ်မြောက် **G20** ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် သွားရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/germanys-scholz-kicks-off-asia-tour-with-stop-in-vietnam/a-63740584https://www.dw.com/en/germanys-scholz-urges-closer eu-ties-with-southeast-asia/a-63745674

သီတာဝင်းငွေး၊ စီးပွားရေးသံမှူး
ဘာလင်

## ဂျာမန်ချစ်ပ်(Chip) ကုမ္ပဏီကို တရုတ်နိုင်ငံကုမ္ပဏီသို့ ရောင်းချမည့်အစီအစဉ်ကို ရပ်ဆိုင်းခြင်း

ဂျာမန်ဖက်ဒရယ်စီးပွားရေးဝန်ကြီး Mr.Robert Habeck က ဂျာမနီနိုင်ငံ Dortmund မြို့တွင် အခြေစိုက်သော မိုင်ခရိုချစ်ပ်(Microchip) စက်ရုံ Elmos ကို တရုတ်နိုင်ငံကုမ္ပဏီတစ်ခုဖြစ်သော Silex ကုမ္ပဏီသို့ ရောင်းချရန်အစီအစဉ်ကို ကန့်ကွက်သည့်တင်ပြစာအား ၈.၁၁.၂၀၂၂ ရက်နေ့က အစိုးရအဖွဲ့သို့ တင်ပြခဲ့ပါသည်။ Silex ကုမ္ပဏီသည် Elmos ကုမ္ပဏီကို ယူရို(၈၅) ဘီလီယံဖြင့် ဝယ်ယူရန် ကမ်းလှမ်းနေခြင်းဖြစ်ပြီး Elmos ကုမ္ပဏီ၏ ထုတ်လုပ်မှုများကို ရပ်တန့်ပြီး Silex ကုမ္ပဏီမှ ထုတ်လုပ်သည့် ချစ်ပ်များကို ရောင်းချရန် စီစဉ်ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။ ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ချစ်ပ်ကုမ္ပဏီ ရယူပိုင်ဆိုင်ခြင်းသည် အမှာစာများအပေါ် လွှမ်းမိုးချုပ်ကိုင်မှုနှင့် အမျိုးသားလုံခြုံရေးအရ ခြိမ်းခြောက်မှုများ ရှိလာနိုင်၍ဖြစ်ကြောင်း၊ ဖက်ဒရယ်အစိုးရအဖွဲ့အနေဖြင့် တားမြစ်ကာကွယ်စေလိုကြောင်း ပြောကြားခဲ့ပါသည်။ ဂျာမနီနိုင်ငံ၏ Domestic intelligence agency ကလည်း ဝေဖန်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးဝန်ကြီး Mr.Robert Habeck သည် Green ပါတီအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဂျာမနီနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများအပေါ် တရုတ်နိုင်ငံက ထိန်းချုပ်လုပ်ကိုင်လာမည်ကို စိုးရိမ်ကြောင်းပြသနေပါသည်။ Silex ကုမ္ပဏီသည် တရုတ်နိုင်ငံ Sai MicroElectronics ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်ကာ ဆွီဒင်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ဆီမီးကွန်ဒတ်တာ (semiconductor)နှင့် ချစ်ပ်များသည် ကားထုတ်လုပ်သူများအတွက် အရေးပါသောထုတ်ကုန်များဖြစ်ပြီး လွန်ခဲ့သည့်နှစ်များအတွင်းက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားမှုများနှင့် supply chain ပိုင်းအခက်အခဲများ ကြုံတွေ့ခဲ့ရမှုများကြောင့် ပစ္စည်းပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဂျာမနီနိုင်ငံ နည်းပညာကုမ္ပဏီများသည် ၎င်းတို့၏ နည်းပညာများကို နိုင်ငံပိုင်နည်းပညာအနေဖြင့်တင်ပြ ဆောင်ရွက်ထားခြင်းမရှိကြောင်း သိရှိရပါသည်။

ဂျာမန်ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲမှုများ တိုးမြင့်လာနေပြီး အောက်တိုဘာလကုန်ပိုင်းတွင် ဟမ်းဘတ်ဆိပ်ကမ်းကွန်တိန်နာစခန်း အစိတ်အပိုင်းတစ်ခုကို တရုတ်နိုင်ငံ Cosco ကုမ္ပဏီသို့ ရောင်းချရန်ဆုံးဖြတ်မှုအပေါ် ဖက်ဒရယ်အစိုးရ ဝန်ကြီးဌာနများနှင့် မိတ်ဘက်ပါတီများက ပြင်းထန်စွာကန့်ကွက်မှုများရှိခဲ့ကာ ဂျာမနီနိုင်ငံက တရုတ်နိုင်ငံအပေါ် မှီခိုမှုရှိလာမည်ကို စိုးရိမ်မှုအပေါ် သဘောထားကွဲလွဲမှုများ စတင်ဖြစ်ပေါ်လာခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်ဆံပူးပေါင်းမှုများ တိုးမြှင့်လာခြင်းအတွက် ဝေဖန်တိုက်ခိုက်မှုများ မြင့်တက်လာနေခြင်း ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံ သမ္မတ Mr.Frank-Walter Steinmeier ကလည်း ဂျာမနီနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ယခင်ကဆက်ဆံမှုများနီးကပ်စွာ ပြုလုပ်ခဲ့ခြင်းများအတွက် ယခုအချိန်တွင် တွေ့ကြုံနေရသည်များကို သင်ခန်းစာယူ၍ ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်ကြောင်း၊ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဂျာမန်အစိုးရအဖွဲ့အစည်းအဝေးက ၉.၁၁.၂၀၂၂ ရက်နေ့တွင် ဂျာမန် **semiconductor** ကုမ္ပဏီနှစ်ခုဖြစ်သော **Elmos** ကုမ္ပဏီနှင့် **Bavaria** ပြည်နယ်ရှိ **ERS Electronic** ကုမ္ပဏီတို့ကို တရုတ်နိုင်ငံကုမ္ပဏီများသို့ ရောင်းချခြင်းကို ရပ်ဆိုင်းထားရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။ ဂျာမန်စီးပွားရေးဝန်ကြီး **Mr.Robert Habeck** က မိမိတို့ အစိုးရအနေဖြင့် အရေးပါသောအခြေခံအဆောက်အအုံများနှင့် သက်ဆိုင်သည့်ကုမ္ပဏီလုပ်ငန်းများ သို့မဟုတ် အီးယူပြင်ပနိုင်ငံများရှိ လုပ်ငန်းများသို့ နည်းပညာစီးဆင်းခြင်းဖြင့် ထိခိုက်မှုရှိစေနိုင်သောလုပ်ငန်းများ လွှဲပြောင်းလုပ်ကိုင်စေခြင်းကို သတိရှိစွာဖြင့်လုပ်ကိုင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး တရုတ်နိုင်ငံသည်လည်း အဓိကအရေးပါသောကုန်သွယ်ဖက်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ သို့သော် **semiconductor** နှင့် **microchip** ထုတ်လုပ်မှုလုပ်ငန်းများအား လွှဲပြောင်းရယူလုပ်ကိုင်မည့် တရုတ်နိုင်ငံ၏ ဗျူဟာ

အခင်းအကျင်းသည် ဂျာမနီနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်လာနိုင်ဘွယ်ရှိကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရအဖွဲ့အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် မိတ်ဘက်ပါတီများနှင့် ဝန်ကြီးဌာနများက ထောက်ခံအားပေးခဲ့ကြပါသည်။

**semiconductor** များသည် ကွန်ပြူတာချစ်ပ်များနှင့် အီလက်ထရောနစ်စက်ပစ္စည်းများ ထုတ်လုပ်ခြင်းအတွက် အဓိကအစိတ်အပိုင်းများဖြစ်ပြီး စျေးကွက်တွင် ဦးဆောင်ထုတ်လုပ်နေသူများသည် အာရှဒေသမှ ဖြစ်လာကြပါသည်။ ယခင်က အမေရိကန်၊ ဥရောပနှင့် ဂျပန်နိုင်ငံတို့က **semiconductor** နှင့် **microchip** ထုတ်လုပ်မှု၌စျေးကွက်တွင် ဦးဆောင်သူများဖြစ်ကြသော်လည်း ယခုနောက်ပိုင်းတွင် တရုတ်၊ ထိုင်ဝမ်၊ တောင်ကိုးရီးယားနိုင်ငံတို့က စျေးကွက်နေရာများစွာရယူလာနိုင်ကြကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/german-ministry-seeks-to-block-chinese-chip-factory-takeover/a-63681593https://www.dw.com/en/germany-halts-chinese-buyouts-of-semiconductor-firms/a-63693350

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

....................................................................................................

## ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံ ကုန်သွယ်မှုအခြေအနေ

ဂျာမနီနိုင်ငံ၏ စက်တင်ဘာလ ကုန်သွယ်မှုအချက်အလက်များကို Federal Statistical Office (Destatis)က ပြန်လည်ညှိနှိုင်းပြင်ဆင် ထုတ်ပြန်ချက်အရ ပို့ကုန်တန်ဘိုး ယူရို(၁၄၂.၁) ဘီလီယံနှင့် သွင်းကုန်တန်ဘိုးယူရို(၁၃၄.၀) ဘီလီယံရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေ ယူရို(၈.၁) ဘီလီယံရှိခဲ့ကြောင်း၊ အမေရိကန်၊ ပြင်သစ်၊ နယ်သာလန်နိုင်ငံတို့သို့ အများဆုံးတင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းမှု ရှိခဲ့ကြောင်း သိရှိရပါသည်။

ဂျာမနီနိုင်ငံ၏ မြန်မာနိုင်ငံနှင့် စက်တင်ဘာလ ကုန်သွယ်မှုတွင် ပို့ကုန်ယူရို (၄.၈၂၄) သန်းနှင့် သွင်းကုန် ယူရို (၂၁၄.၄၅၁) သန်း ရှိခဲ့ကြောင်း Federal Statistical Office (Destatis) ၏ စာရင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ မြန်မာနိုင်ငံမှ သွင်းကုန်ပိုင်းတွင် ဩဂုတ်လ၌ ယူရို (၁၅၁.၂၂၉)သန်း ရှိခဲ့ရာမှ စက်တင်ဘာလ၌ ဩဂုတ်လထက် ယူရို (၆၃.၂၂၂) သန်း (၄၁.၈ ရာခိုင်နှုန်း) ပိုမိုတင်သွင်းခဲ့ရာ CMP အထည်ချုပ်ထုတ်ကုန်များ၊ ဖိနပ်၊ ရော်ဘာ၊ အီလက်ထရောနစ်စက်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့ကြောင်း၊ ပို့ကုန်ပိုင်းတွင် မြန်မာနိုင်ငံသို့ ဆေးပစ္စည်းများ၊ စက်

ပစ္စည်းများနှင့် အီလက်ထရောနစ်ပစ္စည်းများ၊ စက္ကူ၊ ပလပ်စတစ်၊ မျက်မှန်နှင့် ဓါတ်ပုံပစ္စည်းတို့ တင်ပို့မှုရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ဂျာမနီနိုင်ငံ၏ စက်တင်ဘာလငွေကြေးဖောင်းပွမှုနှုန်းကို မူလခန့်မှန်းထားသည့် (၁၀.၄) ရာခိုင်နှုန်းအား Federal Statistical Office (Destatis) က (၁၁.၁၁.၂၀၂၂)ရက်နေ့တွင် အတည်ပြုခဲ့ပြီး ဂျာမနီနိုင်ငံ အရှေ့အနောက်ပေါင်းစည်းပြီးနောက်ပိုင်း အမြင့်ဆုံးစံချိန်ကို ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ Federal Statistical Office ၏ ဥက္ကဋ္ဌဖြစ်သူ Dr. Georg Thiel က စွမ်းအင်ဈေးနှုန်းများမြင့်တက်မှုက အဓိကဖြစ်ပြီး လေ့လာမှုများအရ အခြားကုန်စည်နှင့်ဝန်ဆောင်မှုစရိတ်များ အထူးသဖြင့် စားသောက်ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ညအိပ်တည်းခိုမှုများစာရင်းအရ ခရီးသွားလာသူ အရေအတွက် (၄၇.၂)သန်းရှိပြီး ဩဂုတ်လထက် လျော့နည်းခဲ့သော်လည်း ၂၀၂၁ ခုနှစ် ကာလတူထက် (၄.၇)ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ငွေကြေးဝန်ဆောင်မှုနှင့် အာမခံလုပ်ငန်းများ အပါအဝင်ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေသည် ဇူလိုင်လထက်(၀.၅) ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ် ကာလတူထက် (၁၁.၅) ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း သိရှိရပါသည်။

Source:https://www.destatis.de/EN/Home/_node.html
သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

.........................................................................................................

## တရုတ်နိုင်ငံ၏ ဆောင်းရာသီထုတ်ကုန်များ ဥရောပဝယ်အားနှစ်ဆမြင့်တက်ရုံမက အမှာစာတန်းစီမှု နောက်နှစ်အထိရောက်ရှိ

တရုတ်နိုင်ငံ၏ ဆောင်းရာသီထုတ်ကုန်များဖြစ်သော အနွေးထည်ဘောင်းဘီ၊ ခြေအိပ်များမှအစ လျှပ်စစ်အပူပေးစက်များအထိ တင်ပို့မှုသည် ယူကရိန်း အကျပ်အတည်းနှင့် စွမ်းအင်ထောက်ပံ့မှုကွာဟချက်ကြောင့် အခက်အခဲကြုံနေရသည့် ဥရောပသားများ ဆောင်းရာသီ အအေးဒဏ် ကြိုတင်ပြင်ဆင်ရန်အတွက် တရုတ်ရောင်းချသူများထံ ရောက်ရှိလာသည့် ဆောင်းတွင်းသုံးပစ္စည်းများအမှာစာ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

အလီဘာဘာအုပ်စုလက်အောက်ရှိ နယ်စပ်ဖြတ်ကျော်အွန်လိုင်းလက်လီ ပလက်ဖောင်းဖြစ်သည့် AliExpress မှ အချက်အလက်များအရ အနွေးဝတ်ဘောင်းဘီရှည်(အထူ)၊ ဖလန်နယ်

ညဝတ်အင်္ကျီနှင့် လျှပ်စစ်အပူပေးစက်များကဲ့သို့သော တရုတ်လုပ် ဆောင်းရာသီဝတ်ထုတ်ကုန်များကို ဥရောပစားသုံးသူများမှ သိမ်းကြုံးမှာယူထားကြောင်း သိရသည်။

ဥရောပဈေးကွက်တွင် တရုတ်လုပ် အနွေးထည်ဘောင်းဘီများ ရောင်းအားသည် အောက်တိုဘာလမှစပြီး လစဉ်ရောင်းအားနှင့်နှိုင်းယှဉ်ချက်အရ ၁၃၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အပူခံအတွင်းခံများ၊ ရေနွေးပုလင်းများနှင့် လက်နွေး ကိရိယာများအတွက် အမှာစာများ ၂၄၆ ရာခိုင်နှုန်း၊ ၃၀၀ ရာခိုင်နှုန်းနှင့် ၄၄၇ ရာခိုင်နှုန်း အသီးသီး ခုန်တက်သွားခဲ့ကြောင်း နယ်သာလန်၊ ပြင်သစ်၊ ဂျာမနီနှင့် ပိုလန်တို့မှ ဝယ်ယူသူများသည် အပူပေးစက်များ၊ ခြေစွပ်(အနွေး)များနှင့် လျှပ်စစ်ပဝါများအပါအဝင် တရုတ်ထုတ်ကုန်များအပေါ် မှီခိုမှု အများဆုံးဖြစ်ကြောင်း AliExpress မှ ပြောကြားခဲ့သည်။

ဥရောပတွင် စွမ်းအင်ပြတ်လပ်မှု ဆက်တိုက်ဖြစ်ပေါ်နေခြင်းကြောင့်နှင့် အပူပေးစရိတ်များ မြင့်တက်လာခြင်းကြောင့် ယခုနှစ်တွင် ဆောင်းရာသီအဝတ်အထည်နှင့် ကုန်ပစ္စည်းများ တင်ပို့မှုမှာ ၂၀၂၁ ခုနှစ်ထက် နှစ်ဆတိုးလာကြောင်း Zhejiang Kangying Garment Co ၏ အထွေထွေမန်နေဂျာက ကုမ္ပဏီ၏ သိုးမွေးဆွယ်တာ တင်ပို့မှုပမာဏသည် ၂၀၂၂ ခုနှစ် ယခုအချိန်အထိ အရေအတွက် တစ်သန်းကျော်ရှိပြီး ယမန်နှစ်ပမာဏထက် နှစ်ဆတိုးလာကြောင်း သိုးမွေးအင်္ကျီများကို ဥရောပ၊ မြောက်အမေရိကနှင့် ဩစတေးလျဈေးကွက်များတွင် ရောင်းချနေကြောင်း ၎င်းတို့၏ဖောက်သည်များသည် ယခုနှစ်တွင် လူကြိုက်များသော ဆောင်းရာသီထုတ်ကုန်အတွက် အမှာစာများပိုများလာပြီး ဒေသ၏ စွမ်းအင်ပြတ်လပ်မှုကြောင့် ဥရောပမှမှာယူမှုများကြောင်း ဖောက်သည်များသည် လည်ထောင်ပုံစံမှ ရင်ကွဲသိုးမွေးပုံစံအထိ စတိုင်အမျိုးမျိုးဖြင့် ရွေးချယ်နိုင်ပါကြောင်း ဈေးနှုန်းသက်သာသော အခြေခံစတိုင်လ်သည် ပိုမိုလူကြိုက်ကြောင်း အထွေထွေမန်နေဂျာက ပြောပါသည်။

Zhejiang Huigang Fashion Co ၏ အထွေထွေမန်နေဂျာ Sheng Qiang မှ ပြောကြားရာတွင် ဆောင်းဦးနှင့် ဆောင်းရာသီအတွက် သိုးမွေးဆွယ်တာ အမှာစာများမှာ တစ်နှစ်ထက် တစ်နှစ် ၁၀ မှ ၁၅ ရာခိုင်နှုန်းအထိ တိုးလာကြောင်းနှင့် ဥရောပမှ မှာယူမှုအများစုမှာ စပိန်၊ အီတလီနှင့် ပြင်သစ်မှ မှာယူမှုများရှိကြောင်း၊ ဥရောပတွင် စွမ်းအင်အကျပ်အတည်းကြောင့် ဥရောပသားအများစုက အနွေးထည်နှင့် အင်္ကျီတွေ စုဆောင်းနေကြကြောင်း အမှာစာအများစုသည် ယခုနှစ် ဒုတိယသုံးလပတ်တွင် စတင်ခဲ့ပြီး ဇူလိုင်လမှ စက်တင်ဘာလအထိ အမြောက်အမြား ထုတ်လုပ်ခဲ့ကြောင်း ဖောက်သည်များထံရောက်ရှိရန် သယ်ယူပို့ဆောင်ရေး တစ်လခန့်ကြာကြောင်း Sheng မှ ပြောကြားခဲ့သည်။

Agribusiness & Trade

ဝယ်လိုအားနှစ်ဆဖြစ်၍ အမှာစာများနောက်နှစ် ၂၀၂၃ ခုနှစ်သို့ တန်းစီနေကြောင်း လက်ရှိဖြစ်ပေါ်နေသော စွမ်းအင်အကျပ်အတည်းအောက်တွင် အများစုမှာ ဥရောပနိုင်ငံများမှ အမှာစာများ ပိုမိုရရှိနေကြောင်း တရုတ်နိုင်ငံအရှေ့ပိုင်း Zhejiang ပြည်နယ်ရှိ Zhuji Aishanglin Knitting Co မှ ဘောင်းဘီကိုယ်စားလှယ် တစ်ဦးဖြစ်သူ Lu Huazhen က မကြာသေးမီက ဥရောပဖောက်သည်နှစ်ဦးထံမှ သူမအား မပို့ရသေးသော leggingsများ အတွက် အထည်အထူထူချုပ်ပေးရန် တောင်းဆိုသည့် အီးမေးလ်များကို လက်ခံရရှိထားကြောင်း ပုံမှန်ဆိုလျှင် အော်ဒါများကို နှစ်ဦးပိုင်းတွင်လက်ခံရရှိပြီး ဧပြီလမှ အောက်တိုဘာလအတွင်း ပို့ပေးလေ့ရှိကြောင်း ကုမ္ပဏီ၏ ယခုနှစ်ပထမကိုးလ အတွင်းရောင်းချမှုပမာဏသည် ၂၀၂၁ ခုနှစ် တစ်ခုလုံး၏ အရောင်းပမာဏဖြစ်သော ယွမ်သန်း ၃၀ ကျော် (ဒေါ်လာ ၄.၁၂ သန်း)ထက်ပိုမိုကျော်ရှိပြီး ဥရောပမှ မှာယူမှုများသည် အများစုဖြစ်ကြောင်း ကျွန်တော့်စက်ရုံအတွက် အမှာစာများမှာ ၂၀၂၃ ခုနှစ် မေလအထိ တန်းစီနေပြီး ၂၀၂၂ ခုနှစ်၏ ရောင်းအား ၃.၆ သန်းအထိ ရှိလာကြောင်း တရုတ်နိုင်ငံ၏ အနွေးထည်များနှင့် အနွေးဓတ်ပေးခြင်း ဆိုင်ရာလုပ်ငန်းများသည် ထုတ်လုပ်မှုကို လျင်မြန်စွာချဲ့ထွင်နိုင်ပြီး ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်သည့် ခိုင်မာသောစက်မှုလုပ်ငန်းထောက်ပံ့ရေးကွင်းဆက်ဖြင့် ကျောထောက်နောက်ခံပြုထားကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ "အပူအတွင်းခံဘောင်းဘီနှင့် သိုးမွေးအင်္ကျီများသည် တရုတ်နိုင်ငံတွင် ပြီးပြည့်စုံသော စက်မှုလုပ်ငန်းများ အခြေတည်ဆောက်ပြီးဖြစ်ကြောင်း ကုန်ကျစရိတ်ထိရောက်ပြီး ကောင်းမွန်စွာ တည်ဆောက်ထားသော တရုတ်အနွေးဓတ်ပေး ပစ္စည်းများသည် စွမ်းအင်အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော ဥရောပတိုက်သားများ၏ လိုအပ်ချက်အတွက်ဖြစ်သည်" ဟု ဖိနပ်နှင့် အဝတ်အထည်လုပ်ငန်း လေ့လာသုံးသပ်သူတစ်ဦးက ပြောကြားခဲ့ကြောင်း တစ်ချိန်တည်းမှာပင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ဆန်းသစ်တီထွင်မှုစွမ်းရည်၊ ဒစ်ဂျစ်တယ် ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော် e-commerce အားသာချက်များသည် တရုတ်စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားဈေးကွက်တွင်ထိုးဖေါက်နိုင်ရန် အထောက်အကူဖြစ်စေသော အကြောင်းရင်းများ ဖြစ်ကြောင်း Zhejiang Huigang Fashion Co မှ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် နှစ်စဉ် ယွမ် ၅ သန်းကျော် ရင်းနှီးမြုပ်နှံပြီး ဖောက်သည်များ ရွေးချယ်နိုင်သော အဝတ်အစား စတိုင်လ်ပေါင်း ၃၀၀၀ ကျော်ကို နှစ်စဉ်တီထွင်ထုတ်လုပ်ခဲ့ကြောင်း ကုမ္ပဏီသည် ချည်မျှင်များ၏ဝတ်ဆင်မှုခံနိုင်ရည်၊ ကျုံ့နိုင်ဆန့်နိုင်သည့်နှုန်း၊ ခလုတ်/ ကြယ်သီး၏တင်းအားနှင့် အရောင်အသွေးခိုင်မာမှုတို့ကို စမ်းသပ်မည့်ဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ရန် ပြင်ဆင်နေကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထို့ပြင် အခြားကုမ္ပဏီများသည်လည်း COVID-19 ၏အကျိုးသက်ရောက်မှု အောက်တွင် စီးပွားရေးလုပ်ငန်း၏တစ်စိတ်တစ်ပိုင်းကို အွန်လိုင်းသို့ ပြောင်းရွှေ့နေကြကြောင်း ကုမ္ပဏီသည် နိုင်ငံရပ်ခြားရှိ သုံးစွဲသူများ၏ လိုအပ်ချက်အရ ထုတ်ကုန်အသစ်များအတွက် အွန်လိုင်းသတင်း စာရှင်းလင်းပွဲတစ်ခု ပြုလုပ်မည်ဖြစ်ပြီး သိုးမွေးအင်္ကျီများကို အွန်လိုင်းနှင့် စတူဒီယိုရှိ ပြေးလမ်း အသေးစားကို စတိုင်အမျိုးမျိုးဖြင့် နိုင်ငံရပ်ခြားမှ သုံးစွဲသူများ၏ လိုအပ်ချက်အတိုင်း ပြုလုပ်သွား နိုင်ရန် livestreamers များဖြင့် မိတ်ဆက်မည်ဖြစ်ကြောင်း တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း သုံးစွဲ သူများသည် အွန်လိုင်းမှ တိုက်ရိုက်မှာယူနိုင်ပါကြောင်း ဥရောပတစ်ဝှမ်း ဝယ်လိုအား ရုတ်တရက် တိုးလာခြင်းဖြစ်၍ ဤဈေးကွက် အခွင့်အလမ်းသည် ကြာရှည်ခံမည်မဟုတ်သော်လည်း ၎င်းသည် တရုတ်နိုင်ငံ၏ အနွေးထည်ထုတ်ကုန်များကို ပြည်ပသို့ရောက်ရှိရန်နှင့် တရုတ်ကုန်အမှတ် တံဆိပ် များ နိုင်ငံတကာဈေးကွက်တွင် ဝင်ရောက်ကြီးထွားရန် လုပ်ဆောင်မှုအတွက် ကောင်းမွန်သော အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ် China's winter-product exports double as European demand increases; queues stretch into next year - Global Times

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

......................................................................

## တရုတ်-ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားဝန်ဆောင်မှုများသည် စဉ်ဆက်မပြတ် တိုးတက်နေ

တရုတ်-ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားဝန်ဆောင်မှုများသည် စဉ်ဆက်မပြတ် တိုး တက်နေပြီး ၎င်းတို့၏ ခရီးသွားလာမှု အချိန်ဇယားများ အမြဲအချိန်မှန်၍ တည်ငြိမ်နေကြောင်း China Railway Container Transport Corp က (၁၅-၁၁-၂၂) ရက်နေ့တွင် ပြောကြားခဲ့သည်။ photovoltaic အင်ဗာတာများ၊ လျှပ်စစ်ကွန်ပရက်ဆာများ၊ ဖုန်စုပ်စက်များနှင့် အခြားထုတ်ကုန် များကို သယ်ဆောင်လာသော ရထားတစ်စီးသည် ဂျာမနီနိုင်ငံ Duisburg သို့ (၁၄-၁၁-၂၂) ရက် နေ့တွင် ရောက်ရှိခဲ့ကြောင်း ယင်းသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း Shaanxi ပြည်နယ်ရှိ Xi'an မှ ဂျာမနီနိုင်ငံ Duisburg သို့ မရောက်မီ (၁၁) ရက်အလိုတွင် ထွက်ခွာခဲ့ကြောင်း ၎င်း၏ ဦး တည်ရာသို့ ကီလိုမီတာ ၉,၉၀၈ ခရီးနှင်ခဲ့ကြောင်း ကုန်စည်ပို့ဆောင်ရေးရထားသည် ၎င်း၏လမ်း ကြောင်းတစ်လျှောက်တွင် သတ်မှတ်ထားသည့်အချိန်ဇယားအတိုင်း ဆောင်ရွက်နိုင်ပြီး မြို့များ

Agribusiness & Trade

ကြား သယ်ယူပို့ဆောင်ရေးအချိန်ကိုက်ရောက်ရှိခြင်းဖြင့် ဝန်ဆောင်မှုအရည်အသွေးကို မြှင့်တင်ပေးကြောင်း သိရှိရပါသည်။

ပုံမှန် တရုတ်-ဥရောပ ကုန်စည်ပို့ဆောင်ရေးရထားများနှင့် နှိုင်းယှဉ်ပါက ဝန်ဆောင်မှုအသစ်တွင် ရထားတွဲများ၊ လမ်းကြောင်းများ၊ ဆိုင်းများနှင့် ကွဲပြားသော ရထားလမ်းတိုင်းများရှိသည့် နိုင်ငံများတွင် အပါအဝင် ကဏ္ဍအားလုံးတွင် ပုံသေသတ်မှတ်ထားပါကြောင်း နယ်စပ်ဖြတ်ကျော်ခရီးတွင် ကွန်တိန်နာများ ပြန်လည်တင်ဆောင်ခြင်းလည်း ပါဝင်ပါကြောင်း ဝန်ဆောင်မှုအသစ်သည် နယ်ခြားဘူတာရုံများနှင့် ကွန်တိန်နာများပြန်လည်တင်ခြင်း လုပ်ငန်းစဉ်အတွင်း စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေခြင်းဖြင့် လည်ပတ်ချိန်ကို ပိုမိုကောင်းမွန်စွာ ထိန်းချုပ်နိုင်ပြီး သယ်ယူပို့ဆောင်ရေးအချိန်ကို ပိုမိုတည်ငြိမ်စေပါကြောင်း ယင်းသို့ ဝန်ဆောင်မှုပေးသည့် ဒုတိယခရီးစဉ်သည် Xi'an မှ ထွက်ခွာပြီး (၂-၁၁-၂၂) ရက်နေ့တွင် Duisburg သို့ ဦးတည်ခဲ့ကြောင်း ဝန်ဆောင်မှု၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် ပိုမိုတည်ငြိမ်သော အချိန်ဇယားကို ပေးဆောင်ရန်၊ တရုတ်နှင့် ဂျာမနီအပါအဝင် နိုင်ငံခုနစ်နိုင်ငံမှ မီးရထားအော်ပရေတာများနှင့် ဝန်ဆောင်မှုပေးသူများသည် သတ်မှတ် အချိန်ဇယားများကို စီမံခန့်ခွဲရန် ပေါင်းစပ်ညှိနှိုင်းမှု အစီအစဉ်တစ်ခုကို ရေးဆွဲခဲ့ကြကြောင်း China State Railway Group သည် ယခုနှစ်အစပိုင်းတွင် တရုတ်နှင့် ဥရောပအကြား လမ်းကြောင်းလေးခုတစ်လျှောက် အချိန်ဇယားများ စတင်ရေးဆွဲခဲ့ပါကြောင်း ကာဇက်စတန်၊ ရုရှား၊ ဘီလာရုစ်၊ ပိုလန်နှင့် ဂျာမနီအပါအဝင် လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများရှိ မီးရထားအော်ပရေတာများနှင့် ဝန်ဆောင်မှုပေးသူများနှင့် အကြိမ်ပေါင်းများစွာ ဆွေးနွေးပြီးနောက်၊ Xi'an နှင့် Duisburg ကြားရှိ တရုတ်-ဥရောပ ကုန်တင်ရထားဝန်ဆောင်မှု၏ ပထမဆုံးသတ်မှတ်အချိန်ဇယားသည် အောက်တိုဘာလတွင် ပြီးစီးခဲ့ပါကြောင်း လမ်းကြောင်းတစ်လျှောက် စမ်းသပ်မှုများအား (၂၆-၁၀-၂၂) ရက်နေ့တွင် စတင်ခဲ့ပါကြောင်း ဝန်ဆောင်မှုပေးသူအနေဖြင့် China Railway Container Transport Corp သည် တရုတ်-ဥရောပ ကုန်တင်ရထားများ ချောမွေ့စွာလည်ပတ်နိုင်စေရန်အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

တရုတ်နိုင်ငံတွင် ၎င်းသည် ကွန်တိန်နာများနှင့် တင်ဆောင်မည့် အစီအစဉ်များကို ပံ့ပိုးပေးကာ ကုန်စည်ပို့ဆောင်ရေး အချက်အလက်များကို စစ်ဆေးပြီး အကောက်ခွန်ကိုင်တွယ်ရာတွင် ကူညီပေးပါကြောင်း ကုမ္ပဏီသည် Shaanxi နှင့် Gansu ပြည်နယ်များရှိ ဒေသဆိုင်ရာ မီးရထား အော်ပရေတာများအပြင် Xinjiang Uygur ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရထားများသည် တရုတ်နိုင်ငံတွင် သတ်မှတ်ထားသော အချိန်ဇယားအတိုင်း လိုက်နာကြောင်း သေချာစေရန်လည်း လုပ်ဆောင်ပါကြောင်း ရထားများ တရုတ်နိုင်ငံမှ ထွက်ခွာသည့်အခါ ကုမ္ပဏီသည် အချိန်နှင့်တပြေးညီ စောင့်ကြည့်စစ်ဆေးခြင်း real-time monitoring ဆောင်ရွက်ပြီး ဒေသတွင်း မီးရ

Agribusiness & Trade

ထားအော်ပရေတာများနှင့် ဝန်ဆောင်မှုပေးသူများကို သတင်းအချက်အလက် ပေးပါကြောင်း နောက်တစ်ဆင့်မှာ ချောမွေ့သော နိုင်ငံတကာစက်မှု ထောက်ပံ့ရေးကွင်းဆက်ကို ပိုမိုကောင်းမွန်စွာ ပံ့ပိုးပေးနိုင်သည့် တရုတ်-ဥရောပ ကုန်တင်ရထား ဝန်ဆောင်မှုများ၏ အရည်အသွေးမြှင့်တင်ရန် သတ်မှတ်အချိန်ဇယားများဖြင့် လမ်းကြောင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ကြောင်း ကုမ္ပဏီမှ ပြောကြားခဲ့ပါသည်။

ရင်းမြစ် China–Europe freight train services improved – News – 云桥网英文 (yunnangate way.com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

..............................................................................................................

Agribusiness & Trade

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၆/ ၂၀၂၂) ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၂၄) ရက်

| ၂၄-၁၁-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၁၈၈.၀ |
| စင်္ကာပူဒေါ်လာ | ၁၅၂၈.၃ |
| စတာလင်ပေါင် | ၂၅၃၈.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၅၁၄.၄ |
| တရုတ်ယွမ် | ၂၉၄.၄၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၈၆ |
| အိန္ဒိယရူပီး | ၂၅.၇၂၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၃၃ |
| မလေးရှား ရင်းဂစ် | ၄၆၇.၃၉ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၀၄၀ |
| ထိုင်းဘတ် | ၅၈.၇၀၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၅၄၈ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

- ITB Berlin 2023 နိုင်ငံတကာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသမည့်အစီအစဉ်
- ဂျာမနီနိုင်ငံတွင် ခါတ်ငွေ့ဖြည့်တင်းနိုင်မှ ရာခိုင်နှုန်းပြည့်မီရောက်ရှိခြင်း
- တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်း အမှတ်တံဆိပ်ဆိုင်ရာအက်ဥပဒေမူကြမ်းကို အတည်ပြုချမှတ်ခြင်း (ဂျာမနီနိုင်ငံ)
- Global Forum for Food and Agriculture (GFFA)ကျင်းပမည့်အစီအစဉ်
- တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်ဖိုးရှိသော ပရောဂျက်များကို လက်မှတ်ရေးထိုးခဲ့
- တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းတွင် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ ပထမဆုံး ထိပ်သီးအစည်းအဝေးကျင်းပခဲ့
- တရုတ်နိုင်ငံတွင် GMS နိုင်ငံများ၏ စိုက်ပျိုးရေးနှင့် စက်မှုထုတ်ကုန် Matchmaking ပွဲများကျင်းပသွားရန်ရှိ
- တရုတ်နှင့် ဂျပန်တို့သည် နှစ်နိုင်ငံဆက်ဆံရေးတွင် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘောတူညီမှု ရရှိခဲ့

## ITB Berlin 2023 နိုင်ငံတကာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသမည့်အစီအစဉ်

International Tourism Fair (ITB) Berlin နိုင်ငံတကာခရီးသွားပြပွဲသည် ဂျာမနီနိုင်ငံတွင် ကျင်းပသော အကြီးဆုံး နိုင်ငံတကာခရီးသွားပြပွဲကြီးဖြစ်ပြီး ပြပွဲကို ခရီးသွားလာခြင်း (Travel)၊ ခရီးသွားလုပ်ငန်း(Tourism)၊ ဧည့်ဝတ်ပြုခြင်း(Hospitality) လုပ်ငန်းကဏ္ဍများအားအတူတကွ ဆောင်ရွက်ကြစေရန်ရည်ရွယ်၍ ကမ္ဘာတစ်ဝှမ်းမှခရီးသွားလုပ်ငန်းများ၏ ဗဟိုအချက်အခြာတစ်ခုအနေဖြင့် ၁၉၆၆ ခုနှစ် ကတည်းကပင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ITB Berlin 2023ကို ဂျာမနီနိုင်ငံ ဘာလင်မြို့ City Cube Berlinတွင် ၂၀၂၃ ခုနှစ် မတ်လ (၇)ရက်နေ့မှ (၉) ရက်နေ့ထိ ကျင်းပမည်ဖြစ်ပါသည်။ မူလ Registration နောက်ဆုံးရက်မှာ ၃၀.၉.၂၀၂၂ ဖြစ်ပါသည်။ နိုင်ငံများစွာမှ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ ခရီးသွားကုမ္ပဏီများ၊ ဟိုတယ်လုပ်ငန်းများ ပြန်လည်စုဝေးကြပြီး ခရီးသွားလုပ်ငန်းအတွက် ဖြစ်နိုင်သည့်အလား အလာများကိုတွေ့ဆုံဆွေးနွေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ကွန်ယက်ချိတ်ဆက်မှုများ၊ သတင်းအချက်အလက် ဖလှယ်ခြင်းများ ပြန်လည်ပြုလုပ်နိုင်ကြရန်အတွက် B2B Show ပုံစံဖြင့် ပိုမိုဦးစားပေးကျင်းပ ဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်း၊ITB Berlin Convention ကိုလည်း မြေပြင် Trade show များနှင့် တစ်ချိန်တည်းတွင် ကျင်းပရန် စီစဉ်ထားရှိပြီး ပြပွဲကာလအတွင်း တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ITB Berlin ပြပွဲကို ၂၀၁၉ ခုနှစ်က နောက်ဆုံးကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုကြောင့် ပြပွဲအတွက် စီစဉ်ထားမှုများ ဖျက်သိမ်း၍ ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ မြန်မာနိုင်ငံပြခန်းဆောင်ပြသရန် စီစဉ်ဆောင်ရွက်ထားမှုများလည်း ဖျက်သိမ်းခြင်းပြုလုပ်ခဲ့ရပါသည်။ ၂၀၂၁ ခုနှစ်မတ်လတွင် ITB Berlin ၏ ပထမဦးဆုံးအကြိမ် Virtual Event ကို လည်းကောင်း၊ ၂၀၂၂ ခုနှစ် မတ်လတွင် ITB Website မှ ITB Berlin Convention နှင့် Digital Business Day တို့ကို လည်းကောင်း ကျင်းပခဲ့ပြီးနောက် ယခုအခါ ၂၀၂၃ ခုနှစ်အတွက် onsite ပြပွဲ ပြန်လည်ကျင်းပရန် စီစဉ်ခြင်းဖြစ်ပါသည်။ ဂျာမနီနိုင်ငံ ITB ၏ ၂၀၂၃ ခုနှစ် Partner Country အဖြစ် ဂျော်ဂျီယာနိုင်ငံက ဆောင်ရွက်မည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ၆.၃.၂၀၂၃ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

ITB Berlin တွင် မြန်မာနိုင်ငံမှ ပြခန်းကြီးတစ်ခု နှစ်စဉ်ပြသလေ့ရှိပြီး အစိုးရနှင့် ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်လျှက် ဂျာမနီနိုင်ငံနှင့် အခြားမိတ်ဘက်နိုင်ငံများမှ ဝန်ကြီးများကို မိတ်ဖွဲ့နှုတ်ဆက်ခြင်း၊ အခြား Tour Company များနှင့် ချိတ်ဆက်ခြင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍကို မြှင့်တင်ခြင်း၊ မြန်မာနိုင်ငံ၏ အရပ်ဒေသတစ်ခုကို

Agribusiness & Trade

ရွေးချယ်၍ ခရီးသွားလုပ်ငန်းမြှင့်တင်မှုကို Myanmar Evening Reception ပြုလုပ်ဧည့်ခံခြင်း စသည်တို့ကို မြန်မာသံရုံး၊ ဘာလင်၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆောင်ရွက်ပါသည်။

ITB Berlin 2023 တွင် မြန်မာနိုင်ငံပြခန်းပါဝင်ပြသမည့်အစီအစဉ်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနဘက်က စက်တင်ဘာလအတွင်းမှစ၍ ITB Berlin ပြပွဲနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းမှုရှိလာမှုအပေါ် စီးပွားရေးသံမှူးအနေဖြင့် ပြပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များပေးပို့၍ ဌာနတာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ITB ပြပွဲကျင်းပရေးဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများပြုလုပ်ထားရှိပါသည်။ ITB ဘက်က ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနသို့ ပြပွဲဖိတ်ကြားစာကို ပေးပို့ခဲ့ပြီး Registration ပြုလုပ်ရမည့်နောက်ဆုံးရက်ကိုလည်း ၃၀.၁၁.၂၀၂၂ ရက်နေ့သို့ တိုးမြှင့်ရွှေ့ဆိုင်းပေးထားမှုရှိပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အစီအစဉ်အရ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(Myanmar Tourism Federation–MTF)က ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ၊ ကုမ္ပဏီများပါဝင်၍ ITB Berlin 2023 တွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်း ပါဝင်ပြသမည်ဖြစ်ပါသည်။

ITB Berlin တွင် ပါဝင်ပြသခြင်းအတွက် ဆောင်ရွက်ရမည့် Registration ပြုလုပ်ခြင်း၊ ပြခန်း နေရာအတည်ပြုခြင်း၊ ပြခန်းဒီဇိုင်းရွေးချယ်တည်ဆောက်ခြင်း၊ ပြခန်းအတွက် လိုအပ်သည့် ပစ္စည်းများနှင့် ဝန်ဆောင်မှုများမှာယူခြင်း၊ Exhibitor pass နှင့်အခြားလိုအပ်သည့် လက်မှတ်များ ရယူခြင်းများအတွက် ITB Website (www.itb.com)တွင် အွန်လိုင်းစနစ်ဖြင့် အားလုံးပြုလုပ်ရမည်ဖြစ်ပါသည်။ ပြပွဲတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကုမ္ပဏီများ ပါဝင်ပြသမည့် အစီအစဉ်အရ စီးပွားရေးသံမှူးအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(MTF)နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း **(Myanmar Tourism Marketing Association–MTM)** တို့မှ တာဝန်ရှိသူများနှင့် အဆက်အသွယ်ရရှိ၍ **Registration** ပြုလုပ်နိုင်ရန်နှင့် ပြပွဲအတွက်လိုအပ်သည့် အချက်အလက်များပေးပို့ကာ ဆွေးနွေးမှုများ ပြုလုပ်ထားရှိပြီး ဆက်လက်ဆောင်ရွက်ရမည့်အဆင့်များအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက် ရှိပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

…………………………………………………………………..

Agribusiness & Trade

## ဂျာမနီနိုင်ငံတွင် ဓါတ်ငွေ့ဖြည့်တင်းနိုင်မှု ရာခိုင်နှုန်းပြည့်မီရောက်ရှိခြင်း

ဂျာမနီနိုင်ငံတွင် ဆောင်းရာသီဓါတ်ငွေ့ဖြည့်တင်းနိုင်မှု အခြေအနေသည် (၁၀၀) ရာခိုင်နှုန်းပြည့်မီ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း European gas storage association က ၁၅.၁၁.၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ဂျာမနီနိုင်ငံ၏ စွမ်းအင်ဆိုင်ရာစည်းမျဉ်းချမှတ်ထိန်းကျောင်းသည့် အဖွဲ့အစည်းဖြစ်သော Federal Network Agency ကလည်း ရာနှုန်းပြည့် ဓါတ်ငွေ့ဖြည့်တင်းနိုင်မှုအတွက် ထပ်လောင်းအတည်ပြုပြောကြားခဲ့ပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် အိမ်ထောင်စုများနှင့်စီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သောဓါတ်ငွေ့ဖြည့်တင်းနိုင်ရန် အခြားရရှိနိုင်မည့် အရင်းအမြစ်များမှ လိုက်လံဝယ်ယူ စုဆောင်းမှုများပြုလုပ်ခဲ့ရာ အောက်တိုဘာလလယ်ပိုင်းခန့်တွင် လိုအပ်ချက်၏(၉၅) ရာခိုင်နှုန်းကို စုဆောင်းဖြည့်တင်းနိုင်ခဲ့ပြီး ယခု နိုဝင်ဘာလလယ်ပိုင်းတွင် ရာခိုင်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဂျာမနီနိုင်ငံတွင် LNG terminals (၅)ခု ပါဝင်သောဆိပ်ကမ်းတစ်ခုကိုလည်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး နော်ဝေနှင့် အမေရိကန်နိုင်ငံတို့မှ LNG တင်သွင်းမှုများ ပါဝင်ပါသည်။

တစ်ဖက်တွင်လည်း အိမ်ထောင်စုများနှင့် စီးပွားရေး လုပ်ငန်းများက စွမ်းအင်သုံးစွဲမှုများကို ယခင်ကထက်ချွေတာ၍ သုံးစွဲခဲ့ကြခြင်းကလည်း တစ်စိတ်တစ်ပိုင်း အထောက်အကူပြုခဲ့ကြောင်း သိရှိရပါသည်။ Federal Network Agency ဥက္ကဋ္ဌဖြစ်သူ Mr.Klaus Müller က အားလုံးအတူတကွ ပူးပေါင်း၍ အောင်မြင်မှုရရှိလာခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်မှုမျိုးကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များနှင့် ဂရစ်လိုင်းများ တိုးချဲ့ဆောင်ရွက်ရာတွင်လည်း အလားတူဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် ဂျာမနီနိုင်ငံတွင် စွမ်းအင်လိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် ရေနံနှင့် ကျောက်မီးသွေးစက်ရုံဟောင်းများကို ယာယီပြန်လည် လည်ပတ်အသုံးပြုခြင်းနှင့် နျူကလီးယား စက်ရုံ(၃)ခုကို ဆက်လက်သက်တမ်းတိုးမြှင့် လည်ပတ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။

Source: https://www.dw.com/en/germanys-gas-storage-levels-hit-100-capacity/a-63766561

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………….

Agribusiness & Trade

## တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်း အမှတ်တံဆိပ်ဆိုင်ရာအက်ဥပဒေမူကြမ်းကို အတည်ပြုချမှတ်ခြင်း (ဂျာမနီနိုင်ငံ)

ဂျာမန်အစိုးရအဖွဲ့အစည်းအဝေးက ဂျာမန်စားသုံးသူများအနေဖြင့် မွေးမြူထုတ်လုပ်ထားသော အသားများဝယ်ယူစားသုံးရာတွင် တိရစ္ဆာန်များကို မွေးမြူထားရှိပုံနည်းလမ်းများကို သိရှိနိုင်စေရန် ရည်ရွယ်၍ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်း အမှတ်တံဆိပ်ဆိုင်ရာ(Animal Husbandry Labelling) အက်ဥပဒေမူကြမ်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်းက အတည်ပြု ချမှတ်ပေးခဲ့ပါသည်။

ဖက်ဒရယ်အစားအစာနှင့်စိုက်ပျိုးရေးဝန်ကြီးဌာန (Federal Ministry of Food and Agriculture-BMEL)သည် ဂျာမနီနိုင်ငံတွင် မူလအခြေစိုက်မွေးမြူထုတ်လုပ်သော အသားထုတ်ကုန် အစားအစာများအတွက် ပွင့်လင်းမြင်သာမှုရှိပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် တိရစ္ဆာန်မွေးမြူ ထုတ်လုပ်ခြင်းအမှတ်တံဆိပ်စနစ် ဖြစ်ပေါ်လာစေရန် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် အခြားပြင်ပနိုင်ငံများမှ တင်သွင်းလာသည့်အသားထုတ်ကုန်များတွင်လည်း အဆိုပါ အမှတ်တံဆိပ်စနစ်များကို ၎င်းတို့ဆန္ဒအလျောက် (voluntary option ) အနေဖြင့် ကျင့်သုံးလာစေရန် အက်ဥပဒေမူကြမ်းချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် မကုန်မီတွင် ဥပဒေပြုရေး လုပ်ငန်းအစီအစဉ်များကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ပထမအဆင့်အနေဖြင့် ဝက်သားလတ်ဆတ်နှင့် အေးခဲလက်လီ၊ လက်ကားစားသောက်ကုန် လုပ်ငန်းများ၊ ဝန်ဆောင်မှုကောင်တာများ၊ အထူးအရောင်းဆိုင်များ၊ အွန်လိုင်းရောင်းချမှုများတွင် အမှတ်တံဆိပ်စနစ်ကို စတင်မည်ဖြစ်ပြီး ဆက်လက်၍ အခြားအသား အမျိုးအစားများနှင့် ထုတ်ကုန်များ၊ စားသောက်ဆိုင်များ၊ စားသောက်ကုန်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြုပြင်ထုတ်လုပ် လုပ်ငန်းများအတွက် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စားသုံးသူများအနေဖြင့် ထုတ်ကုန်များရှိ **labelling** ကို ကြည့်ရှု၍ တိရစ္ဆာန်များကို အသားတိုးဆောင်ရွက်နေသည့်ကာလအတွင်း မွေးမြူထားသိုပုံကို နားလည်သိရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် **labelling** သည် မွေးမြူရေးကာလအတွင်း အဆင့်(၅)ဆင့်ဖြစ်သည့် အိမ်ခြံတွင်းမွေးမြူခြင်း **(Indoor housing)**၊ အိမ်ခြံတွင်းနှင့် ပြင်ပစားကျက်များတွင် မွေးမြူခြင်း **(indoor+space)**၊ အိမ်ခြံတွင်းတွင် ပြင်ပလေ ရရှိသည့်အခြေအနေ၌ မွေးမြူခြင်း**(indoor with freshair)**၊ ပြင်ပစားကျက်နေရာများတွင် ထားရှိ ထိန်းကျောင်းခြင်း**(outdoor runs/ free-range)**

နှင့် အော်ဂဲနစ်မွေးမြူရေး(**organic**) အဆင့်များတို့တွင် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိကိုလည်း သေချာစွာခွဲခြားနားလည်စေရန် ဆောင်ရွက်ထားရှိပါသည်။

အဆိုပါ labelling စနစ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးလယ်သမားများအနေဖြင့် တိရစ္ဆာန်များမွေးမြူထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်အတွက် ရန်ပုံငွေအထောက် အပံ့ရရှိနိုင်မည်ဖြစ်ပါသည်။ **အစားအစာနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန** (BMEL) က တိရစ္ဆာန်များ မွေးမြူရေး လုပ်ငန်းစဉ်များပိုမိုကောင်းမွန်ရေး၊ ပတ်ဝန်းကျင် ပြောင်းလဲမှုကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှု ဒဏ်လျော့ကျရေးဆိုင်ရာများ ဆောင်ရွက်နေသည့် အကူးအပြောင်းကာလအတွင်း လယ်သမားများအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများထောက်ပံ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source:https://www.bmel.de/EN/topics/animals/animal-welfare/state-run-animal-welfare-label-pigs.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

.........................................................................................

## Global Forum for Food and Agriculture (GFFA)ကျင်းပမည့်အစီအစဉ် (ဂျာမနီနိုင်ငံ)

**Global Forum for Food and Agriculture** (**GFFA**) သည် ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် အစားအစာမူဝါဒများအတွက် အဓိကအရေးပါသည့် အခက်အခဲများ၊ ဆောင်ရွက်သင့်လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးဖော်ထုတ်သည့် အပြည်ပြည်ဆိုင်ရာကွန်ဖရင့်ကြီးတစ်ခုဖြစ်ပြီး ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် **International Green Week** စိုက်ပျိုးရေးထုတ်ကုန်ပြပွဲနှင့် အတူနှစ်စဉ်ကျင်းပလေ့ရှိပါသည်။ **GFFA**ကို ဖက်ဒရယ်အစားအစာနှင့်စိုက်ပျိုးရေးဝန်ကြီးဌာန (**BMEL**)က ဦးဆောင်၍ ဘာလင် အထက်လွှတ်တော်(**Berlin Senate**)၊ ဘာလင်ပြပွဲများကျင်းပရေးဌာန(**Messe Berlin**) နှင့် **GFFA Berlin** အဖွဲ့တို့နှင့်ပူးပေါင်းကျင်းပခြင်းဖြစ်ပါသည်။ (၁၅)ကြိမ်မြောက် **Global Forum for** Food and Agriculture (GFFA)ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဘာလင်မြို့ City cute center တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ကိုရိုနာဗိုင်းရပ်စ်ကပ် ရောဂါဖြစ်ပွားမှုကြောင့် Virtual Event အနေဖြင့် ကျင်းပခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် Physical Event အနေဖြင့် ပြန်လည်ကျင်းပခြင်း ဖြစ်ပါသည်။

GFFA ၂၀၂၃ တွင် နိုင်ငံတစ်ကာ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံနှင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများမှ လာရောက်လေ့လာသူပေါင်း(၂၀၀၀)ခန့် တွေ့ဆုံဆွေးနွေးကြရန် ခန့်မှန်းထားရှိပါသည်။ နိုင်ငံအလိုက် အဆင့်မြင့်စိုက်ပျိုးရေးဆိုင်ရာကိုယ်စားလှယ်များ၊ အီးယူကော်မရှင်၊ FAO၊ OECD၊ WTO စသည့် နိုင်ငံတစ်ကာအဖွဲ့အစည်းများပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ကာ ဆွေးနွေးဖော်ထုတ်ချက်များ၊ ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များကို ထုတ်ပြန်ကြေညာခြင်း ပြုလုပ်ကြပါသည်။ ထို့ပြင် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် Panel ဆွေးနွေးပွဲများ၊ ဘာသာရပ်ဆိုင်ရာ ဖိုရမ်များကိုလည်း ကျင်းပ၍ ဆွေးနွေးဖလှယ်ကြပါသည်။

၂၀၂၃ ခုနှစ်အတွက် ဆွေးနွေးမှုခေါင်းစဉ်အနေဖြင့် **Transforming Food Systems: A Global Response to Multiple Crises** ကို ရွေးချယ်ထားပြီး နိုင်ငံများအကြားမိတ်ဘက်များအနေဖြင့် ပူးပေါင်း ဆောင်ရွက်ရာတွင်ဖြစ်နိုင်ချေရှိသော နည်းလမ်းများနှင့် ဆွေးနွေးမှုများ တိုးမြှင့်ရန်တို့ကို ရည်ရွယ်ကြောင်း၊ အထူးဆွေးနွေးမည့်အကြောင်း အချက်များအနေဖြင့် အစားအစာစနစ်များတွင် အကျပ်အတည်း တွေ့ကြုံရမှု၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစားအစာပုံစံ၊ ဘိုင်အိုနည်းစနစ်မျိုးစုံကို ကာကွယ်စောင့်ရှောက်နိုင်မှု၊ ရေရှည်တည်တံ့သည့် ကမ္ဘာလုံးဆိုင်ရာ အစားအစာစနစ်များအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့အတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://gffa-berlin.de/https://www.bmel.de/SharedDocs/Termine/EN/2023-01-18-21-gffa.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

## တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်ဖိုးရှိသော ပရောဂျက်များကို လက်မှတ်ရေးထိုးခဲ့

ဆဋ္ဌမအကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် ၂၆ ကြိမ်မြောက် ကူမင်းသွင်းကုန် ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် မြို့တော် ကူမင်းတွင် (၁၉-၁၁-၂၂) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ယွမ် ၄၀၀ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၅၆.၃ ဘီလီယံခန့်) စုစုပေါင်း စီမံကိန်း ၁၆၉ ခုကို (၂၁-၁၁-၂၂) ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် အစိမ်းရောင်စွမ်းအင်၊ ခေတ်မီစိုက်ပျိုးရေး၊ အဆင့်မြင့်ကုန်ထုတ်မှု၊ ပစ္စည်းအသစ်နှင့် ဇီဝဆေးဝါးများ အပါအဝင် တရုတ်နိုင်ငံအနောက်တောင်ပိုင်း

ယူနန်ပြည်နယ်ရှိ အဓိကစက်မှုလုပ်ငန်း ၁၂ ခုဖြစ်ကြောင်း အွန်လိုင်းနှင့် အော့ဖ်လိုင်းတွင် ကျင်းပသည့် လေးရက်ကြာ အခမ်းအနားတွင်နိုင်ငံများ၊ တိုင်းဒေသကြီးနှင့် နိုင်ငံတကာအဖွဲ့အစည်း ၈၀ မှ "ဖွံ့ဖြိုးတိုးတက်မှုအသစ်အတွက် အခွင့်အလမ်းသစ်" ခေါင်းစဉ်အောက်တွင် ကျင်းပဖြစ်ပြီး နှစ်စဉ်ဆောင်ရွက်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြုပ်နှံမှုမြှင့်တင်ရေးလှုပ်ရှား ဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။

ရင်းမြစ် [Projects worth billions USD inked at China-South Asia Exposition - News - 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းတွင် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ ပထမဆုံး ထိပ်သီးအစည်းအဝေးကျင်းပခဲ့

Belt and Road Initiative (BRI) အရ ပထမအကြိမ် ထောက်ပံ့ရေးကွင်းဆက် ထိပ်သီးအစည်းအဝေး Supply Chain Summit ကို ယူနန်ပြည်နယ် ကူမင်းတွင် (၂၀-၁၁-၂၂) ရက်နေ့တွင် ထောက်ပံ့ရေးကွင်းဆက်များနှင့် စက်မှုကွင်းဆက်များကို ချောမွေ့စေရေး ပိုမိုကောင်းမွန်သော အပြန်အလှန်ချိတ်ဆက်မှုအတွက် ရည်ရွယ်၍ တရုတ်နိုင်ငံ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူရေးအသင်းချုပ်၊ China International Electronic Commerce Center နှင့် Yunnan ပြည်နယ် ကူးသန်း ရောင်းဝယ်ရေးဌာနတို့ ပူးပေါင်းကမကထပြု၍ ဆဋ္ဌမအကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၏ sideline forum အနေဖြင့် ကျင်းပခဲ့ပါသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတကာမှ လုပ်ငန်းအသီးသီးမှ ကျွမ်းကျင်သူများနှင့် လုပ်ငန်းနယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူ ၄၀၀ ခန့်နှင့် ဆက်စပ်သော ပုဂ္ဂိုလ်ပေါင်း ၁၀၀၀၀ နီးပါးတက်ရောက်ခဲ့ကြကြောင်း ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသူများသည် BRI လက်အောက်ရှိ နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးကွင်းဆက် အရင်းအမြစ်များ မျှဝေခြင်းဆိုင်ရာခေါင်းစဉ်များ၊ ဒစ်ဂျစ်တယ်ထောက်ပံ့ရေးကွင်းဆက်နှင့် စက်မှုအင်တာနက်၊ တောင်နှင့် အရှေ့တောင်အာရှအတွက် နိုင်ငံတကာ ကုန်းမြေပင်လယ်ချန်နယ်နှင့် ထောက်ပံ့ရေးကွင်းဆက်စနစ် တည်ဆောက်ရေးစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ Circulation Industry Development Department ၏ ဒုတိယအဆင့် စစ်ဆေးရေးအရာရှိ Zhang Bin က ယူနန်သည်

အရှေ့တောင်အာရှနိုင်ငံများနှင့် တောင်များနှင့်မြစ်များ ချိတ်ဆက်ထားသောကြောင့် ပထဝီဝင်တည်နေရာတွင် ထူးခြားသောအားသာချက်ရှိကြောင်း Belt and Road Initiative လက်အောက်ရှိ ထောက်ပံ့ရေးကွင်းဆက်များ၏ ဆန်းသစ်တီထွင်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ပြည်နယ်သည် ထောက်ပံ့ရေးကွင်းဆက်များနှင့် စက်မှုကွင်းဆက်များ၏ အပြန်အလှန် ချိတ်ဆက်မှုကို အားကောင်းစေကာ ဆန်းသစ်တီထွင်မှုနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။

ယူနန်ပြည်နယ်သည် ထောက်ပံ့ပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများ၊ အရင်းအနှီးနှင့် သတင်းအချက်အလက်စီးဆင်းမှုတို့ကို ပေါင်းစပ်ခြင်းဖြင့် အထွေထွေထောက်ပံ့ ရေးကွင်းဆက်စနစ်ကို တည်ဆောက်ရန် စဉ်းစားနိုင်ပြီး ထိုစနစ်ကိုအခြေခံ၍ စက်မှုအသွင်ကူးပြောင်းမှုနှင့် အဆင့်မြှင့်တင်မှုများကို တွန်းအားပေးနိုင်သည်" ဟု တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူရေးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ Cai Jin က ပြောကြားခဲ့သည်။

China International Economic Exchange Center ၏ သုတေသီ Zhang Yansheng က RCEP သည် ယူနန်ပြည်နယ်အတွက် အခွင့်အလမ်းသစ်များ ယူဆောင်လာမည်ဟု ယုံကြည်ကြောင်းနှင့် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ဒစ်ဂျစ်တယ်တော်လှန်ရေးအသစ်များ၏ အခွင့်အလမ်းကို ဆုပ်ကိုင်ထားခြင်းဖြင့် ပြည်နယ်သည် ဒစ်ဂျစ်တယ်နည်းပညာများ၊ စိမ်းလန်းသောတိုးတက်မှုနှင့် သိပ္ပံဆိုင်ရာ ဆန်းသစ်တီထွင်မှုများဖြင့် မောင်းနှင်သော ပူးပေါင်းဆောင်ရွက်မှုပလက်ဖောင်းနှင့် နယ်စပ်ဖြတ်ကျော်ကွန်ရက်ကို တည်ဆောက်သင့်ကြောင်း ပြောပါသည်။

ယူနန်ပြည်နယ်သည် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံနှင့် ကုန်း-ရေကြောင်းကြား သယ်ယူပို့ဆောင်ရေးအတွက် နိုင်ငံတကာထောက်ပံ့ ပို့ဆောင်ရေးလမ်းကြောင်းကို နှစ်များအတွင်း တည်ဆောက်ရာတွင် တက်ကြွစွာလုပ်ဆောင်ခဲ့ရာ ယင်းနှင့်ပတ်သက်၍ ကွမ်ရှီးအခြေစိုက် Beibu Gulf Port Group ၏ ဥက္ကဋ္ဌ Li Yanqiang က ဘက်စုံသယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယူနန်နှင့် လက်တွဲလုပ်ဆောင်ရန် မျှော်လင့်ကြောင်း၊ သို့မှသာ အဆိုပါ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုများသည် ကုန်း-ပင်လယ်သစ်မှတစ်ဆင့် ယူနန်သို့ ပိုမိုဝင်ရောက်နိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အနောက်ဘက်လမ်းကြောင်း။ Lao Yukun Mining Company ၏ ဥက္ကဋ္ဌ Xie Jinbao က တရုတ်-လာအို မီးရထားသည် လာအို တွင်းထွက်ပစ္စည်းများကို ယူနန်ပြည်နယ်သို့ ပိုမိုလွယ်ကူစွာဝင်ရောက်နိုင်စေခဲ့ပြီး သယ်ယူပို့ဆောင်ချိန်နှင့် ကုန်ကျစရိတ် သိသိသာသာလျော့ကျသွားကြောင်း ပြောကြားခဲ့သည်။

Agribusiness & Trade

BRI တည်ဆောက်မှု၏ တိုးတက်မှုနှင့်အတူ သတ္တုတူးဖော်ရေးလုပ်ငန်းသည် လာအိုနှင့် တရုတ်ကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူချင်းဖလှယ်ရေးတွင် ပိုမိုအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း Belt and Road တစ်လျှောက် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ဓာတ်မြေသြဇာ၊ ထုတ်ကုန်များနှင့် ကုန်ပစ္စည်းအမြောက်အများ ရောင်းချသည့် နယ်စပ်ဖြတ်ကျော် ထောက်ပံ့ရေးကွင်းဆက်များနှင့် ပတ်သက်သည့် စီးပွားရေး လုပ်ငန်းများဆွေးနွေးပြီးနောက် သဘောတူညီချက်များကို စုပေါင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ရင်းမြစ် [1st BRI summit on supply chain held in Kunming – News – 云桥网英文 (yunnangateway.com)](yunnangateway.com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

..........................................................................

## တရုတ်နိုင်ငံတွင် GMS နိုင်ငံများ၏ စိုက်ပျိုးရေးနှင့် စက်မှုထုတ်ကုန် Matchmaking ပွဲများကျင်းပသွားရန်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် (၁၉-၁၁-၂၀၂၂) ရက်မှ (၂၂-၁၁-၂၀၂၂) ရက်နေ့အတွင်း (၆) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန် ကုန်စည်ပြပွဲများကို တရုတ်နိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်နှင့် တောင်အာရှနိုင်ငံများ၏ ကုန်သွယ်ရေးအာဏာပိုင်များ ပူးပေါင်းကျင်းပခဲ့ရာ ယင်း၏ နောက်ဆက်တွဲလှုပ်ရှားမှုတစ်ခု အနေဖြင့် ၂၀၂၂ ခုနှစ် GMS စိုက်ပျိုးရေးနှင့် စက်မှုထုတ်ကုန် Matchmaking ပွဲများကို တရုတ်နိုင်ငံ၊ လန်ချန်း-မဲခေါင်ဒေသခွဲ စီးပွားရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနတို့မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်ရှိရာ "GMS စိုက်ပျိုးရေးထွက်ကုန် Matchmaking Event" ကို (၂၈-၁၁-၂၂) ရက်နေ့တွင်လည်းကောင်း "GMS စက်မှုပိုင်းဆိုင်ရာ ထုတ်ကုန်များ Matchmaking Event" ကို (၁၂-၁၂-၂၂) ရက်နေ့တွင်လည်းကောင်း ပြုလုပ်မည်ဖြစ်ပါကြောင်း အဆိုပါပွဲများသည် "၂၀၂၂ ခုနှစ်၊ GMS-စီးပွားရေးစင်္ကြံအုပ်ချုပ်ရေးမှူးဖိုရမ်"၏ လှုပ်ရှားမှုများကို ပံ့ပိုးပေးခြင်းဖြစ်ပြီး "အော့ဖ်လိုင်းနှင့်အွန်လိုင်း" နှစ်မျိုးစလုံး ကျင်းပမည်ဖြစ်ပါကြောင်း အော့ဖ်လိုင်းကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Kunming Jiahua Plaza Hotel တွင်ကျင်းပသွားမည်ဖြစ်ပါကြောင်း အဆိုပါပွဲ(၂) ပွဲသည် မဲခေါင်မြစ်ကြောင်း လယ်ယာထွက်ကုန်နှင့် စက်ပိုင်းဆိုင်ရာထွက်ကုန်များ ထုတ်လုပ်မှုနှင့် ဈေးကွက်မြှင့်တင်ရေးအတွက်

ရည်ရွယ်ပြီး ဒေသတွင်း သွင်းကုန်နှင့် ပို့ကုန် ကုန်သွယ်မှုမြှင့်တင်ရန် ရည်ရွယ်၍ ဗီယက်နမ်နိုင်ငံ၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းနှင့် တရုတ်တို့က ၎င်းတို့၏ အဓိကထုတ်ကုန်များကို မိတ်ဆက်ရန် လုပ်ငန်းရှင်များ ပါဝင်မည်ဖြစ်ပါကြောင်း အခြားသော စီးပွားရေးကဏ္ဍမှ စိတ်ဝင်စားသော ကုန်သည်များနှင့် ဝယ်ယူသူများလည်း တက်ရောက်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

ရင်းမြစ် စီးပွားရေးဌာန ယူနန်ပြည်နယ်၊ကူမင်းမြို့
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

.......................................................................................

## တရုတ်နှင့် ဂျပန်တို့သည် နှစ်နိုင်ငံဆက်ဆံရေးတွင် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘောတူညီမှု ရရှိခဲ့

တရုတ်သမ္မတ ရှီကျင်းပင်သည် ဂျပန်ဝန်ကြီးချုပ် ဖူမိအိုကီရှီတနှင့် (၁၇-၁၁-၂၂) ရက်နေ့တွင် တွေ့ဆုံခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်ဖက်သဘောတူချက် ငါးရပ်ရရှိခဲ့ကြောင်း ပထမအချက်အနေဖြင့် တရုတ်-ဂျပန် ဆက်ဆံရေး၏ အရေးပါမှုသည် ပြောင်းလဲမည်မဟုတ်ကြောင်း တရုတ်-ဂျပန် နိုင်ငံရေး စာတမ်းလေးရပ်၏ အခြေခံမူများကို လိုက်နာရန်လိုအပ်ကြောင်း၊ နှစ်နိုင်ငံနိုင်ငံရေး သဘောတူညီချက်ကို လိုက်နာရန် လိုအပ်ကြောင်း၊ ခြိမ်းခြောက်ခြင်းမပြုဘဲ လက်တွဲဖော်ဖြစ်သင့်ကြောင်း နှစ်ဘက်စလုံးက သဘောတူကြပြီး နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှုကို အဆက်မပြတ်တိုးတက်စေရန်နှင့် ခေတ်သစ်နှင့်ကိုက်ညီသော အပြုသဘောဆောင်သော၊ တည်ငြိမ်ပြီး အရေးကြီးသော တရုတ်-ဂျပန်ဆက်ဆံရေးကို ပူးတွဲတည်ဆောက်ရန်အတွက် အဆင့်မြင့်ဖလှယ်ရေးနှင့် ဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်ရန်လည်း နှစ်ဖက်သဘောတူခဲ့ကြသည်။

ဒုတိယအနေဖြင့် တရုတ်-ဂျပန် အဆင့်မြင့်စီးပွားရေး ဆွေးနွေးပွဲကို ရက်စောစောကျင်းပရန် စွမ်းအင်ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး၊ စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေး သက်ကြီးရွယ်အို စောင့်ရှောက်မှုနှင့် လုပ်ငန်းများအတွက် တရားမျှတသော၊ ခွဲခြားမှုမရှိဘဲ ကြိုတင်ခန့်မှန်းနိုင်သော စီးပွားရေးပတ်ဝန်းကျင်ကို ပူးတွဲပေးအပ်ရန်အပါအဝင် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် နှစ်ဖက် သဘောတူညီခဲ့ကြသည်။

တတိယအနေဖြင့် ယခုနှစ်တွင် တရုတ်-ဂျပန် ဆက်ဆံရေး ပုံမှန်ပြန်လည်ထူထောင်ရေး နှစ် ၅၀ ပြည့် အထိမ်းအမှတ် လှုပ်ရှားမှုများ ဆက်တိုက်ကျင်းပရန် သဘောတူညီခဲ့ပြီး တရုတ်နှင့်

နှစ်နိုင်ငံ ပြည်သူချင်း ဖလှယ်ရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးယန္တရား အစည်းအဝေးသစ်ကို ကျင်းပရန် သဘောတူညီခဲ့ကြောင်း၊ အစိုးရများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်များ၊ ဒေသများနှင့် လူငယ်များကြား လမ်းကြောင်းများမှတစ်ဆင့် ကူးလူးဆက်သွယ်မှုများနှင့် လွယ်ကူချောမွေ့စေရန်ဖြစ်ပါသည်။

စတုတ္ထအချက်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံးလက်အောက်ရှိ ရေကြောင်းနှင့် ဝေဟင်ဆက်ဆံရေးယန္တရား၏ တိုက်ရိုက်တယ်လီဖုန်းလိုင်းကို ရက်စောစောဖွင့်လှစ်ရန်၊ ကာကွယ်ရေးနှင့် ရေကြောင်းဌာနများအကြား ဆွေးနွေးညှိနှိုင်းမှုနှင့် ဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် အတွက် ၂၀၁၄ ခုနှစ်တွင် နှစ်ဖက်သဘောတူညီချက် ရရှိခဲ့သည့် အခြေခံသဘောတူစာချုပ် လေးရပ်ကိုပူးတွဲလိုက်နာရန် ပဉ္စမအချက်အနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ထိန်းသိမ်းရန်၊ နိုင်ငံတကာနှင့် ဒေသတွင်းရေးရာများတွင် ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရန် ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိကြောင်းလည်း သဘောတူညီခဲ့ကြသည်။

ရင်းမြစ် [China, Japan reach consensus on stabilizing, developing bilateral ties – News – 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

........................................................................................................................

Agribusiness & Trade

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၇ / ၂၀၂၂)  ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၁) ရက်

| ၁-၁၂-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၁၉၁.၁ |
| စင်္ကာပူဒေါ်လာ | ၁၅၄၅.၆ |
| စတာလင်ပေါင် | ၂၅၄၈.၁ |
| ဂျပန်ယန်း (၁၀၀) | ၁၅၃၉.၀ |
| တရုတ်ယွမ် | ၂၉၆.၃၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၈၀ |
| အိန္ဒိယရူပီး | ၂၅.၈၃၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၀.၉၄ |
| မလေးရှား ရင်းဂစ် | ၄၇၆.၄၁ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၃၄၀ |
| ထိုင်းဘတ် | ၆၀.၀၀၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၅၆၇၉ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

- ဂျာမနီနိုင်ငံ၏ ကုန်သွယ်စီးပွား အခြေအနေ
- ဂျာမနီနိုင်ငံ၏ နိုင်ငံခြားစီးပွားရေးဆက်ဆံမှု အခြေအနေ
- အီးယူကောင်စီဥက္ကဋ္ဌ တရုတ်နိုင်ငံသို့ သွားရောက်မည့် အစီအစဉ်
- ဂျာမနီနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေးအခြေအနေ
- Reutlingen IHK နှင့် MRCCI အကြား ပူးပေါင်းဆောင်ရွက်မှု
- RCEP ဈေးကွက်ရှိ တရုတ်ကုမ္ပဏီများ အကောင်းမြင်သဘောထားရှိ
- တရုတ်နိုင်ငံရှိ ကျေးလက်ဒေသများတွင် လူနေမှုအဆင့်အတန်း မြင့်မားလာ
- တရုတ်နိုင်ငံသည် တက်ကြွသော COVID-သုညမူဝါဒကို ဆက်လက်စွဲကိုင်ထား
- တရုတ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်စေရန် အဝေးပြေးလမ်းတည်ဆောက်ရေးရင်းနှီးမြုပ်နှံမှုများ ပိုမိုပြုလုပ်ခဲ့
- တရုတ်နိုင်ငံတွင် ကိုဗစ်၁၉ပြန်လည်ရှင်သန်လာမှုကို တိုက်ဖျက်စဉ် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ သေချာစေရေး ကြိုးပမ်းလျက်ရှိ
- တရုတ်နိုင်ငံခရီးစဉ်မှ တရုတ်-အီးယူဆက်ဆံရေး မြှင့်တင်ရန် မျှော်လင့်ထား

## ဂျာမနီနိုင်ငံ၏ ကုန်သွယ်စီးပွား အခြေအနေ

ဂျာမနီနိုင်ငံတွင် Federal Statistical Office (Destatis) ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အီးယူပြင်ပနိုင်ငံများသို့ တင်ပို့မှုသည် ယူရို (၆၁.၂)ဘီလီယံရှိခဲ့ပြီး စက်တင်ဘာလထက် (၁.၆)ရာခိုင်နှုန်းလျော့ကျခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူထက် (၁၅.၃) ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါသည်။ စက်မှုကုန်ထုတ်လုပ်ငန်းများ၏ ထုတ်လုပ်သူဈေးနှုန်းများသည် ယခင်နှစ်ကာလတူထက် (၃၄.၅)ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး စက်တင်ဘာလထက် (၄.၂) ရာခိုင်နှုန်း ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ခရီးသွားတည်းခိုမှုများနှင့် စားသောက်ကုန်ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေကိုလေ့လာကြည့်လျှင် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဩဂုတ်လထက် (၀.၉) ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူထက် (၁၄.၄) ရာခိုင်နှုန်းတိုးတက်ရရှိခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အီးယူဒေသနိုင်ငံများက ရုရှားနိုင်ငံမှ သွင်းကုန်တင်သွင်းမှုများသည် ယူရို(၁၃၇.၈) ဘီလီယံရှိခဲ့ပြီး အီးယူဒေသစုစုပေါင်းတင်သွင်းမှု၏ (၃.၄) ရာခိုင်နှုန်းရှိခဲ့ပါသည်။ အီးယူနိုင်ငံများအလိုက် တင်သွင်းမှုတွင် ဘူဂေးရီးယားနိုင်ငံက (၁၁.၅) ရာခိုင်နှုန်းဖြင့် အများဆုံးတင်သွင်းခဲ့ပြီး ဂျာမနီနိုင်ငံ၏ တင်သွင်းမှုက (၂.၆) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ဂျာမနီနိုင်ငံ၏ ရုရှားနိုင်ငံမှ ရေနံနှင့် သဘာဝဓါတ်ငွေ့တင်သွင်းမှုများကို Bayernပြည်နယ်(၂၂ ရာခိုင်နှုန်း)နှင့် Brandenburg ပြည်နယ်(၁၄ ရာခိုင်နှုန်း) တို့က အများဆုံး တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.destatis.de/EN/Press/2022/11/

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

.................................................................................

## ဂျာမနီနိုင်ငံ၏ နိုင်ငံခြားစီးပွားရေးဆက်ဆံမှု အခြေအနေ

ဂျာမန်ဝန်ကြီးချုပ် Mr. Olaf Scholz က ဂျာမနီနိုင်ငံအနေဖြင့် ကုန်သွယ်မှုနှင့် စွမ်းအင်ကဏ္ဍတွင် နိုင်ငံတစ်ခုတည်းအပေါ် မှီခိုအားထားလုပ်ကိုင်ခြင်းမျိုး ထပ်မံပြုလုပ်မည်မဟုတ်ကြောင်း ၂၂.၁၁.၂၀၂၂ ရက်နေ့တွင် *Süddeutsche Zeitung* သတင်းစာက ကြီးမှူးကျင်းပသော စီးပွားရေးဖိုရမ်တွင် ပြောကြားခဲ့ပါသည်။ ဂျာမန်လွှတ်တော်အတွင်း ၂၀၂၃ ခုနှစ်ဘတ်ဂျက်ရေးရာ ဆွေးနွေးမှုများကို ၂၃.၁၁.၂၀၂၂ ရက်နေ့တွင် စတင်ခဲ့ပြီး (၄)နာရီကြာမြင့်ခဲ့သည့် ဆွေးနွေးမှုများအတွင်း **Mr. Olaf Scholz** က ဖက်ဒရယ်အစိုးရအနေဖြင့် အိမ်ထောင်စုများအတွက် ထောက်ပံ့မှုများလည်း ပြုလုပ်ပေးနေပြီး စွမ်းအင်ကဏ္ဍအကျပ်အတည်းကို ထိန်းချုပ်လာနိုင်သည့် အနေ

အထားတွင် ရောက်ရှိလာပြီဖြစ်သော်လည်း ယခုထက်များစွာ ပိုမိုကြိုးစားလုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ တိုးတက်ပြောင်းလဲလာနေသည့် ကမ္ဘာကြီးတွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ တိုးတက်သုံးစွဲရေးအတွက် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဂျာမန်စီးပွားရေးဝန်ကြီး Mr.Robert Habeck ကလည်း ပဲရစ်ခရီးစဉ်အတွင်း ဂျာမနီနိုင်ငံအနေဖြင့် ၎င်း၏စီးပွားရေးဆက်ဆံဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်မှုပြုနေစဉ်အတွင်း အခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးမျိုးအတွက် ဆွဲဆောင်မှုမက်လုံးများစွာပေးခြင်းဖြင့် တရုတ်နိုင်ငံနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သည့် ဂျာမန်ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှု အာမခံချက်များကို သတ်မှတ်ကန့်သတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုတာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂျာမန်ကုမ္ပဏီများအနေဖြင့် နိုင်ငံတစ်ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံမှုပမာဏကို ယူရို(၃) ဘီလီယံသတ်မှတ်ထားရှိရန် ဆွေးနွေးလျှက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ဂျာမနီနိုင်ငံအနေဖြင့် စီးပွားရေး လုပ်ငန်းများလုပ်ကိုင်ရာတွင် ကာကွယ်ဟန့်တားမှုများဖြစ်ပေါ်စေမှုများသည် supply chains မတည်ငြိမ်မှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ပုံမှန်ကုန်သွယ်စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံရေးစရိုက်လက္ခဏာများ ထည့်သွင်းစဉ်းစားဆောင်ရွက်လျှင် ဈေးကွက်စီးပွားရေးအခြေခံမှုများနှင့် ဆန့်ကျင်လုပ်ဆောင်ရာရောက်စေကြောင်း ထုတ်ပြန်ပြောဆိုခဲ့ကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/germany-seeks-less-china-reliance-after-russia-mistake/a-63848899

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

........................................................................

## အီးယူကောင်စီဥက္ကဋ္ဌ တရုတ်နိုင်ငံသို့ သွားရောက်မည့် အစီအစဉ်

အီးယူကောင်စီဥက္ကဋ္ဌ Mr.Charles Michel သည် လာမည့်အပတ်အတွင်း ဒီဇင်ဘာလ (၁) ရက်နေ့တွင် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်၍ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး အီးယူခေါင်းဆောင်တစ်ဦးအနေဖြင့်၂၀၁၈ ခုနှစ်နောက်ပိုင်း တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်ခြင်းဖြစ်ကြောင်း၊ အောက်တိုဘာလအတွင်း အီးယူခေါင်းဆောင်များအကြား အီးယူဒေသနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးကို ညှိနှိုင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများအတွက် မဟာဗျူဟာကျသော ဆွေးနွေးမှုများရှိခဲ့ပြီးနောက်ပိုင်း ဆက်လက်ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း၊ လူ့အခွင့်အရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊

စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအခက်အခဲပြဿနာများ၊ ကမ္ဘာတစ်ဝှမ်းတွေ့ကြုံနေရသည့် စိန်ခေါ်မှုများသည် ဆွေးနွေးမှုများတွင် ပါဝင်မည့်အကြောင်းအရာများဖြစ်နိုင်ကြောင်း သိရှိရပါသည်။

အီးယူအနေဖြင့် ရုရှားနိုင်ငံနှင့်ဆက်ဆံရေးတင်းမာပြတ်တောက်နေချိန်နှင့် တရုတ်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများအကြား ဆက်ဆံရေးတင်းမာနေချိန်တွင် တရုတ်နိုင်ငံသည် အီးယူ၊ အမေရိကန်နှင့် အခြားမိတ်ဘက်နိုင်ငံများအတွက် အင်အားခိုင်မာတောင့်တင်းသော ပြိုင်ဘက်တစ်ဦးဖြစ်လာပြီး လက်ရှိနှင့် တွေ့ကြုံလာရနိုင်သည့်စိန်ခေါ်မှုများအတွက် အကောင်းဆုံးတုန့်ပြန်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို လေ့လာဆောင်ရွက်ရန် အရေးကြီးကြောင်း ရှုမြင်သုံးသပ်လာပါသည်။ Mr.Charles Michel သည် ယခုနှစ် ဧပြီလအတွင်းက တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် ဗီဒီယိုဖုန်း ပြောဆိုမှုရှိထားပြီး နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ပြုလုပ်ခဲ့သည့် G-20 အစည်းအဝေးတွင် အီးယူအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို ဟန်ချက်ညီအောင် ပြန်လည်တည်ဆောက်ရန်လိုအပ်ကြောင်း၊ သို့သော် တစ်ဦးနှင့်တစ်ဦးအကြား နားလည်မှုများ ကောင်းစွာတိုးတက်ရရှိကြရန်အတွက် ဆွေးနွေးလက်ခံမှုများ ပြုလုပ်ကြရန် အရေးကြီးကြောင်း၊ ပြောကြားခဲ့ပါသည်။

ယူရိုဇုန်ဒေသတွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ အောက်တိုဘာလတွင် (၁၀.၆)ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး အတိုးနှုန်းမှာ ဇူလိုင်လမှ အောက်တိုဘာလအတွင်း သုံးကြိမ်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကာ လာမည့်ဒီဇင်ဘာလအစည်းအဝေးတွင် ထပ်မံတိုးမြှင့်ဖွယ်ရှိကြောင်း European Central Bank (ECB) ၏ Governing council အဖွဲ့ဝင်နှင့် ဩစတြီးယားနိုင်ငံ အမျိုးသားဘဏ်အကြီးအကဲဖြစ်သူ Mr.Robert Holzmann က ပြောကြားပါသည်။ ယူရိုဇုန်ဒေသအတိုးနှုန်းနှင့် ပတ်သက်၍ နိုင်ငံရေးလေ့လာသူများ၊ ဘဏ်လုပ်ငန်းနှင့် စီးပွားရေးကျွမ်းကျင်ပညာရှင်များက ဆက်လက်တိုးမြှင့်သင့်၊ မသင့်အပေါ် ဝေဖန်ထောက်ပြမှုများလည်း ပြုလုပ်လျှက်ရှိကြပါသည်။

Source: https://www.ft.com/content/ec6c4fc7-5fe8-4ec1-8a6c-b923c432c2ae

https://www.ft.com/content/2f43d51f-2863-40b0-bf6d-05fa0cf161a2

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.............................................................................................

## ဂျာမနီနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေးအခြေအနေ

ဂျာမနီနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၂၂ခုနှစ် နိုဝင်ဘာလတွင် (၁၀)ရာခိုင်နှုန်းသို့ ရောက်ရှိလာကြောင်း Federal Statistical Office (Destatis) ၏ ကြိုတင်ခန့်မှန်းတွက်ချက် ထုတ်ပြန်မှုအရ သိရှိရပါသည်။ အောက်တိုဘာလတွင် (၁၀.၄) ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ရာမှ

အနည်းငယ် ပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း၊ စွမ်းအင်ဈေးနှုန်းများအနည်းငယ် ကျဆင်းလာမှုနှင့် ဖက်ဒရယ်အစိုးရ၏ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများသို့ ထောက်ပံ့ပေးမှုအစီအစဉ်များက အထောက်အကူပြုခဲ့ကြောင်း သိရှိရပါသည်။ စွမ်းအင်ဈေးနှုန်းများမှာ ကျဆင်းလာသော်လည်း ယခင်နှစ်ဈေးနှုန်းများထက် (၃၈.၄) ရာခိုင်နှုန်းခန့် မြင့်မားနေဆဲဖြစ်ပါသည်။

စီးပွားရေးတိုးတက်မှုနှုန်းအနေဖြင့် တတိယသုံးလပတ်တွင် (၀.၄)ရာခိုင်နှုန်းသို့ အနည်းငယ် တိုးမြင့်ရရှိလာပြီး ယခင်နှစ်ကာလတူထက် (၁.၂)ရာခိုင်နှုန်းတိုးတက်လာမှုရှိကြောင်း သိရှိရပါသည်။ အခြားတစ်ဖက်တွင်လည်း စာရင်းအင်းတွက်ချက်မှုများအရ ငွေကြေးဖောင်းပွမှု၏ ရိုက်ခတ်မှုကြောင့် အလုပ်သမားများ၏ ဝင်ငွေရရှိမှုနှုန်းများသည် ၂၀၂၂ ခုနှစ် ပထမ(၃)လပတ်တွင် (၁.၈)ရာခိုင်နှုန်း၊ ဒုတိယ(၃)လပတ်တွင်(၄.၄)ရာခိုင်နှုန်းနှင့် တတိယ(၃)လပတ်တွင် (၅.၇) ရာခိုင်နှုန်း အသီးသီးကျဆင်းမှုရှိခဲ့ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများရှိ အမှာစာအသစ်များ လက်ခံရရှိမှုသည် စက်တင်ဘာလအတွင်း ယခင်လထက် (၃.၆) ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ် ကာလတူထက် (၂၂.၆) ရာခိုင်နှုန်းကျဆင်း လာခဲ့ကြောင်း သိရှိရပါသည်။ ဂျာမနီနိုင်ငံတွင် လူဦးရေတိုးတက်မှုနှုန်းသည် ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှ ၂၀၂၂ ခုနှစ် ဇွန်လကုန်အထိ (၂.၉) သန်းထပ်မံတိုးမြင့်မှုရှိခဲ့ပြီး အဓိကအားဖြင့် အခြားနိုင်ငံများမှ လာရောက်အခြေချ ရွှေ့ပြောင်းနေထိုင်သည့် ဦးရေများဖြင့် တိုးမြင့်လာခြင်းဖြစ်ပြီး လက်ရှိတွင် လူဦးရေစုစုပေါင်း(၈၄.၁)သန်း ရှိနေပါသည်။

Source: https://www.destatis.de/EN/Press

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

........................................................................

## Reutlingen IHK နှင့် MRCCI အကြား ပူးပေါင်းဆောင်ရွက်မှု

ဂျာမနီနိုင်ငံတောင်ပိုင်း Baden-Württemberg ပြည်နယ်အတွင်းရှိ Reutlingen Chamber of Industry and Commerce (IHK) သည် ဒေသ၏စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများအတွက် မူဝါဒပိုင်း၊ ဥပဒေရေးရာပိုင်း ပံ့ပိုးမှုများ၊ သင်တန်းအစီအစဉ်များ၊ ဈေးကွက်နှင့် စီးပွားရေးသတင်း အချက်အလက်များနှင့် တီထွင်ဆန်းသစ်မှုပိုင်း ချိတ်ဆက်ဆောင်ရွက်မှုများ၊ ပညာသင်ကြားရေးနှင့် လုပ်ငန်းခွင်အလုပ်သင်အစီအစဉ်များ၊ အခြားလိုအပ်သည့် ဝန်ဆောင်မှုများအတွက် ပံ့ပိုးဆောင်ရွက်ပေးလျှက် ရှိပါသည်။ Reutlingen IHK အနေဖြင့် နိုင်ငံတစ်ကာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကိုလည်း ပြည်နယ်စီးပွားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖက်ဒရယ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပံ့ပိုးမှုများဖြင့် ဆောင်ရွက်လျှက်ရှိပါသည်။ စီးပွားရေးသံမှူးအနေဖြင့် ၂၀၂၂ခုနှစ် စက်တင်ဘာလအတွင်း German Asia-Pacific Business Association (OAV) ၏ အစီအစဉ်ဖြင့် Baden-Württemberg ပြည်နယ်သို့

သွားရောက်ခဲ့စဉ် Stuttgart IHK မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းရှိခဲ့ပြီး ခရီးစဉ်ပြီးနောက် ဆက်လက်ဆက်သွယ် ဆောင်ရွက်မှုများအရ ပြည်နယ်၏ Reutlingen ဒေသရှိ Reutlingen IHKနှင့် မြန်မာနိုင်ငံမန္တလေးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တို့အကြား Chamber and Association Partnership Program အစီအစဉ်အရ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဒေသစီးပွားရေးလုပ်ငန်းများ တိုးတက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို သိရှိရပါသည်။ စီမံကိန်းကို ပထမအဆင့် (၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိ)နှင့် ဒုတိယအဆင့် (၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ) ဆောင်ရွက်ထားရှိကြောင်း လေ့လာသိရှိရပါသည်။

အဆိုပါစီမံကိန်းအစီအစဉ်အရ အသင်းအဖွဲ့နှစ်ခုအကြား ပူးပေါင်းဆက်သွယ်မှုများ၊ အသိပညာ ဗဟုသုတဖလှယ်ခြင်းနှင့် သင်တန်းအစီအစဉ်များ၊ နိုင်ငံတစ်ကာဆက်ဆံပူးပေါင်းမှုများ၊ ဒေသတွင်း စားသောက်ကုန်လုပ်ငန်းများရှိ ရေဆိုးစွန့်ပစ်မှုပိုင်းနှင့် သန့်ရှင်းလုံခြုံစိတ်ချရမှုပိုင်းများကို ဂျာမန်ကုမ္ပဏီများနှင့် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားကြောင်း သိရှိရပါသည်။ ဆက်လက်၍ စီမံကိန်းအတွက် အဓိကဆက်သွယ်ပံ့ပိုး ဆောင်ရွက်သူဖြစ် သည့် Reutlingen IHK မှ Mr.Martin Fahling ၊ Managing Director International Trade နှင့် ချိတ်ဆက်ဆောင်ရွက်မှုအရ စီမံကိန်းဒုတိယအဆင့်ကို မူလ ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဆောင်ရွက်ရန် လျာထားမှုအား ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ မြန်မာနိုင်ငံဘက်နှင့် ဆက်လက်ဆက်သွယ်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး စီးပွားရေးသံမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် မြန်မာနိုင်ငံတိုးတက်မှု စီမံကိန်းလုပ်ငန်းများအတွက်လည်း ဆက်လက်၍ ပံ့ပိုးပူးပေါင်းဆက်သွယ် ဆောင်ရွက်သွားလိုကြောင်းသိရှိရပါသည်။

Source: https://www.reutlingen.ihk.de
သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်မြို့

.............................................................................................................

## RCEP ဈေးကွက်ရှိ တရုတ်ကုမ္ပဏီများ အကောင်းမြင်သဘောထားရှိ

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို အဆင့်မြင့်အကောင်အထည်ဖော်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဒေသတွင်း ပွင့်လင်းမှုနှင့် စီးပွားရေးပေါင်းစည်းမှုကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများနှင့် စီးပွားရေးခေါင်းဆောင်များထံမှ သိရသည်။

(၁-၁-၂၂) ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သော ကုန်သွယ်ရေး သဘောတူညီချက်သည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်မှုဧရိယာကို ဖန်တီးပေးခဲ့ပြီး ဒေသတွင်းနှင့် ပြင်ပစီး

ပွားရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း(၆-၁၁-၂၂) ရက်နေ့တွင် ထုတ်ပြန်သည့် HSBC အစီရင်ခံစာတွင် RCEP အဖွဲ့ဝင် ကိုးနိုင်ငံ၌ အခြေစိုက်သည့် ကုမ္ပဏီပေါင်း ၃၄၀၀ နီးပါးက လာမည့် ၁၂ လအတွင်း ၎င်းတို့၏ တရုတ်စီးပွားရေးဝင်ငွေသည် ၂၀ ရာခိုင်နှုန်း တိုးလာမည်ဟုမျှော်လင့်ထားကြောင်း HSBC ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

RCEP ဈေးကွက်ရှိ ကုမ္ပဏီများသည် ၎င်းတို့၏ တရုတ်နိုင်ငံရှိ လုပ်ငန်းများမှ ဝင်ငွေသည် တစ်နှစ်လျှင် အနည်းဆုံး ၃၀ ရာခိုင်နှုန်းတိုးလာရန် ၄၀ ရာခိုင်နှုန်းက မျှော်မှန်းထားကြောင်းနှင့် ကုမ္ပဏီများ၏ ၁၀ ရာခိုင်နှုန်းသည် နှစ်စဉ်ဝင်ငွေ ၅၀ ရာခိုင်နှုန်း တိုးလာမည်ဟု မျှော်မှန်းထား ကြောင်း RCEP ကို အကောင်အထည်ဖော်ခြင်းသည် နိုင်ငံစုံစနစ်၊ လွတ်လပ်စွာ ကုန်သွယ်မှုနှင့် ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုကို ထိန်းထားရန် သက်ဆိုင်ရာပါတီများ၏ ယုံကြည်မှုနှင့် သန္နိဋ္ဌာန်ကို ပြသကြောင်းနှင့် ယင်းသည် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရန် အရေးကြီး သော ပံ့ပိုးကူညီမှုများ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို တွန်း အားပေးကူညီမည်ဖြစ်ကြောင်း နိုင်ငံတကာ စီးပွားရေးနှင့် စီးပွားရေးတက္ကသိုလ်၏ ဒုတိယဥက္ကဋ္ဌ Hong Junjie က ပဉ္စမအကြိမ်မြောက် Hongqiao အပြည်ပြည် ဆိုင်ရာစီးပွားရေးဖိုရမ်တွင် ပြော ကြားခဲ့ပါသည်။

အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် Dato Lim Jock Hoi က လူ့ဘောင်အဖွဲ့အစည်း ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုလိုအပ်ပြီး အဲဒီအတွက် RCEP ဟာ အရေးကြီးသော အခန်းကဏ္ဍကနေ ပါဝင်သွားမည်ဖြစ် ကြောင်း ကုန်သွယ်ရေး သဘောတူညီချက်သည် ထောက်ပံ့ရေးကွင်းဆက်များတွင် ရေတိုနှင့် ရေ ရှည်ပိတ်ဆို့မှုများကို ဖြေရှင်းနိုင်ရုံသာမက ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုကိုလည်း မြှင့်တင် ပေးမည်ဖြစ်ကြောင်း အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဒါတိုလင်က ပြောကြားခဲ့သည်။

RCEP ဈေးကွက်များမှ စစ်တမ်းကောက်ယူထားသည့် အစီရင်ခံစာအရ ကုမ္ပဏီများ၏ ၉၃ ရာခိုင်နှုန်းနီးပါးက RCEP အစီအစဉ်များအောက်တွင် တရုတ်မိတ်ဖက်များနှင့် ကုန်သွယ်မှုဆက် ဆံရေး ခိုင်မာလာမည်ဖြစ်ကြောင်း၊ ထိုင်းနှင့် ဗီယက်နမ် ကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများမှ အထူးသိသာထင်ရှားသည့် လမ်းကြောင်း တစ်ခုဖြစ်ကြောင်း တွေ့ဆုံမေးမြန်းချက်များအရ RCEP ဈေးကွက်ရှိနိုင်ငံများမှ ကုမ္ပဏီများ၏ ၇၈ ရာခိုင်နှုန်း နီးပါးသည် လာမည့် ၂၄ လအတွင်း တရုတ်နိုင်ငံ၌ ၎င်းတို့၏ ထောက်ပံ့ရေးကွင်းဆက်ကို တိုးချဲ့ရန် စီစဉ်လျက်ရှိကြောင်း သိရှိရပြီး အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးချခြင်းနှင့် မဟာဗျူဟာမြောက် ပေးသွင်းသူများ နှင့် ပိုမိုနီးကပ်သောဆက်ဆံရေးကို တည်ဆောက်ခြင်းသည် ၎င်းတို့အာရုံစိုက်မှု၏ တစ်စိတ်တစ် ပိုင်းဖြစ်ကြောင်း RCEP သည် ကုန်ကျစရိတ်များကို လျှော့ချရန်၊ ထောက်ပံ့ရေးကွင်းဆက်ကို တည်ငြိမ်စေရန်နှင့် ကုန်သွယ်မှုကို မြှင့်တင်ရန် ကူညီပေးလိမ့် မည်ဖြစ်ကြောင်း ပြောကြားခဲ့ သည်။

ရင်းမြစ် [Firms in RCEP markets optimistic – News – 云桥网英文 (yunnan gateway.com)]
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

Agribusiness & Trade

## တရုတ်နိုင်ငံရှိ ကျေးလက်ဒေသများတွင် လူနေမှုအဆင့်အတန်း မြင့်မားလာ

တရုတ်နိုင်ငံသည် ဆင်းရဲမွဲတေမှုပပျောက်ရေးတွင် သမိုင်းဝင်အောင်မြင်မှုများ ရရှိထားပြီး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အောင်မြင်မှုများကို စုစည်းကာ ချဲ့ထွင်ရန် ကျေးလက်ဒေသ ရှင်သန်ရေးအတွက် တက်ကြွစွာ တွန်းအားပေးနေကြောင်း တစ်နှစ်လျှင် လူတစ်ဦးချင်းဝင်ငွေ ယွမ် ၂၃၀၀ (ဒေါ်လာ ၃၃၀) အောက် တစ်ရက်လျှင် ၁ ဒေါ်လာခန့်ရှိသော ဆင်းရဲနွမ်းပါးသော ကျေးလက်နေပြည်သူ ၉၈.၉၉ သန်းခန့်သည် ဆင်းရဲတွင်းမှ လွတ်မြောက်သွားပြီဖြစ်ကြောင်း ၂၀၂၀ နှစ်ကုန်တွင် ခရိုင်ပေါင်း ၈၃၂ ခန့်နှင့် ကျေးရွာပေါင်း ၁၂၈,၀၀၀ ကို တရားဝင် ဆင်းရဲနွမ်းပါးမှုစာရင်းမှ ဖယ်ရှားခဲ့ကြောင်း တရားဝင် အချက်အလက်များအရ သိရသည်။ ၂၀၂၁ ခုနှစ်တွင် ကျေးလက်နေထိုင်သူများ၏ ပျမ်းမျှတစ်ဦးချင်း ဝင်ငွေသည် ၂၀၁၂ ခုနှစ် အဆင့်မှ ၁၈၉၃၁ ယွမ်အထိ နှစ်ဆ တိုးလာကြောင်း ဖော်ပြထားပါသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာ ဒုတိယဝန်ကြီး သန်ရှောင်ကန်က ယခင်က ဆင်းရဲနွမ်းပါးသောဒေသများရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်း သိသိသာသာမြင့်တက်လာပြီး လုံလောက်သော အစားအစာ၊ အဝတ်အထည်၊ ဘေးကင်းသော အိမ်ရာများ၊ မသင်မနေရ ပညာရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးတို့ ရရှိပြီဖြစ်ကြောင်း ယခင်က ဆင်းရဲနွမ်းပါးသော ခရိုင်အားလုံးတွင် ဒေသဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးမည့် ကွဲပြားသောစက်မှုလုပ်ငန်း နှစ်ခုမှသုံးခုအထိရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး လက်လှမ်းမီမှုနည်းပါးမှုကို ဖြေရှင်းနိုင်ခဲ့ကြောင်း ကျေးလက်ဒေသများ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သာများတည်ဆောက်ထားပြီး အမှိုက်နှင့်မိလ္လာလာစွန့်ပစ်နိုင်မှုမှာလည်း သိသိသာသာတိုးတက်လာကြောင်း ၎င်းကမကြာသေးမီကသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အမျိုးသားကျေးလက်ပြန်လည်ထူထောင်ရေး စီမံအုပ်ချုပ်မှု၏ လက်ထောက်အကြီးအကဲ ဟုန် က တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအမံများတွင် ပါတီ၏ခေါင်းဆောင်မှုကို လိုက်နာမှု၊ လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့် ဆင်းရဲနွမ်းပါးသော ပြည်သူများအား စည်းရုံးရေးတို့ ပါဝင်ကြောင်း ပြောကြားခဲ့သည်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အောင်မြင်မှုကို စုစည်းပြီး ဆင်းရဲမွဲတေမှု ကြီးကြီးမားမား ပြန်မလာနိုင်စေရေးသည် အနာဂတ်အတွက် အဓိကတာဝန်များဖြစ်ကြောင်း တစ်ချိန်က ဆင်းရဲနွမ်းပါးသော ပြည်သူများကို စောင့်ကြည့်လေ့လာပြီး လိုအပ်သည့်အကူအညီများ ပေးဆောင်သွားမည်ဖြစ်ကြောင်း ပြောသည်။ ထို့အပြင် တရုတ်နိုင်ငံသည် ယခင်က ဆင်းရဲနွမ်းပါးသူ သန်း ၃၀ ကျော်ကို ယခုနှစ်အတွင်း အလုပ်အကိုင်များ ရှာဖွေနိုင်စေမည်ဖြစ်ပြီး ကျေးလက်လူနေမှုပတ်ဝန်းကျင်မြှင့်တင်ရေးသည် ကျေးလက်နေရေး ရှင်သန်ရေးမဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင် အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ကြောင်း သိရသည်။ ကျေးလက်နေ အိမ်သာသန်း ၄၀ ကျော်ကို ပြန်လည်ပြုပြင်မွမ်းမံပြီး ကျေးလက်ဒေသ

Agribusiness & Trade

များတွင် မိလ္လာသန့်စင်မှုနှုန်းသည် ကျေးလက်ဒေသများတွင် ၂၈ ရာခိုင်နှုန်းခန့် ရောက်ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သော သုံးနှစ်တာ ကျေးလက်လူနေမှု ပတ်ဝန်းကျင် အဆင့်မြှင့်တင်ရေး လှုပ်ရှားမှု၏ ရလဒ်အဖြစ် ရောက်ရှိခဲ့ကြောင်း ကျေးရွာများ၏ ၉၅ ရာခိုင်နှုန်းကျော်သည် သန့်ရှင်း ရေးလှုပ်ရှားမှုများကို လုပ်ဆောင်ကြပြီး လယ်သမားများသည် သန့်ရှင်းပြီးစိမ်းလန်းသော နေထိုင် မှုပုံစံကို ကျင့်သုံးကြကြောင်း ကျေးလက်ခရီးသွားလာရေးလမ်းကြောင်း ၁၀၀၀ ကျော်ကို ကျေးလက်ခရီးသွားလာရေး မြှင့်တင်ထားပြီး ကျေးလက်အပန်းဖြေ စားသောက်ဆိုင်များနှင့် ကလပ်ပေါင်း ၃၀၀၀၀၀ ကျော် ရှိကြောင်း ကျေးလက်ဒေသများတွင် အီးကောမတ်စ် မြှင့်တင်ရန် ကြီးမားသော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ကြောင်း ကျေးလက်တွင် အီးကောမတ်စ် စတိုး ဆိုင်ပေါင်း ၃၀,၀၀၀ ကျော်ရှိပြီး ထူးခြားသော စိုက်ပျိုးရေးထွက်ကုန်များရောင်းချမှု ပိုမိုအဆင်ပြေ စေကြောင်း သန် က ပြောသည်။

ရင်းမြစ် [Living standards rise in the nation's rural areas – News – 云桥网英文 (yunnangate way.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

........................................................................

## တရုတ်နိုင်ငံသည် တက်ကြွသော COVID-သုညမူဝါဒကို ဆက်လက်စွဲကိုင်ထား

တရုတ်နိုင်ငံသည် ၎င်း၏ တက်ကြွသော COVID-သုညမူဝါဒကို ဆက်လက်လုပ်ဆောင် နေပြီး ၎င်း၏ တုံ့ပြန်ဆောင်ရွက်မှုအစီအမံများကို ပိုမိုကောင်းမွန်အောင် ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ကူးစက်ရောဂါတုံ့ပြန်မှုသည် သိပ္ပံပညာကို ပိုမိုအခြေခံပြီး ရည်ရွယ် မှုသေချာစေရန်အတွက် ဦးတည်ဆောင်ရွက်နေကြောင်း တရုတ်နိုင်ငံ၏ ကိုဗစ် ၁၉ ထိန်းချုပ်ရေး သည် ရှုပ်ထွေးသော အခြေအနေနှင့် ရင်ဆိုင်နေရပြီး မြို့အများအပြားတွင် ဒေသတွင်းဖြစ်ပွားမှု ပြန်လည် ပေါ်ပေါက်ခြင်းနှင့် အစုလိုက်အပြုံလိုက်ကူးစက်မှုများဖြစ်ပေါ်လျှက်ရှိကြောင်း မြို့တော် ဘေဂျင်းတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အမျိုးသားရောဂါ ကာကွယ်ရေးနှင့် ထိန်း ချုပ်ရေးအရာရှိ ဟူရှင်းက ပြောကြားခဲ့သည်။

သို့သော် ယေဘုယျအားဖြင့် နိုင်ငံတစ်ဝန်း အခြေအနေကို ထိန်းချုပ်နိုင်ခဲ့ပြီး ရှင်ကျန်းယူ ဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌ ဗိုင်း ရပ်စ်ထိန်းချုပ်ရေးတွင် ခိုင်မာသောတိုးတက်မှုများ ရရှိခဲ့ပြီး ကွမ်တုံး၊ ဖူးကျီယန်၊ ဟေလုံကျင်း၊ ဟီဘေးနှင့် ဟီနန်ကဲ့သို့သော အခြားပြည်နယ်များတွင် ရောဂါဖြစ်ပွားမှုများ တဖြည်းဖြည်း တည် ငြိမ်လာခဲ့ကြောင်း ဗိုင်းရပ်စ်၏ ပြောင်းလဲနေသော အင်္ဂါရပ်များနှင့်အညီ ကာကွယ်ရေးနှင့် ထိန်း ချုပ်မှုအစီအမံများကို ချိန်ညှိရန် တရုတ်ကျန်းမာရေးဌာနသည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကူးစက်ရောဂါ ထိန်းချုပ်ရေးအစီအမံများကို အလွဲသုံးစားလုပ်ခြင်းဆိုင်ရာ အများပြည်သူ စိုးရိမ်မှုများနှင့်ပတ်သက်၍ အုပ်ချုပ်ရေးမှအရာရှိတစ်ဦးဖြစ်သူ တောင်ကျား က အချို့သော ဒေသဆိုင်ရာအာဏာပိုင်များသည် ဗိုင်းရပ်စ်ထိန်းချုပ်ရန် ရိုးရှင်းသော အစီအမံများကို ကျင့်သုံးခဲ့ကြောင်းကို သတိပြုမိကြောင်း ထိုသို့သော အပြုအမူသည် အဓိပ္ပာယ်မဲ့သော လုပ်ထုံးလုပ်နည်းများနှင့် ဗျူရိုကရေစီစနစ်ဖြင့် ဖွဲ့စည်းထားပြီး သိပ္ပံနည်းကျနှင့် ပစ်မှတ်ထားသော ကပ်ရောဂါထိန်းချုပ်မှုနှင့် ကိုဗစ်တုံ့ပြန်မှုအား စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၏ လိုအပ်ချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း လိုအပ်မှုဆောင်ရွက်ရန် ပျက်ကွက်သူများ၏ အဆိုပါ အပြုအမူအား အချိန်မှီ သက်ဆိုင်ရာတာဝန်ရှိသူများမှ ပြစ်ဒဏ်များချမှတ်၍ ပြုပြင်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရင်းမြစ် [China to stick to dynamic zero-COVID policy - News - 云桥网英文 (yunnangateway.com)](yunnangateway.com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

...................................................................

## တရုတ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်စေရန် အဝေးပြေးလမ်းတည်ဆောက်ရေး ရင်းနှီးမြုပ်နှံမှုများ ပိုမိုပြုလုပ်ခဲ့

တရုတ်နိုင်ငံ၏စီးပွားရေးတည်ငြိမ်စေရန်အတွက် အဝေးပြေးလမ်း အခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်တည်ဆောက်နေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရပါသည်။ ဇန်နဝါရီလမှ စက်တင်ဘာလအထိ အမြန်လမ်းသစ် ၂၉၉ ခုနှင့် စုစုပေါင်းအရှည် ကီလိုမီတာ ၉၆၄၅ ရှိ နိုင်ငံနှင့် ပြည်နယ်အဆင့် အဝေးပြေးလမ်း ရင်းနှီးမြှုပ်နှံမှုအတွက် ယွမ် ၈၈၂ ဘီလီယံ (ဒေါ်လာ ၁၂၂ ဘီလီယံ) ဖြင့် ဖောက်လုပ်ခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန အဝေးပြေးဗျူရို၏ လက်ထောက်အကြီးအကဲ ဂူကျိဖန်က ယခုလ အစောပိုင်းတွင်ပြုလုပ်စေသော သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါသည်။ အရှည် ၂၁၃၂ ကီလိုမီတာ ရှည်လျားသည့် ပရောဂျက် ၃၄ ခုကို စက်တင်ဘာလတွင် စတင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ပထမသုံးလပတ်တွင် စုစုပေါင်းလမ်းအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု၏ ၄၃.၇ ရာခိုင်နှုန်းရှိကြောင်း အဆိုပါ ပရောဂျက်များတွင် ဂျင်းစုပြည်နယ်ရှိ ရေအောက်ဥမင်လိုဏ်ခေါင်း၊ စစ်ချွမ်းနှင့် ယူနန်ပြည်နယ်များတွင် အမြန်လမ်းများပါဝင်ကြောင်း တရုတ်နိုင်ငံသည် အမြန်လမ်း ၉၇၅၆ ကီလိုမီတာ၊ နိုင်ငံနှင့် ပြည်နယ်အဆင့် အဝေးပြေးလမ်းများကို ဇန်နဝါရီလမှ စက်တင်ဘာလအထိ တည်ဆောက်ခဲ့ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ယွမ် ၅၅၇ ဘီလီယံဖြင့် တည်ဆောက်ခဲ့ကြောင်း လွန်ခဲ့သည့်လတွင် ၁၄၄၁ ကီလိုမီတာ ပိုမိုတိုးချဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ယွမ်ငွေ ၁၂၅ ဘီလီယံတန်ဖိုးရှိသော အဝေးပြေးလမ်းမကြီးများနှင့် အမြန်လမ်းအများအပြားကို လမ်းကြောင်းဖွင့်ပေးခဲ့ကြောင်း "ဝန်ကြီးဌာနသည် လမ်းကွန်ရက် ဆက်သွယ်မှု

ပိုမိုကောင်းမွန်လာစေရန် အဓိကထား၍ လမ်းဖောက်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်ချဲ့ထွင်သွားမည်" ဟုဂူ က ဆိုသည်။

လမ်းမကြီးများ အကောင်အထည်ဖော်ရာတွင် စီးပွားရေးတည်ငြိမ်မှု၊ ခေတ်မီသယ်ယူပို့ဆောင်ရေးစနစ် တည်ဆောက်မှုမြှင့်တင်ရန်နှင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ "သယ်ယူပို့ဆောင်ရေးသည် စီးပွားရေး၏ တွန်းအားဖြစ်ကြောင်းနှင့် လူ့ယဉ်ကျေးမှု၏ ဆက်စပ်မှုဖြစ်ကြောင်း အဆိုပါကဏ္ဍသည် ပြည်တွင်းဝယ်လိုအားကို ဖန်တီးပေးပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လာစေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပုံသေပိုင်ဆိုင်မှုများ ရင်းနှီးမြှုပ်နှံမှုသည် ပထမသုံးလပတ်တွင် တစ်နှစ်ထက်တစ်နှစ် ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ပြီး စီးပွားရေးတိုးတက်မှုကို တည်ငြိမ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုအတွက် နေရာသစ်များဖန်တီးပေးနိုင်ရန် တိုးမြှင့်ထားကြောင်း ဝန်ကြီးဌာန၏ အထွေထွေစီမံရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဟောင် က ပြောကြားခဲ့သည်။

ဇန်နဝါရီလမှ ဩဂုတ်လအထိ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပုံသေပိုင်ဆိုင်မှုများ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ယွမ် ၂ ဒသမ ၃၄ ထရီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၆.၆ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ၎င်းတို့အနက် ယွမ် ၁၇၆ ဘီလီယံသည် အဝေးပြေးလမ်းများ ဖောက်လုပ်ရာတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၉ ဒသမ ၅ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း အမြန်လမ်းမကြီးများ ဖောက်လုပ်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် ဝန်ကြီးဌာနသည် အဓိကကျသော ပရောဂျက်များ၏ တိုးတက်မှုကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်စေရန် ပေါင်းစပ်ညှိနှိုင်းမှုကို အားကောင်းစေခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ကြုံတွေ့နေရသော ပြဿနာများဖြစ်သည့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း၊ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခြင်း၊ တိုးတက်မှုကို ခြေရာခံရန်နှင့် စီမံကိန်းစာရင်းဇယားများ သတ်မှတ်ခြင်းကဲ့သို့သော အွန်လိုင်းစနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်း အဝေးပြေးလမ်းဗျူရို၏ လက်ထောက်အကြီးအကဲ ကျောက်က ပြောကြားခဲ့သည်။

ရင်းမြစ် www.chinadaily.com.cn/a/202211/01/WS636074f9a310fd2b29e7f9a9.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

…………………………………………………………

## တရုတ်နိုင်ငံတွင် ကိုဗစ် ၁၉ ပြန်လည်ရှင်သန်လာမှုကို တိုက်ဖျက်စဉ် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ သေချာစေရေး ကြိုးပမ်းလျက်ရှိ

နိုင်ငံတစ်ဝှမ်းတွင် ယခုတလောကိုဗစ် ၁၉ ပြန်လည်ဖြစ်ပွားမှုကို တားဆီးရန်အတွက် တရုတ်အာဏာပိုင်များသည် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုကို သေချာစေရန် ပိုမိုပစ်

မှတ်ထားပြီး သိပ္ပံနည်းကျပုံစံဖြင့် အသစ်ထုတ်ပြန်ထားသော အစီအမံ ၂၀ ကို အကောင်အထည်ဖော်လျက်ရှိသည်။ တရုတ်ပြည်မကြီးတွင် (၂၈-၁၁-၂၂) ရက်နေ့တွင် ပြည်တွင်း၌ ကူးစက်ကြောင်း အတည်ပြုထားသော COVID-19 ရောဂါဖြစ်ပွားမှု ၃၇၄၈ မှုနှင့် ဒေသဆိုင်ရာ ရောဂါလက္ခဏာမပြနိုင်သော ရောဂါဖြစ်ပွားမှု ၃၆,၃၀၄ ခုရှိကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆေးကုသမှုနှင့် ပတ်သက်၍ ဘေဂျင်းရှိ ဒေသခံဆေးရုံတစ်ခုတွင် (၂၈-၁၁-၂၂) ရက်နေ့တွင် ရောဂါလက္ခဏာမပြသော သယ်ဆောင်သူများအပါအဝင် ဒေသတွင်း ကူးစက်မှုအသစ် ၃၈၆၈ ခုကို အန္တရာယ်များသောအုပ်စုများအတွက် အထူးကြပ်မတ်ကုသဆောင်များပေးရန် သီးခြားနေရာနှင့် ကျွမ်းကျင်ဆေးအဖွဲ့များကို ဖွဲ့စည်းထားပေးကြောင်း Beijing Ditan ဆေးရုံသည် ဆေးဝါးကုသမှုစွမ်းရည်မြှင့်တင်ရန် ၎င်းတို့၏ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းအတွက် နှလုံးရောဂါဗေဒ၊ ဟိုမုန်းရောဂါဗေဒနှင့် အခြားသောပညာရပ် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ အရေအတွက်ကိုလည်း တိုးမြှင့်ခဲ့ပါသည်။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်သည် ပြည်နယ်အနှံ့ ဆေးဘက်ဆိုင်ရာ အရင်းအမြစ်များကို လျင်မြန်စွာစုဆောင်းခဲ့သည်။ တနင်္ဂနွေနေ့တွင် ကူးစက်မှုပေါင်း ၈၂၉၅ ခုကို စာရင်းသွင်းထားသည့် ပြည်နယ်မြို့တော် ကွမ်ကျိုးကို မြို့ပေါင်း ၁၀ မြို့ကျော်မှ ဆေးဘက်ဆိုင်ရာဝန်ထမ်း ၈၀၀၀ ကျော်က ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်သည် ဆေးဝါးကုသမှု စွမ်းရည်မြှင့်တင်ရန် ပြည်နယ်အနှံ့ ဆေးဘက်ဆိုင်ရာ အရင်းအမြစ်များကို လျင်မြန်စွာ စုဆောင်းခဲ့ကြောင်း (၂၈-၁၁-၂၂) ရက်နေ့ ကူးစက်မှု ၈၂၉၅ ခုကို စာရင်းသွင်းထားသည့် ပြည်နယ်မြို့တော် ကွမ်ကျိုးကို မြို့ကြီး ၁၀ မြို့မှ ဆေးဘက်ဆိုင်ရာ ဝန်ထမ်း ၈,၀၀၀ ကျော်က ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

နျူကလိစ်အက်ဆစ်စမ်းသပ်မှုစွမ်းရည်သည် ပိုမိုတိုးတက်ကောင်းမွန်လာကာ နေ့စဉ်စမ်းသပ်မှုစွမ်းရည် သန်း ၆၀ အထိရောက်ရှိခဲ့ကြောင်း ယာယီဆေးရုံများနှင့် ကွာရန်တင်းနေရာများ ဆောက်လုပ်မှု အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ကွမ်ကျိုးမြူနီစီပယ် ကျန်းမာရေးကော်မရှင်၏ လက်ထောက်ညွှန်ကြားရေးမှူး ကျန်းရီ က ကွမ်ကျိုးတွင် ယာယီဆေးရုံ ၁၉ ရုံ ဖွင့်လှစ်ထားပြီး ဆေးဝါးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများပေးရန် အဆိုပါ ယာယီဆေးရုံ ၂၈ ခုကို လွှဲပြောင်းယူရန် သတ်မှတ်ထားကြောင်း ပြောကြားခဲ့သည်။ (၂၉-၁၁-၂၂) ရက်နေ့တွင် ကူးစက်မှု ၉,၆၈၅ ခုကို အစီရင်ခံခဲ့ကြောင်း တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံချင်းမြူနီစီပယ်သည် ဆေးရုံ၏လက်ခံကုသနိုင်သည့်စွမ်းရည်ကို အမြင့်ဆုံးမြှင့်တင်ရန် အားကစားကွင်းများ၊ ဈေးများနှင့် အခြားအဆောက်အအုံများကို ပြောင်းလဲပေးလျက် ရှိပါသည်။

အခြေခံပြည်သူများ၏ ကြိုးပမ်းမှုများအနေဖြင့် ရပ်ကွက်အသိုင်းအဝိုင်း ကဲ့သို့သော အောက်ခြေအဖွဲ့အစည်းများသည် ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ရှေ့တန်းတွင်ရှိနေပါ

ကြောင်း ချုံချင်းတွင် ပါတီဝင်များနှင့် ကေဒါများ၊ နေထိုင်သူများနှင့် (ဆက်သား)ပေးပို့သူများ အပါအဝင် လူပေါင်း ၆၀၀,၀၀၀ ကျော်သည် ယခုတလောကပ်ရောဂါ ပြန်လည်ဖြစ်ပွားမှုကို ရင်ဆိုင်ရန် စေတနာ့ဝန်ထမ်း လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြကြောင်း Shapingba ခရိုင်ရှိ Jinxing အသိုက်အဝန်းသည် အဆောက်အဦ ၁၇ ခုတွင် နေထိုင်သူများအတွက် ကူးစက်ရောဂါကာကွယ်ရန်နှင့် အပြန်အလှန် အကူအညီများအတွက် ဝီချက်ဂရု We Chat အဖွဲ့များ တည်ထောင်ရန် စေတနာ့ဝန်ထမ်း ၂၀၀ ကျော်ကိုဖွဲ့စည်းခဲ့သည်။

စေတနာ့ဝန်ထမ်းများသည် nucleic acid ရှာဖွေခြင်းအစီအစဉ်ကို ထိန်းသိမ်းထားရန်နှင့် ရပ်ရွာအတွက် နေ့စဉ်လိုအပ်သောပစ္စည်းများ ဝယ်ယူမှုနှင့် ဖြန့်ဖြူးမှုတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ပြီး ချုံချင်းမြို့လယ်ရှိ လူ့အဖွဲ့အစည်းများသည် ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးကင်းစကလေးများနှင့် မသန်စွမ်းသူများကဲ့သို့သော အထူးအဖွဲ့များအတွက် တိကျသော ဝန်ဆောင်မှုများ ပေးဆောင်ရန် စာရင်းများကို ထူထောင်ထားကြသည်။

ယင်း၏ နေအိမ်အဆောက်အအုံကို အန္တရာယ်မြင့်သည်ဟု သတ်မှတ်ခံရသော ကွမ်ကျိုးရှိ Huagang အသိုက်အဝန်းတွင်နေထိုင်သူ လီက လူမှုအသိုက်အဝန်း ဝန်ထမ်းများကို နေ့စဉ်ဝန်ဆောင်မှုများပေးနိုင်ရန် စေတနာ့ဝန်ထမ်းအဖွဲ့ကို မြန်မြန်ဆန်ဆန် ထူထောင်နိုင်ခဲ့ကြောင်း "ဒါဟာ ခက်ခဲတဲ့အလုပ်ဖြစ်ပေမယ့် ငါတို့ရပ်ရွာမှာရှိတဲ့ နေထိုင်သူတွေရဲ့ လုံခြုံရေးကို အကာအကွယ်ပေးတဲ့အတွက် အရမ်းတန်ပါတယ်။ ကြီးကျယ်တဲ့အရာတွေကို ငါတို့မလုပ်နိုင်ပေမယ့် အသေးအမွှားလေးတွေကိုတော့ ကြီးမားတဲ့ ချစ်ခြင်းမေတ္တာနဲ့ လုပ်နိုင်ပါတယ်" ဟု Li က ပြောကြားခဲ့သည်။

အသက်မွေးဝမ်းကြောင်း အာမခံချက်အနေဖြင့် အထူးသဖြင့် ကိုဗစ် ၁၉ ပြန်လည်ဖြစ်ပွားမှုဒဏ် ပြင်းထန်သောဒေသများတွင် နေထိုင်သူများအတွက် နေ့စဉ်လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကတိပြုထားသည်။

သက်ကြီးရွယ်အိုများ၊ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ လူနာများနှင့် မသန်စွမ်းသူများကို ဦးစားပေး၍ ပိတ်ဆို့ထားသော စီမံခန့်ခွဲမှုနယ်ပယ်များ closed-off management areas တွင် လုံလောက်သော ဖြန့်ဖြူးနိုင်စွမ်းရှိစေရန် ပိုမိုကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နောက်ဆုံး ကိုဗစ် ၁၉ ပြန်လည်ရှင်သန်လာမှုကို တိုက်ဖျက်နေသည့်ကြားတွင် နေထိုင်သူများ၏ အသက်မွေးဝမ်းကြောင်းကို ကာကွယ်ရန်အတွက် ဒေသဆိုင်ရာအစိုးရများသည် အစီအမံများကို အကောင်းဆုံးလုပ်ဆောင်နေပါသည်။

ဘေဂျင်းသည်ကိုဗစ်၁၉ ဒဏ်ခံရသော ဈေးဝယ်စင်တာများနှင့် စူပါမားကတ်များကို ပြန်လည်ဖွင့်လှစ်ရန် အရှိန်မြှင့်သွားမည်ဟု ကတိပြုထားပြီး e-commerce ပလပ်ဖောင်းများသည် နေထိုင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ထောက်ပံ့ပစ္စည်းများကို ပိုမိုစုဆောင်းကာ ပို့ဆောင်ရေးလုပ်သားများ ထပ်မံခေါ်ယူလျက်ရှိသည်။ လတ်ဆတ်သော ဟင်းသီး

Agribusiness & Trade

ဟင်းရွက် e-commerce ပလပ်ဖောင်းဖြစ်သော ကျင်းသုံး Dingdong သည် ပြင်ပတတိယ ကုမ္ပဏီပေးပို့ခြင်း ဝန်ဆောင်မှုများနှင့်လည်း လုပ်ဆောင်လျက်ရှိသည်။

ချုံချင်းအာဏာပိုင်များသည် ပိတ်ဆို့ထားသော စီမံခန့်ခွဲမှုအောက်ရှိ လူနေရပ်ကွက်အပြင်ဘက်တွင် ယာယီ-လက်လီ ရောင်းချသည့် ကုမ္ပဏီများကို အာဏာပိုင်များက စီစဉ်ဖွဲ့စည်းခဲ့ကြောင်း ဒေသန္တရအစိုးရသည် အွန်လိုင်းအမှာစာများ တဟုန်ထိုးတိုးလာမှုကို ဖြည့်ဆည်းနိုင်စေရန် သိုလှောင်ပမာဏကို တိုးမြှင့်ထားရန် e-commerce ပလပ်ဖောင်းများနှင့် စူပါမားကတ်ကြီးများကို တောင်းဆိုထားကြောင်း ကုန်သွယ်မှုဝန်ကြီးဌာနသည် လိုအပ်သည့် ဈေးနှုန်းများကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ အရန်ထားရှိသော ဝက်သား ထုတ်ပေးသည့်အစီအစဉ်များနှင့် လုံလောက်သော ထောက်ပံ့မှုများရရှိစေရန်အတွက် ဒေသဖြတ်ကျော်ညှိနှိုင်းမှုပိုမို ကောင်းမွန်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ် [China strives to ensure livelihoods while fighting COVID-19 resurgences – News – 云桥网英文 (yunnangateway.com)](yunnangateway.com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

…………………………………………………………………

## တရုတ်နိုင်ငံခရီးစဉ်မှ တရုတ်-အီးယူဆက်ဆံရေး မြှင့်တင်ရန် မျှော်လင့်ထား

ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် ပထဝီဝင်နိုင်ငံရေး အပြောင်းအလဲများကြားတွင် ဘေဂျင်းနှင့် ဘရပ်ဆဲလ်တို့ကြား စည်းလုံးညီညွတ်မှုနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးကို မြှင့်တင်ခြင်းသည် ဥရောပသမဂ္ဂခေါင်းဆောင် Charles Michel ၏ တရုတ်နိုင်ငံသို့ လာရောက်မည့် ခရီးစဉ်အတွင်း အစီအစဉ်တွင် ထိပ်တန်းမှပါဝင်လိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း တရုတ်သမ္မတရှီကျင်းပင်၏ ဖိတ်ကြားချက်အရ ဥရောပကောင်စီဥက္ကဋ္ဌ Michel သည် (၁-၁၂-၂၂) ရက်နေ့တွင် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာ က(၂၈-၁၁-၂၂) ရက်နေ့တွင် ကြေညာခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ၂၀ ကြိမ်မြောက် အမျိုးသားကွန်ဂရက်အပြီး တရုတ်နှင့် အီးယူခေါင်းဆောင်များအကြား ပထမဆုံး တရားဝင်တွေ့ဆုံမှု ဖြစ်လာမည်ဖြစ်ကြောင်း နှစ်ဘက်စလုံးသည် အပြန်အလှန်ယုံကြည်မှုကို ပြုပြင်ရန်၊ နိုင်ငံရေးနှင့် လုံခြုံရေးနယ်ပယ်များတွင် အပြန်အလှန်နားလည်မှုကို မြှင့်တင်ရန်နှင့် အဓိကစီးပွားရေးအင်ဂျင်များ ခွဲထုတ်ရန် ဥရောပနိုင်ငံရေးသမားအချို့၏ တွန်းအားပေးမှုများ ပါဝင်သင့်သည်ဟု လေ့လာသူများက ပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း ရှီသည် Michel နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဝန်ကြီးချုပ် Li Keqiang နှင့် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ Li Zhanshu တို့လည်း တွေ့ဆုံမည်

ဖြစ်သည်။ “နှစ်ဘက်ခေါင်းဆောင်တွေဟာ တရုတ်-အီးယူ ဆက်ဆံရေးအပြင် နိုင်ငံတကာနဲ့ ဒေသတွင်း ဘုံစိုးရိမ်စရာ ကိစ္စရပ်တွေအပေါ် နက်နက်ရှိုင်းရှိုင်း အမြင်ချင်းဖလှယ်ကြမယ်” “တရုတ်နိုင်ငံ၏ အီးယူနှင့် ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရန် အလွန်အရေးကြီးကြောင်း ၎င်းက ပြောကြားခဲ့သည်။ ရှုပ်ထွေးသော နိုင်ငံတကာအခြေအနေတွင် ပိုမိုတည်ငြိမ်မှု ရှိလာစေရန်အတွက် ပေကျင်းသည် ယခု ခရီးစဉ်မှတစ်ဆင့် အီးယူနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးကို ခိုင်မာစေရန် ဆန္ဒရှိကြောင်း၊ အများဆန္ဒကို တည်ဆောက်ရန်နှင့် တရုတ်-အီးယူ ဆက်ဆံရေး စဉ်ဆက်မပြတ် ခိုင်မာပြီး တည်ငြိမ်သော ဖွံ့ဖြိုးတိုးတက်မှုကို ပူးတွဲမြှင့်တင်ရန် ဆန္ဒရှိကြောင်း နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Zhao Lijian က ပြောကြားခဲ့သည်။

ယမန်နှစ်က တရုတ်-အီးယူ ကုန်သွယ်မှုသည် ပထမအကြိမ်အဖြစ် ကန်ဒေါ်လာ ၈၀၀ ဘီလီယံကျော်ရှိပြီး နှစ်လမ်းသွားရင်းနှီးမြှုပ်နှံမှုသည် ကန်ဒေါ်လာ ၂၇၀ ဘီလီယံ ကျော်လွန်သွားခဲ့သည်။ ယခုနှစ် ပထမရှစ်လအတွင်း တရုတ်နိုင်ငံတွင် အီးယူ၏ ရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ၇.၄၅ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၂၁.၅ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ " လည်ပတ်မှုအချိန်ဇယားသည် တရုတ်-အီးယူဆက်ဆံရေး ဟန်ချက်ညီရန် လိုအပ်ပြီး တည်ငြိမ်သင့်သည်ဟု နှစ်ဖက်စလုံး၏ မျှဝေယုံကြည်မှုကို ပြသသည်" ဟု China Institute of International Studies' European Study Department မှ ဒါရိုက်တာ Cui Hongjian က ပြောကြားခဲ့သည်။ တရုတ်-အီးယူဆက်ဆံရေးသည် လွန်ခဲ့သည့်နှစ်နှစ်အတွင်း ကွဲပြားမှုများကြောင့် ထိခိုက်ခဲ့ရသော်လည်း ယူကရိန်း အကျပ်အတည်းက အီးယူအား ဘက်ပေါင်းစုံမှ ဝါရှင်တန်နှင့် လိုက်လျောညီ ထွေနေခြင်းသည် ၎င်း၏အကျိုးစီးပွားကို ကောင်းကျိုးမပြုကြောင်းကို သဘောပေါက်လာကြောင်းနှင့် "ဘေဂျင်းနှင့် ဘရပ်ဆဲလ်တို့သည် အစောပိုင်း ကွဲပြားမှုအချို့မှ ဘုံတူညီသောမြေသို့ စတင်ပြောင်းလဲနေပြီ" ဟု Cui က ပြောကြားခဲ့သည်။ မီရှဲ၏ တရုတ်နိုင်ငံ ခရီးစဉ်သည် တရုတ်နိုင်ငံ၏ ခေါင်းဆောင်များနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချို့အကြား မကြာသေးမီက မကြာခဏ အပြန်အလှန် ဆက်ဆံမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ရှန်ဟိုင်းရှိ Fudan တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ Xue Xiaorong က "တရုတ်နိုင်ငံရဲ့ တံခါးဟာ ယုံကြည်ချက်နဲ့ ပူးပေါင်းဆောင်ရွက်လိုတဲ့ ဆန္ဒရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်လိုတဲ့ ပြည်သူတွေအတွက် တရုတ်နိုင်ငံရဲ့ တံခါးကို အမြဲဖွင့်ထားပါတယ်။ ပြောင်းလဲနေသော ဘက်စုံကမ္ဘာတွင် အားကောင်းနေရန်နှင့် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ ဩဇာကို ဆက်လက်ထိန်းသိမ်းထားလိုပါက "မဟာဗျူဟာမြောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးသည် အီးယူအတွက် တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည်" ဟု Xue က မကြာသေးမီက အွန်လိုင်းအမြင်ဆောင်းပါးတွင် ရေးသားခဲ့သည်။

EU leader's visit expected to boost ties – News – 云桥网英文 (yunnangateway.com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

……………………………………………………………………………………………

Agribusiness & Trade